# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


### ယောက်ျားအာဇာနည်

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက် ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၂၉၄)


# ကင်းထောက်တွေရဲ့ ကျင့်ဝတ်ဆယ်ပါးဆိုတာ ကိုယ်နေတဲ့ပတ်ဝန်းကျင်ကိုအကျိုးပြုအောင် ထုတ်ပေးထားတဲ့ ကျင့်ဝတ်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကတိခံယူပွဲတွင် ပြောကြား

ရန်ကုန် ဇူလိုင် ၂၀

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်အကြီးအကဲအဖြစ် ကတိခံယူပွဲသို့တက်ရောက်ပြီး ကတိခံယူကာ အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒေါက်တာ မျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒေါက်တာသန်းဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ကင်းထောက်ဖွဲ့စည်းပြီးသည့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ကင်းထောက်အဖွဲ့ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများ၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာတင်လှကြည်၊ မြန်မာနိုင်ငံ ကင်းထောက်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ကင်းထောက်မောင်မယ်များ၊ လူငယ်ကွန်ရက်နှင့် ရပ်ရွာအခြေပြု ကင်းထောက်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆

“ကင်းထောက်တွေရဲ့ ကျင့်ဝတ်ဆယ်ပါးဆိုတာ ကိုယ်နေတဲ့ပတ်ဝန်းကျင်ကို အကျိုးပြုအောင်လို့ ထုတ်ပေးထားတဲ့ကျင့်ဝတ်ဖြစ်ပါတယ်။ အဲဒါတွေကို လူငယ်တွေ လိုက်နာမယ်၊ တစ်သက်လုံးကိုယ်ဟာ ကင်းထောက်မဟုတ်တဲ့ အချိန်မှာတောင်မှ ဒီစံနှုန်းစံထားတွေဟာ နှလုံးသားထဲမှာ ကျန်ရစ်ခဲ့မယ်ဆိုရင် ကျွန်မတို့ နိုင်ငံအတွက်တင် မဟုတ်ဘူး၊ လူသားအားလုံးအတွက် ဒါဟာ အင်မတန်အကျိုးပြုတဲ့လုပ်ငန်းကြီးလို့ ကျွန်မ ပြောချင်ပါတယ်”



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် အကြီးအကဲအဖြစ် ကတိခံယူပွဲသို့ တက်ရောက် အမှာစကား ပြောကြားစဉ်။** သတင်းစဉ်



# လောကလူ့ဘောင် အကျိုးပြု ကင်းထောက်လူငယ် လှုပ်ရှားမှုများ

လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများဖြစ်သော စာရိတ္တမြှင့်တင်ရေးနှင့် စိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ကင်းထောက်လူငယ် (Scouts) အဖွဲ့အစည်းများကို အင်္ဂလန်နိုင်ငံတွင် ၁၉၁၆ ခုနှစ်အတွင်း စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံတွင်မူ ၁၉၁၆ ခုနှစ်တွင် အမျိုးသမီးကင်းထောက်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် ကင်းထောက်လူငယ်အဖွဲ့အစည်း အဆင့်ဆင့်တို့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ကင်းထောက်တို့သည် (၁)မိမိကိုးကွယ်သောဘာသာနှင့် တိုင်းပြည်အတွက် အကောင်းဆုံးအလုပ်လုပ်ပါမည်။ (၂)သူတစ်ပါးအားအချိန်မရွေး ကူညီပါမည်။ (၃)ကင်းထောက်ကျင့်ဝတ်(၁၀)ပါးကို အမြဲလိုက်နာထိန်းသိမ်းရန် စွမ်းအားရှိသမျှ ဆောင်ရွက်ပါမည်ဟူသော သုံးပါးသော ကတိကို မိမိတို့၏ ဂုဏ်သိက္ခာအား ပဋိညာဉ်ပြု၍ ကတိပြုကြရသည်။ ကင်းထောက်တို့၏ ကျင့်ဝတ်(၁၀)ပါးမှာ ကင်းထောက်၏ ဂုဏ်သိက္ခာသည် ယုံကြည်စိတ်ချရသည်။ ကင်းထောက်သည် သစ္စာရှိသည်။ ကင်းထောက်သည် သူတစ်ပါးကိုကူညီသည်။ ကင်းထောက်သည် ကမ္ဘာ့နိုင်ငံကင်းထောက်များနှင့် ခင်မင်ရင်းနှီးသည်။ ကင်းထောက်သည် ယဉ်ကျေးသိမ်မွေ့သည်။ ကင်းထောက်သည် တိရစ္ဆာန်များကို ကြင်နာသနားတတ်သည်။ ကင်းထောက်သည် နာခံတတ်သည်။ ကင်းထောက်သည် အခက်အခဲအပေါင်းကို သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းသည်။ ကင်းထောက်သည် ချွေတာသည်။ ကင်းထောက်သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးသန့်ရှင်းသည်ဟူ၍ ဖြစ်သည်။ ထို့ပြင် အဓိဋ္ဌာန်(၃)ချက်နှင့် စည်းကမ်း(၁၀)ချက်တို့လည်း ရှိသေးသည်။

"ကင်းထောက်တွေရဲ့ ကျင့်ဝတ်ဆယ်ပါးဆိုတာ ကိုယ်နေတဲ့ ပတ်ဝန်းကျင်ကို အကျိုးပြုအောင်လို့ ထုတ်ပေးထားတဲ့ ကျင့်ဝတ်ဖြစ်ပါတယ်။ အဲဒါတွေကို လူငယ်တွေလိုက်နာမယ်။ တစ်သက်လုံး ကိုယ်ဟာ ကင်းထောက်မဟုတ်တဲ့အချိန်မှာတောင်မှ ဒီစံနှုန်းစံထားတွေဟာ နှလုံးသားထဲမှာ ကျန်ရစ်ခဲ့မယ်ဆိုရင် ကျွန်မတို့နိုင်ငံအတွက်တင် မဟုတ်ဘူး။ လူသားအားလုံးအတွက် ဒါဟာအင်မတန်အကျိုးပြုတဲ့လုပ်ငန်းကြီးလို့ ကျွန်မ ပြောချင်ပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဇူလိုင် ၂၀ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် အကြီးအကဲအဖြစ် ကတိခံယူပွဲသို့ တက်ရောက်ပြီး ကတိခံယူကာ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

စင်စစ်အားဖြင့် ကင်းထောက်လုပ်ငန်းသည် ကလေးငယ်များကို ငယ်စဉ်ကပင်စတင်၍ လူတော်လူကောင်းများ၊ လူချွန်လူမွန်များ ဖြစ်လာစေရန် စနစ်တကျ ပြုစုပျိုးထောင်ပေးသည့် လုပ်ငန်းပင်ဖြစ်သည်။ ကင်းထောက်လှုပ်ရှားမှုများသည် လူငယ်များ၏ လှုပ်ရှားမှုများဖြစ်ပြီး လူငယ်တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးကို မြင့်မားစေနိုင်သကဲ့သို့ နေထိုင်ရာ ရပ်ရွာ၊ ပတ်ဝန်းကျင်နှင့်တကွ နိုင်ငံအကျိုး၊ လူသားတို့၏ အကျိုးနှင့်တကွ သဘာဝပတ်ဝန်းကျင်တစ်ခုလုံး၏ အကျိုးတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်သည့် မွန်မြတ်သောလုပ်ငန်းများပင်ဖြစ်သည်။

ငယ်ငယ်က ကင်းထောက်တစ်ဦးသည် တစ်သက်တာ ကင်းထောက်များပင် ဖြစ်သည့်အလျောက် ဘဝတစ်လျှောက်တွင်လည်း ကောင်းသော ကိုယ်ရည်ကိုယ်သွေးများဖြင့် ဘဝကိုလည်းကောင်း၊ လောကကိုလည်းကောင်း ရင်ဆိုင်ဖြတ်ကျော်သွားနိုင်ကြသည်လည်း ဖြစ်သည်။ ထို့ပြင် ကင်းထောက်တို့၏ စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်၊ အများအကျိုးကို သယ်ပိုးထမ်းရွက်လိုသော စိတ်ဓာတ်များက လောကကို အလှဆင်နိုင်ခြင်းဖြစ်သည့်အလျောက် လူငယ် လူရွယ်ထုအတွင်း ကင်းထောက်လှုပ်ရှားမှုများ တိုးတက်ပြန့်ပွားနိုင်ပါစေကြောင်း။ ။

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၈၂)ကြိမ်မြောက်
ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး

၂၀၁၉ခုနှစ်၊ ဇူလိုင်(၂၄)ရက်မှ (၂၅)ရက်အထိ စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်

## မြင်းခြံမြို့၌ စာအုပ်ဈေးရောင်းပွဲ ကျင်းပမည်

**မြင်းခြံ ဇူလိုင် ၂၀**

မြင်းခြံမြို့တွင် စာအုပ်ဈေးရောင်းပွဲကို ပြုလုပ်သွားမည်ဖြစ်ရာ လာရောက်ကြသည့် စာအုပ်ဝယ်ယူသူများနှင့် အတူပါလာသည့် ကလေးများ၊ ကျောင်းသား ကျောင်းသူများအတွက် ပြိုင်ပွဲများနှင့် ပျော်ရွှင်စရာ ဂိမ်းကစားနည်းများ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမြင့်က စာအုပ်ဈေးရောင်းပွဲတွင် ကျောင်းသားကျောင်းသူများအတွက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပုံတူပန်းချီဆွဲပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပပေးသွားမည်ဖြစ်ကြောင်းနှင့် ဆုများလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

အဆိုပါစာအုပ်ဈေးရောင်းပွဲကို ဇူလိုင် ၂၂ ရက်မှ ၂၆ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုအကြိမ် စာအုပ်ရောင်းချခြင်းမှာ ဒုတိယအကြိမ် လာရောက်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## စစ်တွေမြို့နယ်၌ မုတ်သုံရာသီအတွက် အရေးပေါ်စီမံချက်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**စစ်တွေ ဇူလိုင် ၂၀**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ် မုတ်သုံရာသီအတွက် အရေးပေါ် စီမံချက်ရေးဆွဲခြင်း အလုပ်ရုံ ဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက်မှ ၂၀ ရက်အထိ စစ်တွေဟိုတယ်၌ ကျင်းပသည်။




စစ်တွေမြို့နယ်၌ မုတ်သုံရာသီအတွက် အရေးပေါ်စီမံချက်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယအထွေထွေ အတွင်းရေးမှူး ဒေါက်တာဒေါ်ညိုညိုဝင့်က ရခိုင်ပြည်နယ်သည် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် မြစ်ကမ်းပါးတိုက်စားခြင်း၊ မီးလောင်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ရေကြီးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ နှစ်စဉ် ဖြစ်ပွားလေ့ရှိသဖြင့် သဘာဝဘေးအန္တရာယ်ကို အထူးသတိထားရသော ဒေသတစ်ခုဖြစ်ကြောင်း၊ မုတ်သုံရာသီအတွင်း ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်လေ့ရှိပြီး အလယ်အလတ်မှ အင်အားကြီး သဘာဝဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေမှာ မြင့်တက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သမိုင်းကြောင်းနှင့် ၂၀၁၉ ခုနှစ်အတွက် ကျရောက်နိုင်မည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ကူညီဆောင်ရွက်ခြင်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရန် အစီအစဉ်များစသည့် အကြောင်းအရာများအား တက်ကြွစွာ လက်တွေ့ကျကျ ပူးပေါင်းပါဝင်ဆွေးနွေးစေလိုကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း အသင်းအနေဖြင့် နှစ်စဉ်ပုံမှန် Update ပြုလုပ်ရန် အစီအစဉ်ရှိကြောင်း၊ မြို့နယ်ကြက်ခြေနီအသင်းခွဲများမှ တပ်ဖွဲ့ဝင်များက မိမိတို့မြို့နယ် အသင်းခွဲနှင့် တပ်ဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် တပ်ဖွဲ့ဝင်များ စည်းရုံးလှုံ့ဆော်မှုများကို အမြဲမပြတ် ဆောင်ရွက်ကြရန် လိုအပ်ပြီး ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အလယ်အလတ်ပြင်းအားရှိ သဘာဝဘေးအန္တရာယ်များအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ထုံးလုပ်နည်းများ၊ သဘာဝဘေး ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုတို့အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စွမ်းဆောင်ရည်များ၊ အရေးပေါ်အစီအစဉ်၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနှင့် အဓိက အချက်အလက်များ၊ ရခိုင်ပြည်နယ်၏ သမိုင်းကြောင်း အခြေအနေ၊ ၂၀၁၉ ခုနှစ်အတွက် ဆိုင်ကလုန်း မုန်တိုင်း၊ မုတ်သုံ၊ ရေကြီးမှုများနှင့် ပတ်သက်၍ အကြမ်းဖျင်းသုံးသပ်ခြင်း၊ အစိုးရ၏ သဘာဝဘေး စီမံခန့်ခွဲမှုစနစ်၊ ကျန်းမာရေးဆိုင်ရာ အစီအစဉ်များ၊ ရခိုင်ပြည်နယ် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကွန်ရက်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရုံးခွဲများ၏ သဘာဝဘေးကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ရေး အတွေ့အကြုံများကို မျှဝေခြင်း၊ လုံခြုံရေးအစီအစဉ်များကို ကဏ္ဍအလိုက်အုပ်စုလိုက် ဆွေးနွေးခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ကာ ဆွေးနွေးခဲ့ကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

### ထင်သာမြင်သာပြုပြင်စရာ

## သီပေါမြို့ နမ့်ပေါ့ချောင်းကူးတံတား ပြုပြင်ပေးစေလို

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ဇာတ်စုရပ်ကွက်နှင့် မြို့လယ်ရပ်ကွက်များသို့ ပေါင်းကူးဆက်သွယ်ပေးသည့် နမ့်ပေါ့ချောင်းကူးတံတားမှာ ယမန်နှစ်မိုးရာသီက မိုးရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် တံတားအလယ်ခန်းဖွဲ့မှု ကျွံကျပျက်စီးသွားသဖြင့် ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည်။

သို့ဖြစ်၍ သွားလာမှုအဆင်ပြေချောမွေ့ရေးအတွက် အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် ရပ်ကွက်နေပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



နမ့်ပေါ့ချောင်းကူးတံတား ကျွံကျနေသည်ကို တွေ့ရစဉ်။



မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် အကြီးအကဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နာယကများ၊ ကင်းထောက်ချုပ်များ၊ ကင်းထောက်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ကင်းထောက် မောင်မယ်များနှင့် တက်ရောက်လာကြသူများက ဂါရဝပြုအလေးပြုကြစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

အခမ်းအနားမစတင်မီ တက်ရောက်လာကြသူများက နိုင်ငံတော်သီချင်းသီဆိုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

**ဖွင့်လှစ်**

ထို့နောက် ကင်းထောက်လူငယ်မောင်မယ်များက "ကင်းထောက်ဂုဏ်ရည်" သီချင်းသီဆိုပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

**အကြီးအကဲအဖြစ်ကတိခံယူ**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နာယကများ၊ ကင်းထောက်ချုပ်များ၊ ကင်းထောက်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများဝန်းရံ၍ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် အကြီးအကဲအဖြစ်ကတိခံယူသည်။

**ဂါရဝပြုအလေးပြု**

ထို့နောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် အကြီးအကဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် နာယကများ၊ ကင်းထောက်ချုပ်များ၊ ကင်းထောက်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ကင်းထောက်မောင်မယ်များနှင့် တက်ရောက်လာကြသူများက ဂါရဝပြုအလေးပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် အကြီးအကဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကင်းထောက်အကြီးအကဲအနေနဲ့ ဂုဏ်ပြုတဲ့အတွက် အင်မတန်မှကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့ ကျွန်မကင်းထောက် အကြီးအကဲတာဝန်ကို လက်ခံရသလဲ၊ ဒီလိုလက်ခံရခြင်းဟာ ကျွန်မအတွက် အင်မတန်မှ ဂုဏ်ယူစရာကိစ္စဖြစ်သလဲဆိုတာ ရှင်းပြချင်ပါတယ်။ အဓိကအခြေခံအချက်နှစ်ချက်ရှိပါတယ်။ တစ်ခုကတော့ မိသားစုအစဉ်အလာကို ထိန်းသိမ်းတယ်လို့ပြောရင်လည်း မမှားပါဘူး။ ကျွန်မရဲ့မိခင် ဒေါ်ခင်ကြည်က ကင်းထောက်အမျိုးသမီးဖြစ်ခဲ့ပါတယ်။ ကျွန်မတို့ငယ်ငယ်ကတည်းက ကင်းထောက်အဖွဲ့ထဲဝင်ပြီးတော့ ကင်းထောက်အနေနဲ့ လှုပ်ရှားခဲ့တာ ဖြစ်ပါတယ်။ ဒါကတော့ အစဉ်အလာပါ။ အစဉ်အလာဆိုတာ မေမေတစ်ယောက်တည်း မဟုတ်ပါဘူး၊ မေမေ့ရဲ့ မိတ်ဆွေအသိုင်းအဝိုင်းက သမီးတွေကလည်း ကျွန်မတို့လိုပဲ ကင်းထောက်အဖွဲ့ထဲ ဝင်ခဲ့တဲ့မိတ်ဆွေတွေ အများကြီးရှိပါတယ်။

**စံနှုန်းစံထားတွေကိုထိန်းသိမ်းထား**

ကျွန်မတို့ဟာ မိသားစုတစ်ခုရဲ့ အစဉ်အလာသာမဟုတ်ဘဲနဲ့ မိသားစုပေါင်းများစွာ၊ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် မျိုးဆက်တစ်ခုရဲ့အစဉ်အလာလို့လည်း ဆိုလို့ရပါတယ်။ ဒါကြောင့်မို့ ကျွန်မအနေနဲ့ ကင်းထောက်အကြီးအကဲနေရာကို တာဝန်ယူလက်ခံရတာ အင်မတန်ကို ဂုဏ်ယူပါတယ်။ ဒုတိယအချက်က ပိုပြီးအရေးကြီးပါတယ်၊ ကင်းထောက် တစ်ယောက်အနေနဲ့ လုပ်ဆောင်ခဲ့တဲ့ ကိစ္စ၊ ကင်းထောက်အစုအဖွဲ့နဲ့ လုပ်ဆောင်ခဲ့တဲ့ ကိစ္စတွေကို ပြန်စဉ်းစားလိုက်တဲ့အခါ ကျွန်မအနေနဲ့ နောင်တရစရာဘာမှ မရှိဘူး။ လိပ်ပြာမသန့်စရာ ဘာမှမရှိဘူး၊ ကျွန်မတို့အတူ လုပ်ခဲ့တဲ့ကိစ္စတွေဟာ သန့်သန့်ရှင်းရှင်း၊ ပျော်ပျော်ရွှင်ရွှင်၊ ကောင်းကောင်းမွန်မွန် ဖြစ်ခဲ့တယ်ဆိုတာ နှစ်ပေါင်း ၅၀ ကျော်မှာ ပြန်ပြီး စဉ်းစားလိုက်တဲ့အခါကျတော့ ကွက်ကွက်ကွင်းကွင်း ပေါ်လာပါတယ်။ အဲဒီတုန်းက ကျွန်မတို့နဲ့အတူ ကင်းထောက်ထဲမှာလုပ်ခဲ့တဲ့ သူငယ်ချင်းမိတ်ဆွေတွေကလည်း အခုထိအရင်တုန်းက စံနှုန်းစံထားတွေကို ထိန်းသိမ်းထားခဲ့တယ်ဆိုတာ သတိပြုမိပါတယ်။

ကျွန်မတို့ ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့၊ ကျွန်မတို့ ငယ်ငယ်တုန်းက နှလုံးသွင်းခဲ့ရတဲ့ စံနှုန်းစံထားတန်ဖိုးထားမှုတွေဟာအခုထက်ထိ ကျန်နေသေးတယ်ဆိုတာ အင်မတန်မှ ဝမ်းသာစရာ သတိပြုမိပါတယ်။ ကျွန်မကင်းထောက်လှုပ်ရှားမှုကို အားပေးချင်တယ်ဆိုတာ ကျွန်မတို့ ငယ်ငယ်တုန်းကလိုပဲ အခုကင်းထောက်မောင်မယ်များဟာ စောစောစီးစီး စိတ်ထားတွေနုနယ်တဲ့ အချိန်မှာ၊ အတွေးအခေါ်တွေနုနယ်တဲ့ အချိန်မှာ မှန်မှန်ကန်ကန်လမ်းပေါ်ကို ရောက်သွားရင် တစ်သက်လုံး ဒါဟာအကျိုးဖြစ်တယ်။ ကျွန်မတို့အတွက်တင်မကဘဲ ကျွန်မတို့ ပတ်ဝန်းကျင်အတွက်လည်း အကျိုးဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ကင်းထောက်လှုပ်ရှားမှုနဲ့ပတ်သက်ရင် အပတ်စဉ် အပတ်စဉ်၊ အဖွဲ့လိုက် အဖွဲ့လိုက်စုပြီး အစည်းအဝေးလုပ်ပါတယ်။ ကင်းထောက်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ကျွန်မတို့ ဆရာမကြီးများက သင်ပေးပါတယ်။ ကျွန်မတို့ ကင်းထောက်တွေ ဒီလိုစုဝေးတဲ့အခါမှာ စာသင်တဲ့ကိစ္စ တစ်ခုတည်းတင်မဟုတ်ပါဘူး။ အင်မတန်မှ ပျော်စရာကောင်းပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် မိတ်ဖွဲ့ဖို့ အခွင့်အရေးလည်းရတယ်။ သီချင်းတွေလည်း အမျိုးမျိုးသင်ပေးတယ်။ သီချင်းတော်တော်များများကတော့ ကျွန်မတို့ကိုပညာပေးတဲ့ သီချင်းတွေဖြစ်ပါတယ်။မနေ့တုန်းက အာဇာနည်နေ့ဖြစ်တဲ့အတွက် နှစ်စဉ်လုပ်တဲ့အတိုင်းပဲ ဘာသာစုံဆုတောင်းပွဲလည်း ကျင်းပပါတယ်။ ဘာသာစုံဆုတောင်းပွဲ လုပ်တဲ့အခါမှာ သီဆိုတဲ့ ဓမ္မသီချင်းဟာ ကင်းထောက်အစုအဖွဲ့ထဲမှာ သင်ခဲ့ရတဲ့ သီချင်းပါ။ ကျွန်ုပ်တို့ ယုံကြည်သောသူများကြောင့် ဖြောင့်မတ်တယ်ဆိုတာ အဲဒီလိုသီချင်းတွေ သင်ပေးတာဟာ ကျွန်မတို့ရဲ့ ခေါင်းထဲမှာ တန်ဖိုးထား စွဲစွဲမြဲမြဲဖြစ်သွားအောင် သင်ပေးတာပဲ ဖြစ်ပါတယ်။ နောက်တစ်ခုက ကင်းထောက်အကြီးအကဲအနေနဲ့ ကတိသစ္စာပြုတဲ့အခါမှာ ကတိပြုတာနဲ့ပတ်သက်လို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ကင်းထောက်တစ်ယောက်အနေနဲ့ နားလည်ခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားသည်။

**သေသေချာချာစဉ်းစားပါ**

ဆက်လက်၍ ကင်းထောက်အကြီးအကဲ ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ကို ဆရာမကြီးများက သွန်သင်ဆုံးမခဲ့တယ်။ သင်ပေးခဲ့တဲ့ သီချင်းတစ်ခုကတော့ အင်္ဂလိပ်လို တိုတိုပါပဲ။ အဓိပ္ပာယ်ကတော့ ကတိတစ်ခုကို မပြုခင် သေသေချာချာ လေးလေးနက်နက် စဉ်းစားပါ၊ ဒီကတိကို ကိုယ်ပြုနိုင်လား ဆိုတာဒီကတိကို တည်နိုင်တဲ့ အနေအထားရှိသလား၊ သတ္တိအင်အားရှိသလား၊ သေသေချာချာစဉ်းစားပါ။ ပြုပြီးရင်တော့ တစ်သက်တာ ကိုယ့်ရဲ့ နှလုံးသားပေါ်မှာ ထိန်းထားရမယ်ဆိုတာ အဲဒီလိုသင်ပါတယ်။ ကျွန်မတို့ ဒီသီချင်းလေးကို ခဏခဏဆိုရတယ်။ ဒီအတိုင်းပဲ အခုဆိုရင် ကင်းထောက်များရဲ့ညီညာစွာ သီချင်းကို သင်လားမသိဘူး။ ကျွန်မတို့ ငယ်ငယ်တုန်းက အဲဒါလည်းသင်ရတယ်။ ကင်းထောက်များရဲ့ ညီညာစွာ ကတိသုံးပါးထားပေးပါ။ ပြုဖွယ်ကိစ္စ အများစုမှာ သမာဓိတည်ကြည်စွာ၊ လူတိုင်းချစ်ခင်ချစ်ကြည်စွာ၊ ယဉ်ကျေးသိမ်မွေ့ စိတ်စေတနာထားပါ။ အများကို ကူညီပါ။ ကျွန်ုပ်တို့ ကျင့်ဝတ်တော် ဆယ်ပါးကို အဆင့်ဆင့်လိုက်နာပါ၊ နေရာမရွေးကူညီပေးမည်၊ ကတိတည်ပါမည်၊ ဒီလိုပဲ ကျွန်မတို့ကို သင်ပေးလိုက်တဲ့ သီချင်းလေးတွေဟာ စွဲစွဲမြဲမြဲအခုချိန်ထိ ခေါင်းထဲမှာ အမြဲတမ်းစွဲနေတယ်။ နောက်ပိုင်းမှာ ဆိုတယ်ဆိုတဲ့ ကမ္ဘာ့ကင်းထောက် သီချင်း World Song အဲဒါဆိုလည်း အခုထက်ထိ မှတ်မိပါတယ်။

ဒီလိုသီချင်းတွေကို သီခြင်းအားဖြင့် ကင်းထောက်တွေရဲ့စံနှုန်းစံထားတွေဟာ မှန်တယ်ဆိုတဲ့ ကင်းထောက်တွေရဲ့ အကြောင်းမသိတဲ့ပုဂ္ဂိုလ်တွေ နားလည်နိုင်မှာ ဖြစ်ပါတယ်။ကမ္ဘာ့ကင်းထောက် သီချင်းတွေမှာဆိုရင်လည်း အင်မတန်မှ မြင့်မြတ်တဲ့စိတ်ထားတွေ ပါပါတယ်။




မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် အကြီးအကဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကင်းထောက်လူငယ်မောင်မယ်များက ဂါရဝပြုအလေးပြုကြစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကျွန်မတို့ ကင်းထောက်ကလေးတွေ အနေနဲ့ ကြီးလာတဲ့အခါ တစ်ပတ်တစ်ခါ စုဝေးတယ်၊ ကျွန်မအခုဆိုရင် မကြာခဏ ပြောရတယ်။ အခုခေတ်မှာ လူတိုင်းက ခေါင်းဆောင်ချည်းပဲ လုပ်ချင်တာပဲ။ သင်တန်းတွေကလည်း ခေါင်းဆောင် သင်တန်းအမျိုးမျိုး၊ လူငယ်ခေါင်းဆောင်၊ အမျိုးသမီးခေါင်းဆောင်၊ တိုင်းရင်းသား ခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ ခေါင်းဆောင်အမျိုးမျိုးပဲ၊ ကျွန်မက ပြောတယ်၊ နောက်လိုက်တွေက ဘယ်မှာ ရှိမလဲ၊ အားလုံးကခေါင်းဆောင်ပဲ လုပ်ပြီး ပြီ၊ အစုအဖွဲ့နဲ့လုပ်တတ်အောင် သင်ပေး ပါ။ ကင်းထောက်ရဲ့ လှုပ်ရှားမှုကဒါပဲ။ အစုအဖွဲ့နဲ့ လုပ်တော့ရော ခေါင်းဆောင် မရှိဘူးလား၊ ရှိပါတယ်။ သူ့ဟာသူ ပေါ်လာတာ၊ သူ့နေရာနဲ့သူ ဘယ်သူက ဒီတာဝန်ကို ထမ်းဆောင်နိုင်သလဲ ဆိုတာ၊ တာဝန်တွေကို ပေးတာလည်း ကင်းထောက်အဖွဲ့လေးတွေ ထဲမှာဆိုရင် ခေါင်းဆောင်ရှိတယ်၊ ဒုတိယခေါင်း ဆောင်ရှိတယ်၊ ကျန်တဲ့သူတွေ က ငါတို့က သူတို့အောက်က နောက်လိုက်တွေပဲဆိုပြီး အဲဒီလိုလည်း မဟုတ်ဘူး။ အားလုံး ဝိုင်းဝန်းပြီးတော့ အင်အားစုပေးတဲ့ သူတွေ၊ သူငယ်ချင်းတွေ၊ အဲဒါက ကင်းထောက် လှုပ်ရှားမှုရဲ့အားသာချက် ပဲ။ အားလုံးက တန်းတူညီတူပဲ။ ကင်းထောက်အားလုံးက မိတ်ဆွေတွေ၊ သူငယ်ချင်းတွေဆိုတော့ တန်းတူညီတူပဲ။ ခေါင်းဆောင်ကနေပြီး နောက်လိုက် တွေကို ဟိုဟာလုပ်၊ ဒီဟာလုပ် လုပ်ခိုင်းတဲ့ ဟာမျိုးလည်း မဟုတ်ဘူး။

**တန်ဖိုးကြီးတဲ့စံနှုန်းစံထား**

ကင်းထောက်တွေရဲ့ ကတိထဲ မှာဆိုရင် အမြဲဘယ်သူ့ကိုမဆို နေရာ မရွေးကူညီမယ်ဆိုတဲ့ ကိုယ့်အချင်းချင်း ကနေ စရပါတယ်။ လက်တွဲမယ်၊ ကိုယ့်အချင်းချင်း ကူညီမယ်၊ ကိုယ့် အချင်းချင်း ပျော်ရွှင်အောင်လုပ်ပေးမယ်။ ကျွန်မတို့ ဒီလိုပဲ လုပ်ခဲ့ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ် ခင်ခင်၊ ပျော်ပျော်ရွှင်ရွှင်၊ ညီညီညာညာ ကူညီပြီးတော့ လှုပ်ရှားခဲ့တာပျော်လည်း ပျော်တယ်။ တောစခန်းထွက်တယ်ဆိုရင် အင်မတန်မှ ပျော်စရာကောင်းပါတယ်။ ကျွန်မတို့ ဆရာမကြီးတွေကလည်း တကယ့်ကင်းထောက်တန်ဖိုးတွေနဲ့ ပြည့်ဝ တဲ့ ဆရာမကြီးတွေဆိုတော့ ကင်းထောက် ကလေးတွေကို စိတ်ချမ်းသာအောင် လည်း ထားတတ်တယ်။ တကယ်ကို တန်ဖိုးကြီးတဲ့ စံနှုန်းစံထားတွေကို နှလုံး သွင်း တတ်အောင်လို့လည်း လုပ်ပေးတတ် ပါတယ်။ ဒါတင် မကဘူး၊ မိသားစုတွေကိုပါ ဒီထဲကို သိမ်းသွင်းတဲ့ အခြေအနေရောက် လာပါတယ်။

**လက်မှုပညာသင်ပေး**

တောစခန်းထွက်တယ်ဆိုရင် အများ အားဖြင့် ၁၀ ရက်ကနေ နှစ်ပတ်အထိ ထွက်ကြပါတယ်။ ၁၀ ရက်၊ နှစ်ပတ် လောက်ဆိုရင် လုံလောက်တယ်မဟုတ်ရင် တောင်မှ ကျေနပ်ကြပါတယ်။ အဲဒီမှာဆို ရင် ရွက်ဖျင်တဲလေးတွေနဲ့ နေတယ်။ ဆရာမတွေက အင်းလျားကန်စောင်းမှာ တောစခန်းချတယ်ဆိုရင် မြေတူးဖို့ သင်ပေးတယ်၊ တစ်နေ့လုံးစည်းကမ်းနဲ့ နေရတယ်။ ထချိန်ထရတယ်၊ နံနက်မှာ ဆိုရင် နိုင်ငံတော်အလံအလေးပြုရတယ်၊ စားချိန်စားရတယ်၊ အလုပ်လုပ်ချိန် အလုပ်လုပ်ရတယ်၊ လက်မှုပညာလေးတွေ သင်ပေးတယ်။ ညနေပိုင်းမှာဆိုရင် မီးပုံ ပွဲမှာ အားလုံးဝိုင်းပြီး သီချင်းဆိုကြတယ်။

**ကင်းထောက်လှုပ်ရှားမှုအခြေခံ**

မီးပုံပွဲမှာ ကင်းထောက်လှုပ်ရှားမှုရဲ့ ဆရာမကြီးတွေရော ကင်းထောက် လှုပ်ရှားမှုရဲ့ အဓိက အခြေခံအားဖြင့် ပညာပါတယ်လို့ပြောရမယ်ဆိုရင် မီးပုံပွဲ မှာ ပျော်စရာအကောင်းဆုံးနေရာမှာ လည်း အရေးကြီးဆုံး၊ အလေးနက်ဆုံးကိစ္စ လုပ်စရာရှိရင်လုပ်တယ်။ ပျော်စရာလည်း ရှိသလို ဒွန်တွဲပြီးတော့ ကိုယ့်တာဝန် မကျေရင် ကိုယ်မလုပ်ရင် ပေးဆပ်ရမယ် ဆိုတာလည်း ကောင်းကောင်း သဘော ပေါက်သွားတယ်။ ဒါပေမယ့်လည်း ဒေါသနဲ့မဟုတ်ဘူး၊ နားလည်မှုနဲ့၊ ကြင်နာ မှုနဲ့ ဆုံးမခဲ့ပါတယ်။ ကင်းထောက်လှုပ်ရှား မှုရဲ့အခြေခံကတစ်ယောက်နဲ့တစ်ယောက် စိတ်ချမ်းသာမှုပေးခြင်းပဲ ဖြစ်ပါတယ်။

ကျွန်မတို့ ကတိသစ္စာပြုလိုက်တဲ့ အခါမှာ ကိုယ်ကိုးကွယ်တဲ့ဘာသာ၊ ကိုယ့်ရဲ့တိုင်းပြည်အတွက် အကောင်းဆုံး ဆောင်ရွက်မယ်ဆိုတာလည်း စိတ် ချမ်းသာမှုပေးချင်လို့ပါပဲ။ ကိုယ့်ရဲ့ဘာသာ ဝင်တွေ၊ ကိုယ်နဲ့မတူညီတဲ့ ဘာသာဝင် တွေ၊ ကိုယ့်တိုင်းသူပြည်သားတွေ စိတ်ချမ်းသာမှုပေးချင်လို့ ကျွန်မတို့က အကောင်းဆုံးလုပ်ဆောင်တယ်လို့ ကတိ ပြုတာပါ။ ကျွန်မတို့က အချိန်မရွေး ကူညီ မယ်ဆိုတာကလည်း အများကို ကူညီချင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ်အတွင်းရှိ ကံ့ကော်ဥယျာဉ်အတွင်း၌ အထိမ်းအမှတ် ကံ့ကော်ပင်အား စိုက်ပျိုးပေးစဉ်။ သတင်းစဉ်

တယ်ဆိုတာ စိတ်ချမ်းသာမှုပေးချင်လို့ ကူညီမယ်လို့ ကတိပြုတာဖြစ်ပါတယ်။ ကျင့်ဝတ်ဆယ်ပါးကလည်း ဒီလိုပဲ၊ အများ အကျိုးအတွက်ကောင်းဖို့ ဦးတည်တဲ့ ဟာ ဖြစ်ပါတယ်။ ဥပမာဆိုရင် ယဉ်ကျေး သိမ်မွေ့ရမယ်ဆိုတာပါတယ်။ ယဉ်ကျေး သိမ်မွေ့ရမယ်ဆိုတာ ကျင့်ဝတ်တစ်ခုဆို တာ လူတော်တော်များများက နားမလည် မသိကြဘူး။ ဒါက တကယ်တော့ ကျင့်ဝတ် တစ်ခုပါ။ လူ့အသိုင်းအဝိုင်းမှာ အေးချမ်းဖို့၊ လူ့အသိုင်းအဝိုင်းမှာ တည်ငြိမ်ဖို့ဆိုရင် ယဉ်ကျေးသိမ်မွေ့ရမယ်။ တချို့တွေက ယဉ်ကျေးသိမ်မွေ့တာကို ခေတ်မရှိဘူး ရှေးဆန်တယ်လို့ထင်ကြတယ်။ အခုခေတ် က ခပ်ပြတ်ပြတ် ခပ်မာမာ ခပ်ရိုင်းရိုင်း လေး ဆက်ဆံတာကိုပဲ ခေတ်မီတယ်၊ သိပ်ပြီးတက်ကြွတယ်လို့ ထင်ကြတယ်။ ဒါဟာ ရိုင်းတာက ရိုင်းတာပဲ၊ တက်ကြွ တာက တက်ကြွတာပဲ မတူပါဘူး။

**ကျင့်ဝတ်ဆယ်ပါး**

ဒါကြောင့်မို့ ကင်းထောက်တွေရဲ့ ကျင့်ဝတ်ဆယ်ပါးဆိုတာ ကိုယ်နေတဲ့ ပတ်ဝန်းကျင်ကို အကျိုးပြုအောင်လို့ ထုတ်ပေးထားတဲ့ ကျင့်ဝတ်ဖြစ်ပါတယ်။ အဲဒါတွေကို လူငယ်တွေ လိုက်နာမယ်၊ တစ်သက်လုံး ကိုယ်ဟာ ကင်းထောက် မဟုတ်တဲ့အချိန်မှာတောင်မှ ဒီစံနှုန်း စံထားတွေဟာ နှလုံးသားထဲမှာ ကျန်ရစ် ခဲ့မယ်ဆိုရင် ကျွန်မတို့ နိုင်ငံအတွက်တင် မဟုတ်ဘူး၊ လူသားအားလုံးအတွက် ဒါဟာ အင်မတန် အကျိုးပြုတဲ့လုပ်ငန်းကြီး လို့ ကျွန်မပြောချင်ပါတယ်။ ဒါကြောင့်မို့ ကျွန်မအနေနဲ့ အခုဆိုရင် မြန်မာနိုင်ငံက ကင်းထောက်များ အကြီးအကဲဆိုတဲ့ ကိုယ့်ကိုပေးလိုက်တဲ့ ဂုဏ်ပုဒ်ကို တန်ဖိုး ထားပါတယ်။ ဒီလို ကင်းထောက်တွေနဲ့ လုပ်ကိုင်လှုပ်ရှားနေတဲ့ ကာလပတ်လုံး ကျွန်မတို့ရဲ့ ကင်းထောက်အဖွဲ့သာမက၊ ကျွန်မတို့နိုင်ငံသာမက တစ်ကမ္ဘာလုံး အတွက် ချမ်းသာသုခတွေ ပွားများစေဖို့ အတွက်၊ ကောင်းတဲ့ စံနှုန်းစံထားတွေ ပွားများစေဖို့အတွက် လုပ်နိုင်ပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းရင်း၊ ကင်းထောက်တွေ အတွက်လည်း ဆုတောင်းရင်းနဲ့ နိဂုံးချုပ်ပါတယ်”ဟု ပြော ကြားသည်။

ယင်းနောက် ကင်းထောက်အမျိုးသမီးငယ်များက World Song သီချင်း ဖြင့် လည်းကောင်း၊ ကင်းထောက်လူငယ် မောင်မယ်များက ငြိမ်းချမ်းရေး၏ သံတမန်များ တေးသရုပ်ဖော်ဖြင့် လည်းကောင်း ဂုဏ်ပြုသီဆိုဖျော်ဖြေကြ သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် ကင်းထောင်လူငယ် မောင်မယ်များနှင့်လည်းကောင်း၊ မြန်မာ နိုင်ငံကင်းထောက်အဖွဲ့ချုပ်နာယကများ၊ ကင်းထောက်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် လည်းကောင်း၊ ကင်းထောက်ဖွဲ့စည်းပြီးသည့် တက္ကသိုလ် များမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ် ကင်းထောက်အဖွဲ့ဥက္ကဋ္ဌများ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ကင်းထောက်ကြီးများနှင့် လည်းကောင်း၊ လူငယ်ကွန်ရက်နှင့် ရပ်ရွာအခြေပြု ကင်းထောက်များနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရန်ကုန် တက္ကသိုလ်သို့ရောက်ရှိရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပင်းယ ဆောင်၊ ပဲခူးဆောင်နှင့် ရန်ကုန်တက္ကသိုလ် အတွင်း ပြင်ဆင်မွမ်းမံမှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် ပဲခူးဆောင်၌ နေထိုင်နေ ကြသည့် ကျောင်းသားများအားတွေ့ဆုံပြီး လက်ရှိနေထိုင်နေရသည့် အခြေအနေ များအားမေးမြန်းကာ အခက်အခဲရှိပါက ကျောင်းသားများအနေဖြင့် ပွင့်ပွင့် လင်းလင်း အကြံပြုနိုင်ကြောင်း ပြော ကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရန်ကုန် တက္ကသိုလ်အတွင်း ကျောင်းသား ကျောင်းသူများ အပန်းဖြေအနားယူနိုင် ရန် အသစ်တည်ဆောက်ထားသည့် ကံ့ကော်ဥယျာဉ်အတွင်း၌ အထိမ်းအမှတ် ကံ့ကော်ပင်အား စိုက်ပျိုးပေးသည်။

**သတင်းစဉ်**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ အကြိမ် (၂၀) မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံ ခန့်ခွဲရေးဗဟိုကော်မတီ၏ အကြိမ်(၂၀) မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၈ ရက်က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။ **(ယာပုံ)**



ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက လုပ်ကိုင်ခွင့်အသုံးပြုခွင့်ရ ထားသောမြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များကို စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးမှု တည်ငြိမ်သောကာလ၌ လယ်ယာမြေအသစ်များအဖြစ် လည်း ကောင်း၊ မွေးမြူရေးလုပ်ငန်းများအနေဖြင့် လည်း နိုင်ငံသားများအတွက် ဘေးကင်း လုံခြုံသည့် စားနပ်ရိက္ခာထုတ်လုပ်ရာ ဌာနများအဖြစ်လည်းကောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအား ထိရောက် မှန်ကန်စွာအကျိုးရှိရှိ အသုံးချလုပ်ကိုင် နိုင်ရေးကို စီမံဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ မြေယာပြဿနာများအား မှန်ကန်မြန်ဆန်စွာ ဖြေရှင်းနိုင်ရေး အတွက် လိုအပ်သောမူဝါဒများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွား ရန်လိုအပ်သလို တောင်သူလယ်သမား များအတွက် ထိရောက်စွာအကျိုးပြုပေး နိုင်မည့် ခိုင်ခံ့သောတောင်သူလယ်သမား အဖွဲ့အစည်းများဆိုင်ရာ ဥပဒေပေါ်ပေါက် လာရေးသည် အထူးအရေးကြီးပါကြောင်း၊ မိမိတို့ ဗဟိုကော်မတီအဖွဲ့ဝင်များအနေ ဖြင့် အဆိုပါကိစ္စရပ်များအပေါ် ဝိုင်းဝန်း အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြော ကြားသည်။

အစည်းအဝေးသို့ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟို ကော်မတီဝင်များ စုံညီစွာတက်ရောက် ကြပြီး ဗဟိုကော်မတီအတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်မည့် အကြောင်းအရာ တစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီ ဝင်များက ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ် ကြသည်။

အစည်းအဝေးတွင် စည်းကမ်းချက် သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီး ချိန်အထိ မြေပြင်အမှန်တကယ် စိုက်ပျိုး လုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့် ချထား မြေများအား ခွင့်ပြုမိန့်ရုပ်သိမ်းရေးနှင့် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုအမိန့်စာအသစ် ထုတ်ပေးနိုင်ရေးဆိုင်ရာများ၊ ယခုအစိုးရ ကာလ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်အသုံးပြုခွင့် လျှောက်ထား လာသည့် လုပ်ငန်းစာတွဲများ ၂၀၁၂ ခုနှစ်မှ စတင်၍ အတည်ပြုပြဋ္ဌာန်းခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံ ခန့်ခွဲရေးဥပဒေအရ မြေခွန်တော် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးနောက် အသုံးပြုစိုက်ပျိုးထားသော မြေယာ အပေါ် ကောက်ခံရမည့် မြေခွန်တော် ကောက်ခံရရှိရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်မြေ ၆၁၁၄၅ ဧကအား ပြန်လည်သိမ်းဆည်း ကြောင်း ဆုံးဖြတ်ခဲ့ရာ သတ်မှတ်ဥပဒေ စည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိခြင်း ကြောင့် ပြန်လည်သိမ်းဆည်းမြေဧရိယာ စုစုပေါင်းဧက ၁၅ သိန်းကျော် ရှိပြီဖြစ် ကြောင်းသိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်အခြေခံစက်ရုံများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၀

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ငပကျေးရွာအနီးရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၂) သစ်အခြေခံစက်ရုံအား ကြည့်ရှုစစ်ဆေးသည်။**

စက်ရုံ အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးအား သစ်အခြေခံ စက် စက်မှုလုပ်ငန်းဌာန အထွေထွေမန်နေဂျာက နိုင်ငံပိုင်သစ်အခြေခံစက်ရုံများ ရေရှည်စီမံခန့်ခွဲ ဆောင်ရွက်မည့် အစီအစဉ်နှင့် ကုန်ချောပစ္စည်းထုတ်လုပ်ရောင်းချမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့်အတွက် စီမံခန့်ခွဲရာတွင် စီးပွားရေးအရ တွက်ခြေကိုက်ရန် အထူးလိုအပ်ကြောင်း၊ ယခု လက်ရှိစက်ရုံ အဆောက်အဦများအား လွှဲပြောင်းလက်ခံရာတွင် တည်ဆောက်ရေးလုပ်ငန်း အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိ စိစစ်ရန်လိုအပ်ကြောင်း၊ စက်ရုံများ ရေရှည်တည်တံ့ရေးအတွက် လိုအပ်သည်များကို တည်ဆောက်ရေးကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စက်ရုံ သန့်ရှင်းရေး၊ သာယာလှပရေးအတွက် အစဉ်အမြဲဆောင်ရွက်နေရန် လိုအပ်ကြောင်း၊ လျှပ်စစ်မီးသွယ်တန်းအသုံးပြုခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဌာနနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ရန်၊ စက်ရုံဝင်းအတွင်း မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ရေကန်များထားရှိရန်၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရာတွင် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၂) သစ်အခြေခံစက်ရုံတွင် ပြန်လည်တပ်ဆင်ထားသည့် စက်များ၊ ကုန်ကြမ်းသစ်လုံးများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှေ့တွင် အမှတ်တရ သစ်ပင် စိုက်ပျိုးပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၃) သစ်အခြေခံ စက်ရုံတွင် ကုန်ချောသစ်ခွဲသားများ အမျိုးအစားအလိုက်ရောင်းချရန် လပ်ပုံများဆောင်ရွက်ထားရှိမှု၊ အချောထည်လက်မှုပစ္စည်းများ ပြုလုပ်ရန်အတွက် ကုန်ကြမ်းသစ်မြစ်ဆုံပိုင်းများ သိုလှောင်ထားရှိမှု၊ အမှတ်(၁) သစ်အခြေခံစက်ရုံ ဝင်းအတွင်း မီးသတ်ရေကန် တူးဖော်ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဘုရင့်နောင်လမ်းမပေါ်ရှိ မြန်မာ့သစ်လုပ်ငန်းရုံးချုပ်၊ ပင်မပစ္စည်းဌာနစိတ် သိုလှောင်ရုံကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လူငယ်အစည်းအရုံးမှ အထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၀**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပသော (၁၁) ကြိမ်မြောက် လူငယ်ရေးရာဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၇)ကြိမ်မြောက် လူငယ်ရေးရာဆိုင်ရာ အာဆီယံ+၃ ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ရန် လာအိုနိုင်ငံ၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ လူငယ်အစည်းအရုံးမှ အထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား ယမန်နေ့မွန်းလွဲပိုင်းတွင် လာအိုပလာဇာဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား လူငယ်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အတွေ့အကြုံမျှဝေဖလှယ်ရေး၊ မြန်မာနိုင်ငံမှ စေတနာ့ဝန်ထမ်းလုပ်အားပေး လူငယ်များ၏ ပြည်သူ့အတွက် ရက် ၂၀ လှုပ်ရှားမှု အတွေ့အကြုံများ၊ လူငယ်ပေါ်လစီများနှင့်ပတ်သက်၍ အသီးသီးအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အာဆီယံလူငယ်ဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုများ၊ နှစ်နိုင်ငံဆက်ဆံရေး အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စနှင့် လာအိုနိုင်ငံနှင့် နှစ်နိုင်ငံလူငယ်များ အချင်းချင်း ချစ်ကြည်စွာပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံနိုင်ငံများအားလုံးရှိ လူငယ်များ တစ်စိတ်တစ်ဝမ်းတည်း အပြန်အလှန်ကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကျော်လင်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို- မြစ်ကြီးနားလမ်းနှင့် ဆင်ကုန်း-ဝန်းသို-ပင်လည်ဘူး-ဖောင်းပြင်လမ်းတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို- မြစ်ကြီးနား လမ်းမိုင် ၆/၁ နှင့် ၆၈/၀ အတွင်း ၃၈ မိုင်တွင် ၁၂ ပေမှ ၁၈ ပေအကျယ် လမ်းသားတိုးချဲ့၍ ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ဌာနနှင့် ကုမ္ပဏီ ၁၁ ဖွဲ့တို့မှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ မိုင် ၃၈/၆ အနီးတွင် ကုမ္ပဏီမှ လမ်းခင်းခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ၎င်းလမ်းမိုင်တိုင် ၇၄/၀ ရှိ ဇင်းရွာလမ်း စခန်းရှင်းလင်းဆောင်တွင် တင်ဒါစနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီ ၁၁ ဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး လုပ်ငန်းများ ဘဏ္ဍာနှစ်အတွင်းပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဆင်ကုန်း-ဝန်းသို-ပင်လည်ဘူးလမ်းပိုင်းရှိ တံတားအမှတ် (၄/၁၃) ပေ ၁၀၀ အရှည် ဒုံးဒုတ်ချောင်းသစ်သားတံတားနှင့် တံတားအမှတ် (၁/၂၀) ပေ ၁၂၀ အရှည် ဦးစံသစ်သားတံတားနှစ်စင်း၏ ကြံ့ခိုင်မှု၊ ဝန်းသိုမြို့တွင်း၌ သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်နေသော ၁၃၅ ပေအရှည် မောင်းကော်တံတားပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**စောင့်ကြပ်ကြည့်ရှုပြုပြင်ရန်**

ယင်းနောက် မော်တော်ယာဉ်ဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ရာ မိုင် ၃၁/၄ အနီး ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားမှု၊ မိုင် ၂၉/၄ တွင် ဌာနမှ စက်ယန္တရားများဖြင့် လမ်းသားချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ယခုလမ်းပိုင်းအများစုမှာ တောင်ပေါ်လမ်းအပိုင်းဖြစ်၍ ယခုမိုးရာသီတွင် ကွန်ကရစ်လမ်းခင်းပြီးသော အပိုင်းများ၊ လမ်းတာပေါင်များနှင့် လမ်းပခုံးများ ရေတိုက်စားမှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုပြုပြင်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၀**

မြန်မာ့ပင်လယ်ပြင်တွင် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**





**ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။**

# ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဆင်း

**ရန်ကုန် ဇူလိုင် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဖြစ်သည့် ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်းအမှတ်စဉ် (၅)၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၇၂)၊ အဆင့်မြင့်စက်ချုပ်နည်းပြ သင်တန်းအမှတ်စဉ်(၃၅)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၁၀၅) သင်တန်းများဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အဆိုပါကျောင်း၌ကျင်းပသည်။ သင်တန်းတွင် ပြည်ထောင်စုဝန်ကြီးရုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၇၉ ဦးဖြင့် ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

**အောင်လက်မှတ်များပေးအပ်**

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။ သင်တန်းကာလမှာ မေ ၂၉ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သတိမထားမိသော ရေစီးပွားရေး

**ကျော်ဆွေ (ခင်ဦး)**

**၁၉၉၈ ခုနှစ်က ကျွန်တော် အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းခဲ့တဲ့ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးကို ပြီးခဲ့သည့်လက ရောက်ဖြစ်ပါတယ်။ မိတ္ထီလာကို မကြာခဏပြန်ဖြစ်သော်လည်း အနှစ် ၂၀ အတွင်းမှာ တတိယအကြိမ် ရုံးကို ရောက်ဖြစ်တာပါ။ ရုံးရောက်တော့ စည်ပင်ဥက္ကဋ္ဌ ဆရာမကြီးက မိတ္ထီလာကန်ရေကို တိုက်ရိုက်ဖြန့်နေတဲ့အနေအထားမှာ အီကိုလိုင်းပါတဲ့အကြောင်း ပြောပါတယ်။ တကယ်တော့ မိတ္ထီလာမြို့ ရေပေးရေးလုပ်ငန်းမှာ အနေးသဲရေစစ်ကန် ရေသန့်စင်တဲ့စနစ် ရှိပြီးဖြစ်ပါတယ်။ သို့သော် သန့်စင်နိုင်တဲ့ရေပမာဏက မြို့ကို ဖြန့်ရတဲ့ ရေပမာဏထက် နည်းတဲ့အတွက် ကန်ရေကို တိုက်ရိုက်ဖြည့်ပြီး ဖြန့်ဝေပေးနေရတာ ဖြစ်ပါတယ်။ ဒါနဲ့ ဆရာမကြီးကို အီကိုလိုင်းက ရောဂါပိုးမဟုတ်ဘဲ ရေထဲမှာ အီကိုလိုင်းပါရင် လူကို ရေကြောင့် ရောဂါဖြစ်စေတဲ့ ဗက်တီးရီးယားများ (ဥပမာ- ဝမ်းပျက်ဝမ်းလျှောရောဂါပိုး) တွေ့ရှိနိုင်တဲ့အတွက် အီကိုလိုင်းပါဝင်မှုကို စစ်ရကြောင်း ပြောပြဖြစ်ပါတယ်။**



ကျွန်တော်တို့ မြို့သူမြို့သားတွေက ကန်ရေသောက်သော်လည်း ရောဂါမဖြစ်ပွားရခြင်းက ရေထဲမှာပါတဲ့ ဗက်တီးရီးယားကို ခံနိုင်ရည်ရှိနေလို့ ဖြစ်ပြီး ကိုယ်ခံအားနည်းတဲ့အချိန်မှာတော့ ရောဂါဖြစ်နိုင်ကြောင်းနှင့် ဒေသခံမဟုတ်တဲ့ နိုင်ငံခြားသားတစ်ဦးဦး သောက်သုံးမိပါက ရောဂါတစ်ခုခုရနိုင်ကြောင်း၊ ရေမဖြန့်ဝေခင် ဆေးခတ်သင့်ကြောင်း ရှင်းပြဖြစ်ပါတယ်။ အီကိုလိုင်းပါတဲ့ မိတ္ထီလာကန်ရေကိုသောက်ပြီး လူတွေဘာကြောင့် ရောဂါမဖြစ်တာကို သိတဲ့သူ အတော်နည်းမယ် ထင်ပါတယ်။

**ရေရရှိရေးလုပ်ငန်းများဆောင်ရွက်**

ပြီးခဲ့တဲ့အပတ်ကလည်း ရေပေးရေးတာဝန်ယူထားတဲ့ အင်ဂျင်နီယာညီငယ်တစ်ဦး အိမ်ကို အလည်လာပါတယ်။ အခုလုပ်နေတာက ကျွန်တော်နေလာတဲ့ ဌာနလည်းဖြစ်တော့ သူတို့ကြုံတွေ့နေရတာတချို့ကိုလည်း ပြောပြပါတယ်။ ကျွန်တော်တို့ဌာနက တစ်နိုင်ငံလုံးမှာရှိတဲ့ရွာတွေကို ရေရရှိရေးဆောင်ရွက်လျက်ရှိရာမှာ ဖြစ်နိုင်ခြေရှိတဲ့ ရွာတိုင်းကို အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာပြည်အလယ်ပိုင်းက ရေရှားတဲ့ ရွာတွေကတော့ သောက်သုံးရေရနိုင်တဲ့ စက်ရေတွင်းရရင်ပဲ ပျော်နေကြတာပါ။ အဆိုပါဒေသက အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းတွေ လုပ်ပြီးတဲ့ ရွာတချို့မှာ အိမ်ထဲအထိ သွယ်ထားတဲ့ သုံးမတ်ပိုက်၊ ငါးမူးအရွယ်ပိုက် ရေတိုင်လေးက ရေကျနေတာလေးတွေကို အဘိုးကြီး အဘွားကြီးတွေ ပီတိလေးနဲ့ပြုံးပြီး စောင့်ကြည့်နေကြတာကို မကြာခဏ တွေ့ရပါတယ်။

သို့သော် မိုးများတဲ့ဒေသ မြေပေါ်နဲ့ မြေအောက်ရေ အလွယ်တကူရနိုင်တဲ့ တချို့ဆင်းရဲတဲ့ ရွာတွေမှာတော့ အိမ်တိုင်ရာရောက်ရေပေးရေးကို မလုပ်လိုကြဘူးလို့ ပြောပါတယ်။ အမှန်တော့ ရွာတွေမှာ စင်မြင့်ရေလှောင်ကန်တွေ တည်ဆောက်ပြီး အိမ်သွယ်ရေတိုင်နဲ့ ရေပေးတဲ့ အိမ်တိုင်ရာရောက် ရေပေးရေးတွေ ဆောင်ရွက်ပေးနေတာဟာ အဓိကက သန့်ရှင်းတဲ့ သောက်သုံးရေ လုံလုံလောက်လောက်ရရှိဖို့ ဖြစ်ပါတယ်။ သို့မှသာ ရွာသူရွာသားတွေရဲ့ကျန်းမာရေး မြင့်မားကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကနဲ့ လူအများ ပိုင်းဝန်းသုံးစွဲကြတဲ့ မြေပေါ်မြေအောက် ရေအရင်းအမြစ်များ (ဥပမာ- ကန်ရေ၊ ချောင်းရေ၊ တွင်းရေ) ဟာ ကျန်းမာရေးနဲ့မညီတာ များပါတယ်။ ဒါ့ကြောင့် ရေလွယ်ကူစွာရတဲ့ ရွာတွေမှာလည်း ရေအရည်အသွေးကိုထိန်းနိုင်တဲ့ အိမ်တိုင်ရာရောက် ရေပေးရေးစနစ် ရှိသင့်ပါတယ်။ ဒါပေမယ့် ဒီရွာတွေမှာ ရေဖိုးကျခံရမှာစိုးတဲ့အတွက် မလုပ်လိုတဲ့သူတွေလည်း ရှိပါတယ်။

**ရသုံးစွဲမှုအခြေအနေ**

ဒီနေရာမှာ ရွာတွေမှာ သောက်သုံးရေအတွက် ရေဖိုးရေခတွေ ဘယ်လောက်ကုန်ကျနေလဲဆိုတာကို သိသင့်ပါတယ်။ ကန်ရေသုံးတဲ့ရွာတွေ၊ မြေအောက်ရေက တွင်းတိမ်တူးလို့ရတဲ့ ရွာတွေ၊ ရေထိပ်နီးတဲ့ရွာတွေမှာ ရေဖိုးရေခမပေးရဘဲ ရေသယ်တဲ့လုပ်အားခ ဒါမှမဟုတ် ရေစည်လှည်းတိုက်ခသာ ကုန်ကျတဲ့ရွာတွေလည်း ရှိပါတယ်။ သို့သော် ထိုရွာတွေမှာပင် ရေဂါလန် ၅၀ ဆံ့တဲ့ ရေစည်လှည်းတိုက်ခက ငွေကျပ် ၅၀၀ ခန့် အနည်းဆုံးရှိတဲ့အတွက် ရေတစ်ယူနစ်(တစ်ကုဗမီတာ) ရေဂါလန် ၂၂၀ ကို ငွေကျပ် ၂၂၀၀ ကျပါတယ်။ တစ်နေ့ကို မိသားစုတစ်စုက ရေနှစ်စည်ခန့် အနည်းဆုံးလိုပါတယ်။ ဒါ့ကြောင့် မိသားစုတစ်စုမှာ ရေဖိုးမပေးရရင်ပင် ရေသယ်ခတစ်လ ငွေကျပ် ၃၀၀၀၀ ခန့်ရှိပါတယ်။ ရေသယ်ခကို တစ်ရက်ချင်းပေးရရင်ဖြစ်စေ၊ မိမိအိမ်က လှည်းနွားနဲ့ လူစိုက်ပြီးဖြစ်စေ၊ ကိုယ်တိုင်လုပ်အားစိုက်ကာ ထမ်းရွက်ပြီး ရေသယ်ကြတဲ့အတွက် ရေသယ်ယူစရိတ် ကုန်ကျမှုကို မမှန်းဆမိကြတာ ဖြစ်ပါတယ်။ အပူပိုင်းဒေသ ရေရှားတဲ့ရွာတွေမှာတော့ စက်ရေတွင်းတွေမှာ ရေသွားခပ်ပါက ရေဂါလန် ၅၀ ပါ ရေတစ်စည်ကို ငွေကျပ် ၂၀၀ အနည်းဆုံးပေးကြရပါတယ်။

ရေစည်တိုက်ခနဲ့ဆို ရေတစ်စည် ငွေကျပ် ၇၀၀ ပေးရပါတယ်။ ရေတစ်ယူနစ် (ရေဂါလန် ၂၂၀) ကို ငွေကျပ် ၃၀၈၀ ပေးရပါတယ်။ ဒါကြောင့် အပူပိုင်းဒေသက အညာကျေးလက်ဒေသတွေမှာ ကျေးရွာပိုင်စက်ရေတွင်းကရေကို ဝယ်သုံးရတဲ့ မိသားစုအတွက် တစ်လရေဖိုး အနည်းဆုံး ငွေကျပ် ၄၆၂၀၀ ကျပါတယ်။ ရန်ကုန်၊ မန္တလေးတို့လို မြို့ကြီးတွေမှာ စည်ပင်သာယာရေးအဖွဲ့တွေကို တစ်လရေ ၁၅ ယူနစ်ခန့်သုံးတဲ့ မိသားစုတစ်စုအတွက် ရေဖိုးပေးရတာ ငွေကျပ် ၁၀၀၀၀ အောက်မှာပဲရှိတဲ့အတွက် ရွာမှာနေသူတွေဟာ မြို့မှာနေသူတွေထက် ရေဖိုး လေးဆခန့် ပိုပေးနေရပါတယ်။

**အိမ်တိုင်ရာရောက်ရေပေးရေး**

ကျွန်တော် မကွေးတိုင်းဒေသကြီးမှာ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်စဉ်ကာလမှာ တိုင်းဒေသကြီးအတွင်းက ရွာတွေကို အိမ်တိုင်ရာရောက် ရေပေးရေးရရှိရေး ဆောင်ရွက်ကြရာမှာ ပထမနှစ်တွေမှာ ရွာသူရွာသားတွေကို အတော်စည်းရုံးရှင်းပြရပြီး နောင်နှစ်တွေမှာတော့ ရွာတွေက အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်လာချင်ကြပါတယ်။ ဒါကြောင့် အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းတွေကို ဌာနက လျာထားဘတ်ဂျက် ယူနီဆက်ဘက်က ထောက်ပံ့မှု၊ လူထုဗဟိုပြု စီမံကိန်း (CDD)၊ ပြည်တွင်း ပြည်ပက အလှူငွေတွေနဲ့ ဆောင်ရွက်ကြရာမှာ ၂၀၁၉ ခုနှစ်အထိ မကွေးတိုင်းဒေသကြီးထဲမှာ ကျေးရွာ ၆၇၀ ကျော်အထိ အိမ်သွယ်ရေတိုင်ရေပေးရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အိမ်သွယ်ရေတိုင်စနစ်မှာ မြို့ရေပေးရေးထက် ကျေးရွာရေပေးရေးက ရေလေလွင့်ဆုံးရှုံးမှုနည်းပြီး ရေအရည်အသွေး ထိန်းသိမ်းရ ပိုလွယ်ပါတယ်။

ကျေးရွာအတော်များများက အိမ်ခြေ ၈၀ နဲ့ ၂၀၀ ကြားဖြစ်တဲ့အတွက် ပြင်ဆင်ထိန်းသိမ်းရတာလည်း လွယ်ပါတယ်။ ထူးခြားတာကတော့ ရွာတစ်ရွာရဲ့ တစ်ရက်ရေလိုအပ်ချက်က နည်းတဲ့အတွက် တချို့ ရွာတွေမှာ နေရောင်ခြည်ကနေ လျှပ်စစ်ထုတ်သုံးတဲ့ ရေစုပ်စက် (Solar Pump) တွေ သုံးလာနိုင်ပြီး ရေစုပ်တင်ရာမှာ လိုတဲ့စက်သုံးဆီဖိုးနဲ့ လျှပ်စစ်ခတ်အားခတွေ မကုန်တော့တဲ့အတွက် ရေတစ်ယူနစ်တန်ဖိုးက ငွေကျပ် ၃၀ ခန့်သာ ကုန်ကျပါတယ်။

**သောက်သုံးရေအခက်အခဲ**

မကွေးတိုင်းဒေသကြီးအတွင်းမှာ စက်ရေတွင်း အနက်ပေ ၁၀၀၀ ကျော်တဲ့အထိ တူးရတဲ့တွင်းတွေ အတော်များပြီး မြန်မာနိုင်ငံမှာ သောက်သုံးရေရရှိဖို့ ခက်ခဲတဲ့ဒေသဖြစ်ပါတယ်။ အဆိုပါဒေသက အနက်ဆုံးတွင်းတွေကနေ ရေစုပ်တင်ပြီး အိမ်တိုင်ရာရောက် ရေပေးရေးလုပ်တဲ့ရွာတွေကို စစ်တမ်းကောက်ကြည့်တဲ့အခါမှာ ရေခွန်ရေခကောက်တဲ့လုပ်အားခနဲ့ စက်သုံးဆီဖိုးအပါအဝင် ရေတစ်ယူနစ် (ရေဂါလန် ၂၂၀)ကို ငွေကျပ် ၂၀၀ ထက် မပိုတာ တွေ့ရပါတယ်။

ဒါ့ကြောင့် တစ်လမှာ ရေ ၁၅ ယူနစ်ခန့်သုံးတဲ့ မိသားစုအတွက် တစ်လရေဖိုး ငွေကျပ် ၃၀၀၀ ခန့်သာ ကျပါတယ်။ စက်ရေတွင်းက ရေဝယ်သုံးရတာနဲ့ နှိုင်းယှဉ်ပါက တစ်လရေဖိုး ငွေကျပ် ၄၃၀၀၀ ကျော်သက်သာတာကို တွေ့ရပြီး တစ်နှစ်မှာ ငွေကျပ် ၅၁၆၀၀၀ သက်သာပါတယ်။ အိမ်ခြေ ၁၀၀ ပျမ်းမျှရှိတဲ့ ရွာတစ်ရွာအတွက် တစ်နှစ်လျှင် ရေဖိုး ငွေကျပ် ၅၁၆ သိန်းခန့် သက်သာမှာဖြစ်ပါတယ်။ အိမ်သွယ်ရေတိုင်ရှိတဲ့ ရွာ ၄၈၀ နဲ့ အကြမ်းဖျင်းခန့်မှန်းကြည့်ပါက တစ်နှစ်ရေဖိုးသက်သာငွေက ကျပ် ၂၄၇၆၈ သန်းရှိပါတယ်။

ဘီလီယံနဲ့ ပြောပါက ငွေ ၂၄ ဒသမ ၇ ဘီလီယံကျော်ဖြစ်ပါတယ်၊ ဒီငွေပမာဏကို ရွာသူရွာသားတွေက ငွေသား၊ မိမိလုပ်အားနဲ့ မိမိပိုင်လှည်းနွားကို အရင်းအနှီးပြုရတဲ့ တန်ဖိုးတွေ သက်သာသွားတာ ဖြစ်ပါတယ်။ ဒါဟာ မကွေးတိုင်းဒေသကြီးအတွင်းရှိတဲ့ ရွာအရေအတွက်ရဲ့ ၁၀ ရာခိုင်နှုန်းမျှသာ ဖြစ်ပါတယ်။ တစ်တိုင်းလုံးမှာရှိတဲ့ ရွာအားလုံးသာ အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်နိုင်ပါက မည်မျှသက်သာသွားမလဲဆိုတာ ခန့်မှန်းနိုင်မှာ ဖြစ်ပါတယ်။

ဆောင်းပါးကိုချုပ်ရပါက ကျွန်တော်တို့ မြန်မာလူမျိုးများ တဖြည်းဖြည်း အရပ်တွေပုပြီး ခန္ဓာကိုယ်သေးညှက်လာရခြင်းရဲ့အကြောင်းအရာတွေထဲမှာ နေ့စဉ်သောက်သုံးနေရတဲ့ သောက်သုံးရေ သန့်ရှင်းမှု မရှိတာက တစ်ချက်ပါပါတယ်။ ဒါကြောင့် လူဦးရေအများစုနေထိုင်တဲ့ ကျေးလက်ဒေသက ရွာတွေမှာ ရေအရည်အသွေးကို ထိန်းသိမ်းနိုင်ပြီး သန့်ရှင်းတဲ့ သောက်သုံးရေကို ဖြန့်နိုင်တဲ့ အိမ်သွယ်ရေတိုင်စနစ် မဖြစ်မနေ ဆောင်ရွက်သင့်ပါတယ်။ ဒါ့အပြင် ဝင်ငွေနည်းလို့ ဆင်းရဲမှုဖြစ်ကြရတဲ့အပေါ် နေ့စဉ်သောက်သုံးနေရတဲ့ရေအတွက် ကုန်ကျစရိတ်မများစေဖို့ လိုပါတယ်။ ရွာတွေမှာ အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်ခြင်းဖြင့် မိသားစုထွက်ငွေကို လျှော့ချဖို့လိုပါတယ်။ မိသားစုတစ်စုမှာ စီးပွားဖြစ်ဖို့ ဝင်ငွေများပြီး ထွက်ငွေနည်းဖို့ လိုပါတယ်။ ဒါကြောင့် ရွာတွေမှာ အိမ်သွယ်ရေတိုင်စနစ်တွေ ဖော်ဆောင်ပေးတာဟာ ရွာမှာရှိတဲ့ မိသားစုအားလုံးရဲ့ ထွက်ငွေကို လျှော့ချတဲ့ စီးပွားရေးလုပ်ငန်းစဉ်တစ်ခုဆိုတာ သတိချပ်ဖို့ လိုပါတယ်။ ။

> **“ရွာတွေမှာ အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်ခြင်းဖြင့် မိသားစုထွက်ငွေကို လျှော့ချဖို့ လိုပါတယ်။ မိသားစုတစ်စုမှာ စီးပွားဖြစ်ဖို့ ဝင်ငွေများပြီး ထွက်ငွေနည်းဖို့ လိုပါတယ်။ ဒါကြောင့် ရွာတွေမှာ အိမ်သွယ်ရေတိုင်စနစ်တွေ ဖော်ဆောင်ပေးတာဟာ ရွာမှာရှိတဲ့ မိသားစုအားလုံးရဲ့ ထွက်ငွေကို လျှော့ချတဲ့ စီးပွားရေးလုပ်ငန်းစဉ်တစ်ခုဆိုတာ သတိချပ်ဖို့လို”**

---

## ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ကျောက်မြောင်းမြို့တွင် အိမ်ထောင်စု ၈၄ စုအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်း



**ကျောက်မြောင်း ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့တွင် ဇူလိုင် ၁၆ ရက်မှစ၍ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယနေ့အထိ အိမ်ထောင်စု ၈၄ စုအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းဆောင်ရွက်ပေးထားကြောင်း ကျောက်မြောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်မှာ ၁၀၆၇ စင်တီမီတာဖြစ်ပြီး ယနေ့တွင် ၁၀၈၁ စင်တီမီတာအထိ မြစ်ရေတိုးလာပြီး ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော အမှတ် (၁) ရပ်ကွက်မှ အိမ်ထောင်စု ၁၃ စု၊ အမျိုးသား အမျိုးသမီး ၅၀ ကို နီးစပ်ရာဆွေမျိုးများနေအိမ်သို့လည်းကောင်း၊ အမှတ် (၄) ရပ်ကွက်မှ အိမ်ထောင်စု ၇၁ စု၊ အမျိုးသား အမျိုးသမီး ၃၀၆ ဦးကို ဘုရားလေးဆူကုန်း၊ ပုခန်းဘုန်းကြီးကျောင်း၊ ပြည်လုံးချမ်းသာဘုန်းကြီးကျောင်း၊ ခရေပင်ဇရပ်၊ လက်ရွေးကျောင်းဇရပ်နှင့် နွယ်ငြိမ်းရွာရင်းကျောင်းတို့ကို ရွှေ့ပြောင်းပေးထားလျက်ရှိသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုကြောင့် ရွှေ့ပြောင်းနေထိုင်ရသော အိမ်ထောင်စု ၈၄ စု၊ အမျိုးသား အမျိုးသမီး စုစုပေါင်း ၃၅၆ ဦးအတွက် လိုအပ်သည့်အကူအညီများ ရရှိနိုင်ရန်အတွက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဆက်သွယ်တင်ပြထားပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျောက်မြောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းထွန်းက ပြောသည်။

**ထွန်းမြင့်အောင် (ရွှေဘို)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် အကြီးအကဲအဖြစ် ကတိခံယူပွဲအခမ်းအနားမြင်ကွင်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်အကြီးအကဲအဖြစ် ကတိခံယူပွဲအခမ်းအနားကျင်းပစဉ်။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကင်းထောက်လူငယ်မောင်မယ်များက ငြိမ်းချမ်းရေး သံတမန်များ တေးသရုပ်ဖော်ဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်အကြီးအကဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူငယ်ကွန်ရက်၊ ရပ်ရွာအခြေပြုကင်းထောက်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ကင်းထောက်အမျိုးသမီးငယ်များက **World Song** သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေစဉ်။

ကင်းထောက်အလေးပြုနည်းဖြင့် ဂါရဝပြုအလေးပြုနေသည့် ကင်းထောက်လူငယ်တစ်ဦး။



# ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ် ပိုမိုကောင်းမွန်ရေးဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

**ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ် ပိုမိုကောင်းမွန်ရေးဆိုင်ရာ အစည်းအဝေးများကို ယနေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်း အမှတ် (၂၈)ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ အစည်းအဝေးခန်းမ၌ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် လည်းကောင်း၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့်လည်းကောင်း နှစ်ကြိမ်ခွဲ၍ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ် ပိုမိုကောင်းမွန်ရေးဆိုင်ရာ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

အဆိုပါ အစည်းအဝေးများသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် ရုပ်ရှင်ထုတ်လုပ်သူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ဆွေးနွေးပွဲတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြစ်သင့်ဖြစ်ထိုက်သည့် အနေအထားနှင့် စိတ်ကူးစိတ်သန်းများ ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရုံတင်ပြသမှုစနစ် ကောင်းမွန်ရေးနှင့် ရုပ်ရှင်အနုပညာ လုပ်ငန်းတစ်ရပ်လုံးအတွက် ညှိနှိုင်းပေါင်းစပ်ကာ အကြံဉာဏ်နှင့် ဆုံးဖြတ်ချက်များ ချမှတ်ရန် ဖြစ်ပါကြောင်း။

**ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး**

ရုပ်ရှင်လုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် ကဏ္ဍအသီးသီးတွင် ညီညွတ်မှုတရန် လိုအပ်ပါကြောင်း၊ ယနေ့ဆွေးနွေးမှုများအပေါ် အမြင်မတူညီမှုများကို တွေ့ရပါကြောင်း၊ အစည်းအဝေးကျင်းပသည့် ရည်ရွယ်ချက်မှာ ပြောခဲ့သည့်အတိုင်း ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ် ပိုမိုကောင်းမွန်ရေး အဓိကဖြစ်ပါကြောင်း၊ အဓိကရည်ရွယ်ချက်သည် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းတွင် ပါဝင်သည့် ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ၊ အနုပညာရှင်များ၊ ထုတ်လုပ်သူများ၊ ရုံတင်သည့်လုပ်ငန်းရှင်များ ရှိပါကြောင်း၊ အားလုံး အဆင်ပြေညီညွတ်ရန် လိုပါကြောင်း၊ ကဏ္ဍတစ်ခုတည်းက ကောင်းမွန်ပြီး ကျန်သည့်ကဏ္ဍများ မကောင်းမွန်ပါက ရေရှည်မတည်တံ့နိုင်ပါကြောင်း၊ အားလုံးမျှမျှတတရှိရန် လိုပါကြောင်း။

**အရည်အသွေးမီဇာတ်ကားများ ထုတ်လုပ်**

ယနေ့ဆွေးနွေးပွဲတွင် အသီးသီးပြောဆိုမှုများမှ ပြဿနာကို ရွေးချယ်ရာတွင် အနည်းငယ်မတူညီမှုများ ရှိပါကြောင်း၊ ရုံတင်ပြသမှုတွင် နှစ်ရှည်လများကြာရှည်နေသည့် ဇာတ်ကားများ ပြသနိုင်ရေး ထုတ်လုပ်သူများဘက်က အရေးကြီးသလို သရုပ်ဆောင်များအတွက်ပါ သက်ရောက်မှုရှိနေမှုကြောင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ရုပ်ရှင်လောကသားများအကျိုးကို တွက်ဆပြီး မြန်မြန်ဆန်ဆန် ပြသခွင့်ရမည်ဆိုသည့်ရှုထောင့်မှ စဉ်းစားသည်ဟု မြင်ပါကြောင်း၊ ရုပ်ရှင်ထုတ်လုပ်သူများဘက်ကလည်း အရည်အသွေးပြည့်မီသည့် ဇာတ်ကားများကိုသာ ထုတ်လုပ်စေလိုပါကြောင်း၊ ရုပ်ရှင်ရုံပိုင်ရှင်များဘက်ကလည်း အရည်အသွေးပြည့်မီသည့် ပရိသတ်ကြိုက်မည့် ဇာတ်ကားများကိုသာ ပြသလိုကြပါကြောင်း၊ လက်ရှိပြဿနာများအား စည်းမျဉ်း စည်းကမ်းများ၊ ခေတ်စနစ်များနှင့်အညီ အများလက်ခံသည့်အနေအထား ရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ လုပ်ငန်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိန်ဆ ဆောင်ရွက်စေလိုပါကြောင်း၊ ယနေ့ဆွေးနွေးပွဲများမှတစ်ဆင့် ရလဒ်ကောင်းများ အသင့်အတင့်ရပါကြောင်း၊ ထိရောက်သည့် အကြံဉာဏ်များပေးခြင်းဖြင့် လုပ်ငန်းအလွှာအသီးသီး အကျိုးစီးပွားအတွက် ပိုမိုအဆင်ပြေမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဆွေးနွေးစဉ်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေကို ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှု၊ မြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ် ပြောင်းလဲလာမှုနှင့် ရုပ်ရှင်ရုံများ တည်ဆောက်မှု၊ ရုပ်ရှင်ထုတ်လုပ်မှုနှင့် ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ်အပေါ် စိစစ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

**ရုံတင်ပြသမှုစနစ် ကောင်းမွန်ရေး**

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ် ပိုမိုကောင်းမွန်ရေးအတွက် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် ရုပ်ရှင်ထုတ်လုပ်သူများက ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ် ပိုမိုကောင်းမွန်စေရေးအတွက် ဆောင်ရွက်နေမှု၊ တွေ့ကြုံရသော အခြေအနေများနှင့် အကြံပြုချက်များကို ဆွေးနွေးပြောကြားကြသည်။

ယနေ့အစည်းအဝေးမှ ဆွေးနွေးချက်များကို စုစည်းပြီး ထပ်မံအစည်းအဝေးများ ကျင်းပပြုလုပ်၍ ပိုမိုကောင်းမွန်သည့် စနစ်တစ်ခု ချမှတ်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း ဆွေးနွေးစဉ်။

**ရုပ်သံစနစ်နှင့် ဝန်ဆောင်မှုများကောင်းလာ**

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် ရုပ်ရှင်ရုံ ၁၄၄ ရုံနှင့် ရုပ်ရှင်ပိတ်ကား ၁၆၅ ကားအထိ တိုးတက်လာသကဲ့သို့ ရုပ်ရှင်ရုံများ ပိုမိုဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုတွင်လည်း ၂၀၁၈ ခုနှစ်တွင် ရုပ်ရှင်ဇာတ်ကား ၈၃ ကားနှင့် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၀ ရက်အထိ ရုပ်ရှင်ဇာတ်ကား ၅၃ ကား ရုံတင်လာနိုင်သကဲ့သို့ ဆက်လက်ရုံတင်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများအရ ၁၉၆၂ ခုနှစ်က ရုံတင်ပြသမှု စံချိန်တင်ခဲ့သည့် ၉၅ ကားထက် ကျော်လွန်လာနိုင်ကြောင်း၊ သို့ရာတွင် ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ရုပ်ရှင်ဇာတ်ကား ၂၃၉ ကား ပြသရန် ကျန်ရှိနေသေးကြောင်း၊ ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားများတွင် အရည်အသွေးရှိသည့် ရုပ်ရှင်ဇာတ်ကားကောင်းများ ပါဝင်လာသကဲ့သို့ ရုပ်ရှင်ရိုက်ကူးထားချိန်နှင့် အချိန်ကွာဟမှု များစွာမရှိဘဲ ပြသနိုင်မှုများလည်း ပါဝင်လာကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းများ အရည်အသွေး မြင့်မားလာစေရေးအတွက် ယှဉ်ပြိုင်ကြိုးစားမှုများ ရှိလာကြောင်း၊ ရုပ်ရှင်ပြသမှုတွင် Film စနစ်မှ Digital စနစ်သို့ ပြောင်းလဲခဲ့မှုကြောင့် နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ဇာတ်ကားများ တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် ရုံတင်ပြသလာနိုင်မှုနှင့်အတူ ရုပ်သံစနစ်နှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာကြောင်း ယနေ့အစည်းအဝေးမှ သိရသည်။

**ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ**

ထို့ပြင် မြန်မာရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Center-FDC) ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ Film Analysis ပြုလုပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရုပ်ရှင်စတူဒီယို အဆောက်အဦ သုံးလုံးကို ပြုပြင်မွမ်းမံပေးခဲ့ပြီး ၎င်းတွင် ရိုက်ကူးမှုများအပေါ် ငှားရမ်းခကို သက်သာသောနှုန်းထားဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ပြည်ပမှ ရုပ်ရှင်ရိုက်ကူးမှုများအပေါ် ရုပ်ရှင်ရိုက်ကွင်းနေရာကြေးများကိုလည်း သာမန်နှင့်စီးပွားဖြစ် ခွဲခြားပြီး ယခင်က ငွေကျပ်ငါးသိန်းမှ ငွေကျပ် သိန်း ၂၀ အထိ ကောက်ခံခဲ့ရာမှ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ငွေကျပ် တစ်သိန်းနှုန်းသို့ လျှော့ချ၍ ဖြေလျှော့ပေးသကဲ့သို့ ရိုက်ကူးရက်နှုန်းထားခကိုလည်း ယခင်က ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကောက်ခံခဲ့ရာမှ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက် မှစ၍ ကောက်ခံမှု မပြုတော့ဘဲ ကင်းလွတ်ခွင့်ပေးခဲ့ရာ ယခုအခါ ပြည်ပမှ ရုပ်ရှင်၊ ရုပ်သံနှင့် မှတ်တမ်းရုပ်ရှင်ရိုက်ကူးမှုများ ပိုမိုတိုးတက်လာနေကြောင်း၊ နေပြည်တော်ရှိ ရိုက်ကွင်းနေရာများ အပါအဝင် ဌာနဆိုင်ရာများနှင့် သက်ဆိုင်သော ရိုက်ကွင်းများတွင် အသုံးပြုရိုက်ကူးလိုမှုများအတွက်လည်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်ဌာနခွဲက ဆုချီးမြှင့်ခံရသည့် မြန်မာကင်းထောက်လူငယ်သုံးဦး အမေရိကန်နိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲ တက်ရောက်မည်



**ရန်ကုန် ဇူလိုင် ၂၀**

အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်ဌာနခွဲက ချီးမြှင့်ပေးအပ်သည့် ပညာသင်ဆု အစီအစဉ်ဖြင့် အမေရိကန်ပြည်ထောင်စု၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များတွေ့ဆုံပွဲကို မြန်မာကင်းထောက်လူငယ်သုံးဦးဖြစ်သည့် မောင်ခွန်လတ်အောင် (နည်းပညာတက္ကသိုလ်မန္တလေး)၊ မရှင်းသန့်လှိုင် (Brain-works- TOTAL International School Yangon)၊ မောင်ဟိန်းနိုင်စိုး (မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်)တို့ တက်ရောက်ကြမည်ဖြစ်သည်။ **(ဓါတ်ပုံ)**

အမေရိကန်နိုင်ငံ အနောက်ဗာဂျီးနီးယားပြည်နယ်ရှိ Summit Bechtel Reserve ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲကို ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ နိုင်ငံပေါင်း ၁၆၇ နိုင်ငံမှ ကင်းထောက်လူငယ်ပေါင်း ၅၀၀၀၀ ခန့် တက်ရောက်မည်ဖြစ်ပြီး ယင်းတွေ့ဆုံပွဲကို နိုင်ငံအလိုက် အိမ်ရှင်အဖြစ် သုံးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်သည်။

အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်ဌာနခွဲက ချီးမြှင့်ပေးအပ်သည့် ပညာသင်ဆုအစီအစဉ်ဖြင့် အာရှပစိဖိတ်ဒေသကင်းထောက်အဖွဲ့ဝင် နိုင်ငံ ၂၈ နိုင်ငံမှ လေးနိုင်ငံကိုသာ ရွေးချယ်ရာ မြန်မာနိုင်ငံမှ ရွေးချယ်ခံရသည့်အပြင် မြန်မာနိုင်ငံမှ ကင်းထောက်လူငယ် မရှင်းသန့်လှိုင်က ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲတွင် Story Programme Speaker အဖြစ် တက်ရောက်စကားပြောပေးရန် ဖိတ်ကြားခံခဲ့ရကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# ကြည့်မြင်တိုင်မြို့နယ်၌ လူဦးရေစာရင်းအချက်အလက်များ ကောက်ယူခြင်းသင်တန်းဖွင့်



**ရန်ကုန် ဇူလိုင် ၂၀**

၂၀၂၀ ရွေးကောက်ပွဲတွင် မှန်ကန်သော လူဦးရေစာရင်းနှင့် အချက်အလက်များ ရယူနိုင်ရေးအတွက် လူဦးရေစာရင်း အချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ဇူလိုင် ၁၈ ရက်က ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရဓမ္မာရုံ၌ ပြုလုပ်သည်။ (ဓါတ်ပုံ)

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းဆိုင်ရာ အချက်အလက်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဝင်များဖြစ်ကြသည့် ရွေးကောက်ပွဲအရာရှိ ဒေါ်အေးမြသီတာနှင့် မြို့နယ်ဦးစီးမှူး (လဝက) ဦးခင်မောင်ဇော်တို့က ဟောပြောပို့ချပေးခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

## တက္ကသိုလ်၊ ကောလိပ်ကျောင်းပေါင်းစုံ MCPA Quick 2019 ပြိုင်ပွဲဝင်များ ဖိတ်ခေါ်

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းက ကြီးမှူးကျင်းပမည့် နိုင်ငံအဆင့် MCPA Quick 2019 ပြိုင်ပွဲသို့ အစိုးရနှင့်ပုဂ္ဂလိက တက္ကသိုလ်၊ ကောလိပ်ကျောင်းပေါင်းစုံမှ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများ ပါဝင်နိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တက္ကသိုလ်ကျောင်းများတွင် ဩဂုတ်လ ပထမအပတ်တွင် စာရင်းပေး၍ Online စာမေးပွဲအတွက် ဩဂုတ် ၂၃ ရက် နောက်ဆုံးထား စာရင်းပေးရမည်ဖြစ်ပြီး ပထမဆုရသူများသည် ဗဟိုအဆင့်၊ နိုင်ငံတော်အဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မေးခွန်းပုံစံမှာ Multiple Choice ဖြစ်ရာ FE Exam, Text Books မေးခွန်းဟောင်းများကို www.itpec.org/pastexamqa/fe.html တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး သိရှိလိုသည်များကို ဖုန်း ၀၁-၆၅၂၂၇၆၊ ၀၉-၅၀၆၇၁၆၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဗဟိုပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက်၊ မွန်းလွဲ တစ်နာရီတွင် ကျင်းပမည်ဖြစ်၍ ယှဉ်ပြိုင်မည့်ကျောင်းသားများအနေဖြင့် သက်ဆိုင်ရာ ကောလိပ်၊ တက္ကသိုလ်များသို့ အခမဲ့စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းက ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခြောက်သောင်းနှင့် တတိယဆု ငွေကျပ် လေးသောင်းခွဲတို့အား ချီးမြှင့်ပေးမည်ဖြစ်သည်။

နိုင်ငံတော်အဆင့်ပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက်တွင် MICT Park ၊ Conference Hall ၌ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုအသင်းများ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

## ဘာသာပေါင်းစုံ စုပေါင်းဆုတောင်းပွဲကို မန္တလေး၌ကျင်းပ

**မန္တလေး ဇူလိုင် ၂၀**

ဘာသာပေါင်းစုံ စုပေါင်းဆုတောင်းပွဲကို ဘဟာအီသာသနာမှ ဦးဆောင်ကျင်းပခြင်းနှင့် ဘဟာအီသာသနာ နှစ်(၂၀၀)ပြည့် အကြိုနှစ်ပတ်လည်အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၄)လမ်းနှင့် (၈၃×၈၄)လမ်းကြားရှိ ဘဟာအီစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာဦးတင်ငြိမ်းက ဘဟာအီသာသနာ ဖြစ်ပေါ်လာပုံနှင့် ယနေ့သည် ဘဟာအီသာသနာ နှစ်(၂၀၀)ပြည့်ကျင်းပရန် အကြိုအခမ်းအနားဖြစ်ကြောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးနှင့် ဘဟာအီသာသနာ၏ ဘာသာတရား အဆုံးအမအကြောင်းနှင့် အခြားဘာသာဝင်များ၏ ငြိမ်းချမ်းရေးဆိုင်ရာ အချက်အလက်များကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ ဆရာဦးတင်ငြိမ်းက မေးခွန်းများကို ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ တေးဂီတအစီအစဉ်ဖြင့် ဖျော်ဖြေသည်။ ထို့နောက် မှတ်သားဖွယ်ရာ မျှဝေခြင်းအစီအစဉ်ဖြင့် Interfaith Women Group မှ အငြိမ်းစား ကထိက ရိုစလင်း တင်တင်ရွှေက ဘာသာပေါင်းစုံ ချစ်ကြည်ရေးဆောင်ရွက်ထားမှုများ အချင်းချင်း ချစ်ခင်ငြိမ်းချမ်းစွာ နေထိုင်ရေးတို့ကို ပြောကြားသည်။



ဘာသာပေါင်းစုံ စုပေါင်းဆုတောင်းပွဲ တက်ရောက်သူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

ထို့နောက် မန္တလေး အမေရိကန် ဂျက်ဖာစင် စင်တာမှ ဒါရိုက်တာ ဆရာဦးစောကျင်စိန်က ဘာသာတရားများ၏ အနှစ်သာရများနဲ့ စာရေးဆရာ ဦးစိုးဝင်းဗိုလ် (မြို့နယ်ပညာရေးမှူး-ငြိမ်း) က ဘာသာပေါင်းစုံအဖွဲ့အားလုံး မေတ္တာတရားရှေ့ထားပြီး ဘာသာပေါင်းစုံမှ ပြည်သူအားလုံး နိုင်ငံ့အတွက် စည်းလုံးညီညွတ်စွာဖြင့် အမုန်းတရားများ၊ ရန်ငြိုးထားမှုများ ဖယ်ခွာပြီး နေထိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆရာမ ဒေါ်စန္ဒာမင်းက ဘာသာပေါင်းစုံ၏ ယဉ်ကျေးသိမ်မွေ့မှု၊ ဘာသာတရားများ၏ အဆုံးအမများကို လိုက်နာ၍ ဘာသာပေါင်းစုံ ချစ်ကြည်ငြိမ်းချမ်းစွာ နေထိုင်ရေးတို့ကို ပြောကြား သည်။

အခမ်းအနားသို့ မန္တလေးအခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်၊ ပြဟ္မစိုရ် လူမှုကူညီရေးအသင်းမှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဘဟာအီသာသနာမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## မကွေးတိုင်းဒေသကြီး၌ H1 N1 ဖြစ်ပွားမှု ကိုးဦးတွေ့ရှိပြီး တစ်ဦးသေဆုံး

**မကွေး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီးတွင် Seasonal Influenza ဓာတ်ခွဲအတည်ပြုချက်အရ ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူ ကိုးဦးရှိပြီး တစ်ဦး သေဆုံးခဲ့ကာ အောင်လံမြို့နယ်၌ ဖြစ်ပွားမှုများကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက သိရသည်။

ဇူလိုင် ၁၇ ရက်အထိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အတည်ပြုထုတ်ပြန်ချက် စာရင်းဇယားအရ မြန်မာတစ်နိုင်ငံလုံးမှာ H1 N1 ဖြစ်ပွားမှု ၂၈၁ ဦးရှိကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း၌ H1 N1 သံသယရှိလူနာ ၁၉ ဦးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့်အခါ ကိုးဦး (Seasonal Influenza A(H1N1) pdm09) တွေ့ရှိပြီး ရာသီတုပ်ကွေးဖြင့် တစ်ဦးသေဆုံးကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်သန်းက ပြောသည်။

ဖြစ်ပွားမှုများအရ အောင်လံမြို့နယ်တွင် ခြောက်ဦး၊ သရက်မြို့နယ်တွင် နှစ်ဦးနှင့် နတ်မောက်မြို့နယ်တွင် တစ်ဦးတို့ဖြစ်ခဲ့ကာ အောင်လံမြို့နယ်မှ အသက်ကိုးနှစ်အရွယ် ကလေး(ကျား)တစ်ဦး သေဆုံးခဲ့ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မောင်သန်းက ပြောသည်။ **(အပေါ်ယာပုံ)**



"နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုမှာ ချင်းပြည်နယ်နဲ့ ရှမ်း(အရှေ့)ကလွဲ၍ ကျန်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အဖြစ်များတယ်။ ရန်ကုန်က ဖြစ်ပွားနှုန်းများတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ စစ်ဆေးအတည်ပြုထုတ်ပြန်ချက် စာရင်းဇယားအရ သိရပါတယ်"ဟု ဒေါက်တာခင်မောင်သန်းက ပြောသည်။

အဆိုပါ H1 N1 သည် Influenza တုပ်ကွေးအန္တယ်ဝင်ဖြစ်နေပြီး တုပ်ကွေးမိသည့်အခါ ဖြစ်နေကျအတိုင်း ချောင်းဆိုးဖျား၊ လည်ချောင်းနာ၊ နှာစေး၊ နှာရည်ယို၊ ကိုယ်လက်ကိုက်ခဲ၊ ခေါင်းကိုက်၊ စိမ့်ချမ်း၊ မောပန်းနွမ်းနယ်မှုများ ဖြစ်တတ်သည်။ ထို့အပြင် အခြားတုပ်ကွေးများကဲ့သို့ အဆုတ်ရောင်ခြင်း၊ အသက်ရှူရခက်ခြင်းတို့ဖြစ်စေပြီး သေဆုံးရသော အဓိကအကြောင်းအရင်းမှာ နမိုးနီးယားဟုခေါ်သည့် အဆုတ်ရောင်ရောဂါကြောင့် ဖြစ်ကြောင်း သိရသည်။

"လူနေထူထပ်တဲ့နေရာတွေရှောင်ကြဉ်ဖို့၊ သွားရရင်လည်း နှာခေါင်းစည်းတွေ တပ်ထားကြဖို့ လိုပါတယ်။ လက်ကနေ တစ်ဆင့်လည်း ကူးစက်တာမို့ မကြာခဏ လက်ကို သေချာစွာ ဆေးကြောခြင်းတွေ ပြုလုပ်ပေးသင့်ပါတယ်။ တုပ်ကွေးဖြစ်နေသူတွေကို ထိတွေ့ကိုင်တွယ်တာမျိုး၊ နီးနီးကပ်ကပ်နေတာမျိုးလည်း ရှောင်သင့်ပါတယ်။ မရှောင်နိုင်ရင်လည်း နှာခေါင်းစည်း၊ လက်အိတ်သုံးတာမျိုးတွေ ထိတွေ့မိတိုင်း လက်သေချာအောင် ဆေးကြောတာတွေလုပ်ပေးဖို့ လိုပါတယ်"ဟု ဒေါက်တာခင်မောင်သန်းက ပြောသည်။

နတ်မောက်၊ အောင်လံ၊ သရက်မြို့နယ်များတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျန်းမာရေးဌာနဝန်ထမ်းများ ပူးပေါင်း၍ မြို့နယ်အတွင်း ရာသီတုပ်ကွေး(H1N1) အကြောင်း အသိပညာပေးခြင်း၊ ဗီနိုင်းများ ကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း သိရသည်။ မြန်မာတစ်နိုင်ငံလုံးတွင် H1 N1 ဖြစ်ပွားမှု ၂၈၁ ဦးရှိပြီး ၅၆ ဦး သေဆုံးခဲ့ကြောင်း၊ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု အများဆုံးနှင့် သေဆုံးမှု အများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ကြောင်း၊ အဆိုပါ သေဆုံးသူများထဲမှ ၄၄ ဦးသည် H1 N1အပြင် နာတာရှည်ရောဂါကြောင့် သေဆုံးမှုနှုန်း ၇၈ ဒသမ ၆ ရာခိုင်နှုန်း ပါဝင်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အတည်ပြုထုတ်ပြန်ချက် စာရင်းဇယားအရ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## လူထုအကြားအဖြစ်များနေသော နှလုံးရောဂါ၊ အတက်ရောဂါ၊ ဓာတ်မတည့်ရောဂါများအတွက် ကျန်းမာရေးအသိပညာပေး

**ရန်ကုန် ဇူလိုင် ၂၀**

လူကြီးနှင့် ကလေးများအကြားတွင် အဖြစ်များနေသော နှလုံးရောဂါ၊ အတက်ရောဂါ၊ သွေးအဆိပ်သင့်ဓာတ်မတည့်သည့် ရောဂါများအကြောင်း ကြိုတင်ကာကွယ်ရေး အသိပညာပေး ကျန်းမာရေးဆွေးနွေးပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel Yangon ၌ ကျင်းပရာ ထိုင်းနိုင်ငံ ဘမ်ရွန်ဂရက်ဆေးရုံကြီးမှ အထူးကုသမားတော်ကြီးများက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရင်း အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲကို ထိုင်းနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ဘမ်ရွန်ဂရက်ဆေးရုံကြီးနှင့် Y.I.M Services တို့ ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။

"ကျန်းမာဖို့ဆိုရင် ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုမိုထိရောက်တယ်လို့ ယုံကြည်တယ်။ ဒါကြောင့် မိဘပြည်သူတွေကို ကျန်းမာရေးအတွက် ရောဂါတွေကို ဘယ်လိုကြိုတင်ကာကွယ်နိုင်မလဲ။ ရောဂါဖြစ်ပြီဆိုရင် ဘယ်လိုလျင်လျင်မြန်မြန် ကုသလို့ရမလဲဆိုတာတွေကို အခုလိုဟောပြောပွဲကနေ ကျန်းမာရေးအသိ ရှိလာမယ်"ဟု ထိုင်းနိုင်ငံ ဘမ်ရွန်ဂရက်ဆေးရုံကြီး၏ မြန်မာပြည်အခြေစိုက်ရုံး ဒါရိုက်တာ ဦးမိုးရဲကျော်က ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# သမိုင်းမှတ်တိုင်များနှင့် အာဇာနည်များရှိရာအရပ် (သို့မဟုတ်) အတွင်းဝန်ရုံးဟောင်း

သတင်းဆောင်းပါး . . ရဲခေါင်ညွှန့်၊ ဓာတ်ပုံ . . ဖိုးထောင်

အင်္ဂလိပ်အစိုးရလက်ထက် မြင်းစီးပုလိပ်များ အကြမ်းဖက်နှိမ်နင်းသဖြင့် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးရာနေရာ၊ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးရာနေရာ၊ အင်္ဂလိပ်လက်ထက် ယူနီယံဂျက်အလံကိုဖြုတ်ချ၍ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအလံကို ပထမဆုံး လွှင့်ထူခဲ့ရာနေရာ၊ မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတ စဝ်ရွှေသိုက် သမ္မတအဆောင်အယောင်အခမ်းအနားကို ရယူခဲ့ရာနေရာ...။

ထိုနေရာကား ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံးဟောင်း(ယခင်ဝန်ကြီးများရုံး)ဖြစ်သည်။ အဆိုပါ အတွင်းဝန်ရုံးဟောင်း၌ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန် ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရ၍ ကျဆုံးခဲ့ရသည်။

လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့သည့် ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် ဇူလိုင် ၁၉ ရက်ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ယခုဆိုလျှင်(၇၂) နှစ်ရှိခဲ့ပြီဖြစ်သည်။ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ် ဦးဘချို၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွားစဝ်စံထွန်း၊ မန်းဘခိုင်၊ ဦးရာဇတ်၊ အတွင်းဝန် ဦးအုန်းမောင်နှင့် ဦးရာဇတ်၏သက်တော်စောင့် ရဲဘော်ကိုထွေးတို့ အတွင်းဝန်ရုံးအတွင်း သွေးမြေခ ကျဆုံးခဲ့ရသည်။



အတွင်းဝန်ရုံးဟောင်းအတွင်း (၇၂) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပစဉ်။

(၇၂) နှစ်မြောက် အာဇာနည်နေ့ အလံတင်အလေးပြုခြင်းအခမ်းအနားကို အာဇာနည်များကျဆုံးရာ အတွင်းဝန်ရုံးဟောင်းတွင် ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် နိုင်ငံတော်အလံနှင့် အာဇာနည်ခေါင်းဆောင် အထိမ်းအမှတ်ကျောက်စာတိုင်အား မျက်နှာမူနေရာယူထားကြသည်။



ပါလီမန်အဆောက်အအုံအတွင်း အာဇာနည်ကိုးဦးအကြောင်း ပြသထားမှုကို ပြည်သူများကြည့်ရှုလေ့လာကြစဉ်။

အာဇာနည်ခေါင်းဆောင်များအား ဂါရဝပြုရန် တက်ရောက်လာသူ ရန်ကုန်အရှေ့ပိုင်း သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်သန်းလဲ့က "နိုင်ငံခေါင်းဆောင်ကြီးတွေကို လွမ်းဆွတ်သတိရခြင်း အမှတ်တရနဲ့ လာတာပါ။ ကျွန်မနဲ့အတူ ဆရာ ဆရာမတွေနဲ့ ဒုတိယနှစ်သင်တန်းသူ ၁၇ ဦး ပါပါတယ်။ နိုင်ငံခေါင်းဆောင်ကြီးတွေသာ သက်ရှိထင်ရှားရှိနေရင် ကျွန်မတို့နိုင်ငံက ခေတ်မီဖွံ့ဖြိုးပြီး တိုးတက်တဲ့နိုင်ငံကြီးဖြစ်နေပြီး ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ လမ်းစဉ်တွေနဲ့အတူ ကျွန်မတို့မျှော်မှန်းထားတဲ့ ပြည်သူလူထုရဲ့ဘဝတွေကိုလည်း မြှင့်တင်နိုင်မှာပါ"ဟု ပြောသည်။

အစိုးရ၊ ပြည်သူနှင့် အာဇာနည်နေ့ ဆက်စပ်မှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်၊ စာရေးဆရာမ သန်းမြင့်အောင်က "အာဇာနည်ခေါင်းဆောင်ကြီးတွေ အကြောင်းကို အမြဲသိနေဖို့ လေ့လာရမယ်။ စာဖတ်ရမယ်။ ဒီလိုဝမ်းနည်းစရာနေ့မှာ ပိုပြီးစိတ်လှုပ်ရှားတယ်။ ဒီနေရာရဲ့ အငွေ့အသက်တွေကို မြင်ရတဲ့အခါ ဇာတိသွေး ဇာတိမာန်တက်ကြွပြီး တိုင်းပြည်အတွက် စွန့်လွှတ်ချင်တဲ့စိတ်ဓာတ်တွေ ပေါ်လာကြတယ်။ ဒါဟာ မမေ့နိုင်တဲ့ နေ့တစ်နေ့ပါ" ဟု ဆိုသည်။

အတွင်းဝန်ရုံးဟောင်းအား အများပြည်သူများ ကြည့်ရှုနိုင်ရန်အတွက် အာဇာနည်နေ့ ဇူလိုင် ၁၉ ရက် မှ ၂၁ ရက်အထိ ဖွင့်လှစ်ပေးထားပြီး ဝင်ပေါက်အဖြစ် သိမ်ဖြူလမ်းဘက်မှ ဝင်ရောက်၍ ထွက်ပေါက်အဖြစ် ဗိုလ်အောင်ကျော်လမ်းဘက်အား သတ်မှတ်ပေးထားသည်။

အဆိုပါရုံးအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိထားသည့် အနော်မာစီမံကိန်းတာဝန်ခံ ဦးမျိုးမင်းဝင်းက "တိုင်းပြုပြည်ပြု လွှတ်တော်ပါလီမန်သမိုင်းခန်းမမှာဆို ကလေးပန်းချီနဲ့ အရေးကြီးတဲ့ သမိုင်းဆိုင်ရာ အချက်အလက်တွေလေ့လာနိုင်ပါတယ်။ အနောက်ဘက်အခြမ်းမှာတော့ အမျိုးသားပြတိုက်မှာထားရှိတဲ့ ဗိုလ်ချုပ်ကျဆုံးစဉ်က ကျန်ရစ်ခဲ့တဲ့ပစ္စည်း ၂၈ မျိုးကို TV နှစ်လုံးနဲ့ ပြသထားတယ်။ ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်တွေ ကျဆုံးစဉ်က အခန်းကိုတော့ မူလအတိုင်း ပြင်ဆင်လျက်ရှိတာကို ပရိဂျက်တာနဲ့ပြသထားပါတယ်။ ကြွခိုင်မှုအရ အပေါ်ကိုတော့ ပေးမတက်ပါဘူး"ဟု ပြောသည်။

ရုံးအတွင်းတွင် စာမျက်နှာ (၅၆) မျက်နှာ ပါဝင်သည့် အာဇာနည်နေ့ အမှတ်တရစာအုပ်များကို လိုက်လံဝေငှပေးနေပြီး စာအုပ်နောက်ကျောတွင်မူ ပြန်ကြားရေးဝန်ကြီးဌာနမှ အခမဲ့ထုတ်ဝေသည်ဟု ပါရှိသည်။ ထို့အတူ FGN ကုမ္ပဏီကလည်း ပဝါနှင့် Mask Cover များကို ဝေငှပေးနေသည်။

အထက(၅) ဗိုလ်တထောင်ကျောင်းအုပ်ကြီး ဒေါ်နန်းစန္ဒာအောင်က "ဗိုလ်တထောင် အထကကျောင်း ငါးကျောင်းက အလံတင်အခမ်းအနားမှာ လာရောက်ဂါဝရပြု၊ အလေးပြုခွင့်ရပါတယ်။ ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေကျဆုံးတာကို စာအုပ်ထဲမှာတွေ့ရတဲ့ အနေအထားကနေ ကိုယ်တိုင်လာရောက် လေ့လာကြခြင်း ဖြစ်ပါတယ်။ နောက် အာဇာနည်နေ့အကြောင်း ဟောပြောပွဲတွေလုပ်ထားတော့ နိုင်ငံခေါင်းဆောင်ကြီးတွေကျဆုံးတဲ့ အထိမ်းအမှတ်အခမ်းအနားတစ်ခုကို အခုလိုတက်ရောက်ခွင့်ရတော့ စိတ်လှုပ်ရှားနေကြတယ်" ဟု ပြောသည်။

အထက (၅) ဗိုလ်တထောင်မှ နဝမတန်းကျောင်းသူ မစုမြတ်နိုးက "အာဇာနည်နေ့နဲ့ ပတ်သက်တဲ့ စာတွေတော့ ဖတ်ဖြစ်တယ်။ အာဇာနည်နေ့က နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တဲ့ အာဇာနည်ခေါင်းဆောင် (၉) ဦး ကျဆုံးတဲ့နေ့ပါ။ ဝမ်းနည်းစရာနေ့တစ်နေ့ဖြစ်ပါတယ်။ ခေါင်းဆောင်တွေကို လာရောက်ဂါရဝပြုရတဲ့အတွက် ပီတိဖြစ်မိပါတယ်။ ကျန်တာတွေတော့ သိပ်မသိဘူး" ဟု သူသိထားသလောက် ဆိုသည်။

> "အာဇာနည်ခေါင်းဆောင်ကြီးတွေ အကြောင်းကို အမြဲသိနေဖို့ လေ့လာရမယ်။ စာဖတ်ရမယ်။ ဒီလိုဝမ်းနည်းစရာနေ့မှာ ပိုပြီး စိတ်လှုပ်ရှားတယ်။ ဒီနေရာရဲ့ အငွေ့အသက်တွေကို မြင်ရတဲ့အခါ ဇာတိသွေး ဇာတိမာန် တက်ကြွပြီး တိုင်းပြည်အတွက် စွန့်လွှတ်ချင်တဲ့စိတ်ဓာတ်တွေ ပေါ်လာကြတယ်။ ဒါဟာ မမေ့နိုင်တဲ့ နေ့တစ်နေ့ပါ"

အတွင်းဝန်ရုံးဟောင်းအတွင်းသို့ ဝင်ခွင့် စတင်ခွင့်ပြုသည့် နံနက် ၉ နာရီတွင်မူ ပြည်သူများတဖွဲဖွဲဝင်ရောက်လာနေသလို ဝန်ကြီးများရုံးပတ်လည်ရှိ သိမ်ဖြူလမ်း၊ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းတို့တွင် ဝင်ခွင့်ရရန် တန်းစီစောင့်ဆိုင်းလျက်..။

လှိုင်သာယာမြို့နယ် အမေ့အိမ်စာသင်ကျောင်းမှ ကျောင်းဆရာ ဆရာတာ တစ်ယောက် ကျောင်းသား၊ ကျောင်းသူများကို ဦးဆောင်ကာ အတွင်းဝန်ရုံးဟောင်းအတွင်းရှိ ပါလီမန်အဆောက်အဦအတွင်းသို့ ဝင်ရောက်လာသည်။

"ဒီနေရာကို အရင်ကလည်း ကျွန်တော်ရောက်ဖူးတယ်။ အသစ်အဆန်းမဟုတ်ပေမယ့် မရောက်ဖူးတဲ့ ကျောင်းသားကျောင်းသူတွေအတွက် ရည်ရွယ်တယ်။ ဒါကြောင့် သူတို့ကို လိုက်လံပြသတာပါ။ ကျောင်းသား ကျောင်းသူ ၃၀၀ ကို ခေါ်လာတာပါ။ အာဇာနည်နေ့က လူတိုင်းသိပေမယ့် ကလေးတွေ ပိုသိလာအောင်ပါ။ ပြတိုက်နဲ့ ဗိုလ်ချုပ်ကြေးရုပ်ကိုလည်း လိုက်ပို့ဦးမယ်။ အခုလို လုပ်ပေးတဲ့အတွက် အာဇာနည်နေ့က ဘယ်လိုလဲဆိုတာ ကလေးတွေအပါအဝင် အားလုံး ဂဃနဏ မြင်ဖူးတွေ့ဖူးအောင်ပါ " ဟု ဆရာတာက ပြောသည်။

အတွင်းဝန်ရုံးဟောင်း၏ ပါလီမန် အဆောက်အဦတွင် အာဇာနည်ခေါင်းဆောင်များအကြောင်း ဗီနိုင်းပိုစတာများ၊ ကလေးပန်းချီများ၊ အစည်းအဝေးခန်းမ၊ မြန်မာနိုင်ငံတွင် ပြောင်းလဲအသုံးပြုခဲ့သည့် အလံများနှင့် အတွင်းဝန်ရုံးဟောင်း၏ သမိုင်းဝင်ဖြစ်ရပ်များအကြောင်းကို ပြသထားသည်။

အတွင်းဝန်ရုံးဟောင်းအနောက်ဘက် ဗိုလ်ချုပ်နှင့် အာဇာနည်များကျဆုံးရာနေရာ ခန်းမအောက်တွင် ပရိဂျက်တာဖြင့် ပြသထားသည့် အစည်းအဝေးခန်းမနှင့် လုပ်ကြံခံရသည့်အချိန်တွင် ကျန်နေရစ်သည့် ပစ္စည်းများကို စိတ်ဝင်တစားကြည့်ရှုနေသည့် သားအမိနှစ်ယောက်အား လာရောက်ရသည့် ရည်ရွယ်ချက်ကို မေးကြည့်သောအခါ ယခုကဲ့သို့ ဖြေဆိုသည်။

"သမီးလေးကို လိုက်ပို့တာပါ။ သမီးက အာဇာနည်နေ့အကြောင်း စာတော့သင်ရတယ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာ ကလေးတွေရဲ့ရင်ထဲမှာလည်း အာဇာနည်ခေါင်းဆောင်ကြီးတွေ ဘယ်လိုသက်စွန့်ကြိုးပမ်းခဲ့သလဲ။ ဒါသည် မြန်မာလူမျိုးတွေရဲ့ သမိုင်းဝင်နေ့ တစ်နေ့..။ ရင်ထဲမှာ အမြဲငိုနေရတဲ့နေ့..။ ဒါကို အမေတွေက လက်ဆင့်ကမ်းပြီး သမီးကို ပြောပြချင်လို့ ခေါ်လာခဲ့တာပါ။ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေ သာ သက်ရှိထင်ရှားရှိနေရင် နိုင်ငံက အလွန်တိုးတက်နေမယ်လို့ ထင်ပါတယ်။ သူတို့သာရှိခဲ့မယ်ဆိုရင် တိုင်းပြည်က စည်းကမ်းတွေလည်းရှိမယ်"ဟု ကြည့်မြင်တိုင်တွင်နေထိုင်သည့် ဆရာမ ဒေါ်ခင်လှဝင်းက ပြောသည်။

*စာမျက်နှာ ၁၁ သို့*

# သပိတ်ကျင်း၊ စဉ့်ကိုင်နှင့် စဉ့်ကူးမြို့နယ်တို့တွင် ဧရာဝတီမြစ်ရေတက်မှုကြောင့် အိမ်ထောင်စု ၃၀၀ ကျော် ရေဘေးသင့်

**နေပြည်တော် ဇူလိုင် ၂၀**

သပိတ်ကျင်းမြို့နယ်အတွင်း ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁ နာရီမှ ၇ နာရီခွဲအထိ ဧရာဝတီမြစ်ရေမြင့်တက်ပြီး ရေလေးပေခန့် ဝင်ရောက်မှုကြောင့် တကောင်းမြို့ရပ်ကွက်သုံးခုနှင့် ကျေးရွာလေးရွာတို့မှ အိမ်ထောင်စု ၁၉၄ စု၊ လူဦးရေ ၈၃၁ ဦးတို့သည် နီးစပ်ရာ ဆွေမျိုးများနေအိမ်သို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်းနှင့် စာသင်ကျောင်းတစ်ကျောင်း ယာယီပိတ်ထားကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က စဉ့်ကိုင်မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်ပြီး ရေသုံးပေခန့် ဝင်ရောက်မှုကြောင့် တစ်ဖက်ဆွဲကျေးရွာအုပ်စုဝင် ကျေးရွာနှစ်ရွာမှ အိမ်ထောင်စု ၃၂ စု၊ လူဦးရေ ၁၈၄ ဦးတို့သည် နီးစပ်ရာ ဆွေမျိုးများ နေအိမ်သို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။

ထို့အပြင် ညနေ ၃ နာရီက စဉ့်ကူးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်ပြီး ရေလေးပေခန့် ဝင်ရောက်မှုကြောင့် (၁)ရပ်ကွက်မှ အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၆၄ ဦးတို့သည် အဆိုပါရပ်ကွက်ရှိ ရွှေရပ်တော်ဘုရားသို့လည်းကောင်း၊ (၂)ရပ်ကွက်မှ အိမ်ထောင်စု ၄ စု၊ လူဦးရေ ၂၁ ဦးတို့သည် (၁)ရပ်ကွက်ရှိ သီရိရတနာခန်းမသို့လည်းကောင်း၊ ဆည်ကြီးကျေးရွာပါ သုံးရွာတို့မှ အိမ်ထောင်စု ၆၆ စု၊ လူဦးရေ ၂၈၂ ဦးတို့သည် နီးစပ်ရာ ဆွေမျိုးများ၏ နေအိမ်သို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



**စဉ့်ကူးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေနစ်မြုပ်သည့် နေအိမ်များကို တွေ့ရစဉ်။**

# ကော့သောင်းမြို့တွင် မိုးသည်းထန်သဖြင့် မြေပြိုမှုဖြစ်

**ကော့သောင်း ဇူလိုင် ၂၀**

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းသဖြင့် ယမန်နေ့ ညနေပိုင်းက ကော့သောင်းမြို့ ရွှေဟသ်ာရပ်ကွက် ရွာမလမ်းဘေး တောင်စောင်းများပေါ်မှ မြေပြိုခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းခဲ့ရာမှ ရွှေဟသ်ာရပ်ကွက် ရွာမလမ်းဘေး အမြင့်ပေ ၁၅၀ ခန့်ရှိ တောင်စောင်းများပေါ်မှ မြေသားထုများ ပြိုကျမှုကြောင့် တောင်ခြေရှိ အများပြည်သူသုံး ရေတွင်းတစ်ခု၏ အမိုးပေါ်သို့ ပိမိကာပျက်စီးဆုံးရှုံးခဲ့သည်။

မြေပြိုကျသည့်နေရာသို့ ကော့သောင်းခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သဘာဝဘေးစီမံခန့်ခွဲမှု အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရပ်ကွက်ပြည်သူများ စုပေါင်းရှင်းလင်းဖယ်ရှားခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



**မြေပြိုကျသည့်နေရာအား ပူးပေါင်းအဖွဲ့များက ရှင်းလင်းပေးစဉ်။**

# စစ်ကိုင်းမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရပ်ကွက်၊ ကျေးရွာများ ရေဝင်နစ်မြုပ်

**စစ်ကိုင်း ဇူလိုင် ၂၀**


ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် စစ်ကိုင်းမြို့ အနိမ့်ပိုင်းရပ်ကွက်များနှင့် မြို့အနောက်ဘက်ရှိ ကျေးရွာများ ရေဝင်နစ်မြုပ်နေကြောင်း ဒေသခံများထံက သိရသည်။

စစ်ကိုင်းမြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော သောတာပန်၊ ထုံးဘို၊ မြေဝတီ၊ တကောင်း၊ ချင်းစု၊ အုက်စက်၊ ဒါးဝယ်ဈေး စသည့်ရပ်ကွက်များတွင် ဧရာဝတီမြစ်ရေ စတင်ဝင်ရောက်ကာ နေအိမ်များ၊ လမ်းများတွင် မြစ်ရေနစ်မြုပ်လျက်ရှိသည်။ အလားတူ စစ်ကိုင်းမြို့ အနောက်ဘက်ရှိ ကျေးရွာများဖြစ်သော ညောင်ကုန်း၊ ကန္တားတောင်၊ ဂုန်ညင်းထောင်၊ တဲကြီး၊ နေပူကုန်း၊ မအူပင် စသည့်ကျေးရွာများတွင် ရေဝင်နစ်မြုပ်မှု ဖြစ်ပွားနေသဖြင့် ရေဝင်နစ်မြုပ်သည့် ကျေးရွာများမှ ဒေသခံများ၊ နွားများ ဘေးလွတ်ရာဖြစ်သည့် ဘုရားစေတီများ၊ ဘုန်းကြီးကျောင်းများသို့ ရွှေ့ပြောင်း၍ နေထိုင်နေရကြောင်း သိရသည်။

"ရေက တက်တာမြန်တယ်။ ဒီမနက် တော်တော်များများ ဘေးလွတ်ရာကို ရွှေ့နေရတယ်။ အိမ်တွေ အကုန်မြုပ်လို့ ခုငါးထပ်ကြီးဘုရားဝင်းအတွင်းမှာ ဒီမနက်ကို အိမ်ထောင်စု ၇၀ ကျော် ရွှေ့နေရပါတယ်။ စားဖို့သောက်ဖို့ကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ်ပါ" ဟု နေပူကုန်းကျေးရွာမှ ဦးငြိမ်းလင်းက ပြောသည်။

ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ဇူလိုင် ၁၉ ရက် စာရင်းများအရ စစ်ကိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း ခုနစ်ကျောင်း ပိတ်ထားရပြီး အိမ်ထောင်စု ၈၄ စု၊ လူဦးရေ ၃၇၀ ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်နေရကြောင်းနှင့် ဇူလိုင် ၂၀ ရက်တွင်လည်း ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရွှေ့ပြောင်းနေထိုင်နေရသည့် အိမ်ထောင်စုများစွာရှိကြောင်း စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

**ခိုင်ဇေယျ**



**ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ဒုဋ္ဌဝတီမြစ်ရေမြင့်တက်နေမှုကို ရန်ကုန်-မန္တလေးကားလမ်းမပေါ်ရှိ မြစ်ငယ်တံတားပေါ်မှ မြင်တွေ့ရစဉ်။**

ချမ်းသာ (မိတ္ထီလာ)

*စာမျက်နှာ ၁၀ မှ*

မကွေး၊ နတ်မောက်ဇာတိ ရန်ကုန်ပညာရေးတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသူ မယဉ်မာမိုးက "ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသားသမဂ္ဂက ဦးဆောင်ပြီး လာတာပါ။ သူငယ်ချင်း အယောက် ၅၀ လောက်ပါတယ်။ ဒီနှစ်က ကျောင်းနောက်ဆုံးနှစ်ဆိုတော့ မရောက်ရောက်အောင်လာတာ။ ပထမဆုံးရောက်ဖူးတာဆိုတော့ တစ်မျိုးကြီးပဲ။ ရင်ထဲမှာ ခံစားရတာ ပြောမပြတတ်ဘူး။ ကြည်နူးသလိုလို၊ ဝမ်းနည်းသလိုလိုပဲ။ ကျောင်းဆရာမ လုပ်ရမှာဆိုတော့ ညီမတို့ရဲ့ ကျောင်းသားကျောင်းသူ ကလေးတွေကို အာဇာနည်နေ့အကြောင်း အများကြီးပြောပြမယ်။ များသောအားဖြင့် အာဇာနည်နေ့ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းပဲ သိကြတာ။ ဗိုလ်ချုပ်တင်မဟုတ်ဘဲ အာဇာနည်ကိုးဦးအကြောင်း ပြောပြပြီး သူတို့လမ်းစဉ်ကို လိုက်နာနိုင်အောင် သင်ပေးမှာပါ" ဟု ပြောသည်။

အတွင်းဝန်ရုံးဟောင်း အဆောက်အဦ မဟာဗန္ဓုလလမ်းဘက်အခြမ်းကို အင်္ဂလိပ်လက်ထက် ၁၈၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၀၂ ခုနှစ်တွင် ပြီးစီးခဲ့သည်။ အင်္ဂလိပ်အုပ်ချုပ်ရေး ယန္တရားကို တည်ဆောက်ရန် မလုံလောက်သောကြောင့် ၁၉၀၂ ခုနှစ်တွင်ပင် သိမ်ဖြူလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဘက်ခြမ်းကို ဆက်လက်တည်ဆောက်ခဲ့ပြီး ၁၉၀၅ ခုနှစ်တွင် ပြီးစီးသည်။ အနော်ရထာလမ်းဘက်မှ မြင်ရသည့် မြင်းဇောင်းများကို ၁၉၀၀ ပြည့်နှစ်ကျော်တွင်ပင် ဆက်လက်တည်ဆောက်ခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော် ပါလီမန်ကို ၁၉၂၇ ခုနှစ်နောက်ပိုင်းတွင် ဆက်လက်တည်ဆောက်ခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရကြောင်း အနော်မာစီမံကိန်း တာဝန်ခံ ဦးမျိုးမင်းဝင်းက ပြောသည်။

မကြာမီကာလအတွင်း ပြတိုက်အဖြစ် တွေ့မြင်ရမည့် အတွင်းဝန်ရုံးဟောင်းသည် စကားမပြောသည့် သမိုင်းသက်သေများ တည်ရှိနေသလို လွတ်လပ်ရေးကြိုးပမ်းခဲ့သူ အာဇာနည်သူရဲကောင်းတို့ရှိခဲ့ရာ အရပ်ဖြစ်ပေသည်။ ။

# စားသုံးသူများဘက်က တိုင်ကြားမှုအများဆုံးမှာ ဝန်ဆောင်မှုဆိုင်ရာ မကျေနပ်ချက်များဖြစ်နေ

**မကွေး ဇူလိုင် ၂၀**

နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ၂၀၁၆ ခုနှစ် ဇူလိုင်လက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information Complaint Center- CICC )များ ဖွင့်လှစ်ခဲ့ပြီး နောက်ပိုင်း ဝန်ဆောင်မှုဆိုင်ရာ မကျေနပ်ချက်များနှင့် ပတ်သက်၍ စားသုံးသူများဘက်က တိုင်ကြားမှု များပြားနေကြောင်း မကွေးတိုင်းဒေသကြီး CICC စင်တာမှ သိရသည်။

ဝန်ဆောင်မှုလုပ်ငန်းများစွာရှိသည့်အနက် ကုန်ပစ္စည်းပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှု၊ စားသောက်ဆိုင်ဝန်ဆောင်မှု၊ တောင်သူဆိုင်ရာ စက်ပစ္စည်းအရောင်းဝန်ဆောင်မှု၊ ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှု စသည့်ဝန်ဆောင်မှုများနှင့် ပတ်သက်ပြီး တိုင်ကြားမှုများ ရှိနေခြင်းဖြစ်သည်။

"ဆက်သွယ်ရေးအော်ပရေတာ ဝန်ဆောင်မှုတစ်ခုနဲ့ ပတ်သက်တဲ့ တိုင်စာတွေက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ၄၀၀ ကျော်တယ်။ ဒီအထဲမှာ မကွေးတိုင်းဒေသကြီးက ၁၅ ဦးပါတယ်။ မကွေးတိုင်းဒေသကြီးမှာ CICC စဖွင့်တဲ့ အချိန်ကစပြီး ဒီနေ့ထိ တိုင်စာပေါင်း ၂၀ ကျော် လက်ခံရရှိခဲ့ပါတယ်။ အားလုံးဖြေရှင်းပြီးပါပြီ။ တိုင်စာတွေက ဝန်ဆောင်မှု မကျေနပ်တာတွေ များပါတယ်"ဟု မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးအေးမိုးက ပြောသည်။

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် အမှတ် ၉၊ စားသုံးသူကာကွယ်ရေးဥပဒေ၏ အခန်း(၁၀)၊ ပုဒ်မ ၂၁(က)တွင် ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှု၏ အာမခံချက်၊ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်းဟု ပါရှိပြီး ပုဒ်မ ၂၆(က)တွင် မိမိဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အချက်အလက်များကို စားသုံးသူ သိရှိစေရန် ကြိုတင်အသိပေးခြင်းဟု ဖော်ပြကာ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်အဖြစ် သတ်မှတ်ပေးထားသည်။

၂၀၂၀ ခုနှစ် မတ်လ ၁၅ ရက်နေ့မှ စတင်အသက်ဝင်မည့် ဥပဒေ၌ စားသုံးသူရေးရာဦးစီးဌာန၏ စီမံခန့်ခွဲရေးနည်းလမ်းများဖြစ်သည့် သတိပေးခြင်း၊ ပြန်လည်ပြင်ဆင်ပေးစေခြင်း၊ အစားထိုးပေးစေခြင်း၊ ဆုံးရှုံးမှုတန်ဖိုးပေးလျော်စေခြင်း၊ ဒဏ်ကြေးချခြင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုကို ကာလအကန့်အသတ်ဖြင့်ပိတ်ခြင်း၊ လုပ်ငန်းလိုင်စင် ယာယီ(သို့)အမြဲတမ်း ပိတ်သိမ်းခြင်းတို့ ပါဝင်နေပြီး အမြင့်ဆုံးပြစ်ဒဏ်အဖြစ် ထောင်ဒဏ်(၂)နှစ်နှင့် ငွေဒဏ်ကျပ်သိန်း ၂၀၀ ထိ ပါဝင်လျက်ရှိသည်။

**ဇေယျာတု(မကွေး)**

# ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြားပစ်အားကစားသမားများ လူရွေးချယ်ရေးယှဉ်ပြိုင်

**ရန်ကုန် ဇူလိုင် ၂၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြားပစ်အားကစားသမားများ လူရွေးချယ်ရေးမြားပစ်ပြိုင်ပွဲကို ဇူလိုင် ၁၉ ရက်က ရန်ကုန်မြို့ ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပသည်။



ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြားပစ်အားကစားသမားများ လူရွေးချယ်ရေးအတွက် ယှဉ်ပြိုင်နေစဉ်။

"ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ ဂုဏ်သိက္ခာရှိရှိ သမာသမတ်ကျကျ ရွေးချယ်နိုင်ရေး၊ နည်းပြများအနေနဲ့လည်း ဘက်လိုက်မှုမရှိစေဘဲ စည်းကမ်းလိုက်နာမှု ၊ လေ့ကျင့်ချိန်မှန်ကန်မှု၊ စံချိန်များတိုးတက်မှုနဲ့ အပတ်စဉ်လက်ရည်စစ်စံချိန်များ တိုးတက်ကောင်းမွန်မှုသာ ရွေးချယ်သွားရမှာ ဖြစ်ပါတယ်။ အရွေးမခံရတဲ့ အားကစားသမားအနေနဲ့လည်း စိတ်ဓာတ်မကျစေဘဲ အခြားအိုလံပစ်ပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲတွေကို ဆက်လက်ယှဉ်ပြိုင်နိုင်ဖို့ လေ့ကျင့်သွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇေသီဟက ပြောသည်။

အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက "ပဏာမမြားပစ်အားကစားသမားများကို ပြိုင်ပွဲဝင်ပုံစံ အမှတ်ယူမယ်။ အပတ်စဉ်တရားဝင်စံချိန်ယူခြင်းတွေနဲ့ သတ်မှတ်စံချိန်ပြည့်မီသူတွေ ရွေးချယ်သွားမယ်။ သတ်မှတ်စံချိန်ရရှိပါက ပြိုင်ပွဲအလိုက် ရွေးချယ်မယ်။ လူရွေးချယ်ရာ မှာ အပတ်စဉ် သုံးကြိမ်စံချိန်ယူပြီး ၎င်းစံချိန်အပေါ် လူရွေးချယ်မှုကို ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ နောက်ဆုံးလူဖြတ်မယ့်စာရင်းကို ဩဂုတ်တတိယပတ်မှာ ပြုလုပ်သွားမယ်။ သတ်မှတ်စံချိန်ရမှသာ ဆီးဂိမ်းကို စေလွှတ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် Asia Cup World Ranking Tournament Stage III၊ SEAG Test Event-2019 နှင့် ၂၀၂၀ တိုကျိုအိုလံပစ် လက်ရည်စစ် ဝင်ပြိုင်နိုင်ရေးအတွက်လည်း ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ယခုစခန်းသွင်းထားသော လက်ရွေးစင်အားကစားသမားများအား ကိုရီးယားနိုင်ငံမှ နည်းပြ Mr. Youn Byung Sun ဖြင့် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲ၌ Compound တွင် အမျိုးသား အမျိုးသမီးသုံးဦးစီ၊ Recurve တွင် အမျိုးသားလေးဦး၊ အမျိုးသမီး သုံးဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

---

# မြန်မာ ယူ-၁၅ အမျိုးသားအသင်းနည်းပြချုပ်အဖြစ် တော်စတန်ဖရန့်ခ်ကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၅ အမျိုးသားအသင်းနည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား တော်စတန်ဖရန့်ခ်ကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်လိုက်ပြီဖြစ်သည်။

တော်စတန်ဖရန့်ခ်သည် ဘူတန်လက်ရွေးစင်အသင်းနှင့် ဂျာမနီ၊ ယီမင်၊ နီပေါ လူငယ်အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးသူဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ ယူ-၁၅ အသင်းအတွက် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ နည်းပြသစ်သည် ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၉ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် စတင် ကိုင်တွယ်ရမည်ဖြစ်ပြီး ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲနှစ်ခုတွင် အတိုင်းအတာတစ်ခုထိ အောင်မြင်မှုရအောင် စွမ်းဆောင်ပေးရမည်ဖြစ်သည်။

တော်စတန်ဖရန့်ခ်သည် ဇူလိုင် ၂၀ ရက်တွင် မြန်မာ ယူ-၁၅ အသင်းကို စတင်ကိုင်တွယ်နေပြီဖြစ်ပြီး အာဆီယံပြိုင်ပွဲအတွက် ပြင်ဆင်ချိန်တစ်ပတ်ကျော်သာရမည်ဖြစ်သည်။ နည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့သည့် ဂျပန်နိုင်ငံသား နည်းပြတာကူမာမှာမူ လက်ထောက်နည်းပြအဖြစ် ပြောင်းလဲတာဝန်ယူမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မူလက မြန်မာ ယူ-၁၅ အမျိုးသားအသင်းနည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား မာရီနတ်စ်ကို ခန့်အပ်ရန် သဘောတူညီမှုရခဲ့သော်လည်း နောက်ဆုံးအချိန်တွင် ပျက်ပြယ်ခဲ့သောကြောင့် ဂျာမနီနိုင်ငံသား တော်စတန်ဖရန့်ခ်ကို ပြောင်းလဲခန့်အပ်ခဲ့ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

---

# မန္တလေးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဘူမိဗေဒအမျိုးသားအသင်းနှင့် သတ္တဗေဒအမျိုးသမီးအသင်းတို့ ဗိုလ်စွဲ

**မန္တလေး ဇူလိုင် ၂၀**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် မန္တလေးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၄ နာရီက မန္တလေးတက္ကသိုလ် မိုးလုံလေလုံ အားကစားရုံသစ်၌ ကျင်းပသည်။

အမျိုးသားပွဲစဉ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုကို ဘူမိဗေဒအသင်းနှင့် ဒုတိယဆုကို သတ္တဗေဒအသင်းက ရရှိကြသည်။

အမျိုးသမီးပွဲစဉ် ဗိုလ်လုပွဲတွင် ပထမဆုကို သတ္တဗေဒအသင်းနှင့် ဒုတိယဆုကို သင်္ချာအသင်းက ရရှိခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲကို မန္တလေးတက္ကသိုလ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း၊ အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုရအသင်းများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

---

❋ *ကျောဖုံးမှ*

ပွဲထွက်လာသည်။ ကွင်းလယ်ဒိုင်အဖြစ် ကင်မရွန်းနိုင်ငံသား ဆီဒီအယ်လီအူအမ်ကတာဝန်ယူခဲ့သည်။ ယင်းပွဲတွင် ပွဲစပြီး နှစ်မိနစ်တွင် ဘန်နားဆား၏ဖန်တီးမှုမှတစ်ဆင့် တိုက်စစ်မှူး ဘွန်နက်ဂျာက အယ်လ်ဂျီးရီးယားအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ ဆီနီဂေါအသင်းသည် ချေပဂိုးရရှိရန် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားခဲ့ပြီး အယ်လ်ဂျီးရီးယားနောက်တန်းနှင့် ဂိုးသမား အမ်ဘိုလ်ဟီ၏ လက်စွမ်းပြမှုကြောင့် ချေပဂိုးမရခဲ့ပေ။ ယင်းပွဲတွင် ဆီနီဂေါအသင်းသည် ဂိုးကန်သွင်းခွင့် ၁၂ ကြိမ်အထိ ရရှိခဲ့ပြီး သုံးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ကာ အယ်လ်ဂျီးရီးယားအသင်းသည် ဂိုးကန်သွင်းခွင့် တစ်ကြိမ်သာရရှိခဲ့ပြီး ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

အာဖရိကဖလားကို အယ်လ်ဂျီးရီးယားအသင်းသည် ၁၉၉၀ ပြည့်နှစ်နှင့် ယခုနှစ်တွင် နှစ်ကြိမ်ရရှိခဲ့ပြီး ဆီနီဂေါအသင်းသည် ဖလားမရရှိဖူးသေးဘဲ ဗိုလ်လုပွဲသို့ ၂၀၀၂ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် နှစ်ကြိမ်တက်ရောက်ခဲ့ကာ ဒုတိယနေရာနှင့်သာ ကျေနပ်ခဲ့ရသည်။ ၂၀၁၉ အာဖရိကဖလားပြိုင်ပွဲတွင် အကောင်းဆုံးကစားသမားဆုအဖြစ် အယ်လ်ဂျီးရီးယားကွင်းလယ်ကစားသမား ဘန်နားဆားရရှိခဲ့ပြီး ဂိုးသွင်းအများဆုံးဆုကို ငါးဂိုးသွင်းယူထားသည့် နိုင်ဂျီးရီးယား ကစားသမား အစ်ဟာလို၊ အကောင်းဆုံးဂိုးသမားဆုအဖြစ် အယ်လ်ဂျီးရီးယားဂိုးသမား အမ်ဘိုလ်ဟီနှင့်အသန့်ရှင်းဆုံးအသင်းဆု ဆီနီဂေါအသင်း ရရှိခဲ့သည်။ ၂၀၁၉ အာဖရိကဖလား ဆုကြေးအဖြစ် ချန်ပီယံ အယ်လ်ဂျီးရီးယားအသင်းကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်း ချီးမြှင့်ခဲ့ပြီး ဒုတိယဆုရရှိသည့် ဆီနီဂေါအသင်းကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း ချီးမြှင့်ခဲ့သည်။

အာဖရိကဖလားပြိုင်ပွဲကြီးကို ၁၉၅၇ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ အအောင်မြင်ဆုံးအသင်းအဖြစ် အီဂျစ်က ခုနစ်ကြိမ်ဆွတ်ခူးထားပြီး ဒုတိယနေရာတွင် ငါးကြိမ်ဖြင့် ကင်မရွန်းနှင့် လေးကြိမ်ဖြင့် ဂါနာက တတိယနေရာတွင် ရပ်တည်နေသည်။ ၂၀၂၁ အာဖရိကဖလား ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် ကင်မရွန်းနိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။

**သီဟ**

---

# ယူ-၁၃ တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၁၉ MFF ယူ-၁၃ တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ စတင်ကျင်းပသည်။

ပထမနေ့မတိုင်မီ ဖွင့်ပွဲအခမ်းအနားကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နံနက်ပိုင်း ကျင်းပသည့်ပွဲများတွင် ဧရာဝတီအသင်း က ရခိုင်အသင်းကို ၁၃ ဂိုး-ဂိုးမရှိ၊ ရှမ်း (မြောက်) အသင်းက မန္တလေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ညနေပိုင်းကျင်းပသည့် ပွဲများတွင် နေပြည်တော်အသင်းက ချင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ရှမ်း (အရှေ့) နှင့် ရှမ်း (တောင်) အသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။

ပြိုင်ပွဲဒုတိယနေ့ကို ဇူလိုင် ၂၁ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် မွန်အသင်းနှင့် စစ်ကိုင်းအသင်း၊ ကယားအသင်းနှင့် ပဲခူးအသင်း၊ ညနေ ၄ နာရီတွင် ရန်ကုန်အသင်းနှင့် တနင်္သာရီအသင်း၊ မကွေးအသင်းနှင့် ကရင်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

---

❒ *ကျောဖုံးမှ*

မကွေးအသင်းသည် ယခုပွဲတွင်လည်း ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၈ မိနစ်မှာပင် ဇင်မင်းထွန်းက စစ်ကိုင်းဂိုးသမားကိုကျော်ပြီး အဖွင့်ဂိုး သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် စစ်ကိုင်းအသင်းက ချေပဂိုးပြန်ရရန်ကြိုးပမ်းသော်လည်း မကွေးအသင်းက ထိန်းချုပ်နိုင်ခဲ့ပြီး ၂၁ မိနစ်တွင် စိုးလွင်လွင်၏ ဖန်တီးပေးမှုမှတစ်ဆင့် ပြည်မိုးက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ စစ်ကိုင်းအသင်းသည် ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း အဆုံးသတ်အားနည်းခဲ့၍ ပထမပိုင်းအပြီးတွင် နှစ်ဂိုးပြတ်ရှုံးနိမ့်နေသည်။ ဒုတိယပိုင်းတွင် စစ်ကိုင်းအသင်းက ချေပဂိုးရရန် ကြိုးပမ်းသလို မကွေးအသင်းကလည်း အနိုင်ရလဒ်ကိုထိန်းပြီး ဂိုးထပ်ရရန် ကြိုးပမ်းခဲ့သည်။ နှစ်သင်းစလုံးအခွင့်အရေးများ အသုံးမချနိုင်သောကြောင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ဒဂုံအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ဆယ်လာ၊ သန်းပိုင်စသည့်ကစားသမားများကို အနားပေးထားသော်လည်း ပုံစံကောင်းပြသနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၅၊ ၄၂ မိနစ်တွင် ကောင်းထက်စိုး၊ ၄၉ မိနစ်တွင် မောင်မောင်လွင်တို့က သွင်းယူခဲ့သည်။

ပဲခူး Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် သုံးပွဲဆက် ရှုံးပွဲကြုံတွေ့မှုကို ရပ်တန့်နိုင်ခဲ့ပြီး နိုင်ပွဲပြန်ရခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအတွက် ဂိုးများကို ၂၄ မိနစ်တွင် ညီညီအောင်-၂ နှင့် ၈၉ မိနစ်တွင် အောင်မျိုးသူရတို့က သွင်းယူကာ ရခိုင်အတွက် ချေပဂိုးကို ၅၄ မိနစ်တွင် ငြိမ်းချမ်းက သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇူလိုင် ၂၁ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် Southern အသင်း၊ သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

---

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဘာစီလိုနာအသင်း နေမာအတွက် ကမ်းလှမ်းမှုပြုလုပ်**

ဘာစီလိုနာအသင်းသည် ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား နေမာ (၂၇နှစ်) အတွက် ပေါင်သန်း ၉၀ အပြင် ကစားသမားနှစ်ဦးပါ အလိုက်ပေး ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆဲလ်ဆိုကို ခေါ်ယူဖွယ်ရှိနေသည့် တော့တင်ဟမ်**

တော့တင်ဟမ်အသင်းသည် ရီးရဲဘက်တစ်အသင်းမှ အာဂျင်တီးနားကွင်းလယ်ကစားသမား ဂျီယိုဗန်နီလို ဆဲလ်ဆို (၂၃နှစ်) ကို ပေါင်သန်း ၇၀ ဖြင့် ခေါ်ယူဖွယ်ရှိနေကြောင်း မေးရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ပီအက်စ်ဂျီနှင့် ရှော်ကေးအသင်း ဒန်နီရိုစ့်ကို ခေါ်ယူရန် စိတ်ဝင်စားနေ**

ပီအက်စ်ဂျီနှင့် ရှော်ကေးအသင်းတို့သည် တော့တင်ဟမ်အသင်းက ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ သတ်မှတ်ထားသော အသက် ၂၉ နှစ် အရွယ် အင်္ဂလန်ဗဟိုခံစစ်ကစားသမား ဒန်နီရိုစ့်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အဲဗာတန်ကို ခေါ်ယူရန် နီးစပ်လာသည့် အာဆင်နယ်**

အာဆင်နယ်အသင်းသည် ဂရီမီယိုအသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား အဲဗာတန် (၂၃နှစ်) ကို ပေါင် ၃၉ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း စပိန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ခရစ္စတယ်လ်ပဲလေ့စ်အသင်းမှ ထွက်ခွာလိုနေသည့် ဇာဟာ**

အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားခြင်းခံနေရသော အိုင်ဗရီကို့စ်တိုက်စစ်ကစားသမား ဇာဟာ (၂၆ နှစ်) သည် အသင်းမှ ထွက်ခွာလိုသည်ဟု ခရစ္စတယ်လ်ပဲလေ့စ်အသင်းသို့ ပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ချယ်လ်ဆီးနှင့် သက်တမ်းတိုးရန် နီးစပ်လာသည့် အိုဒွိုင်း**

ချယ်လ်ဆီးအသင်းမှ တိုက်စစ်ကစားသမား အိုဒွိုင်း (၁၈နှစ်) သည် တစ်ပတ် ပေါင်တစ်သိန်းဖြင့် ငါးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရေးနှင့်ပတ်သက်ပြီး သဘောတူညီမှု ရရှိရန် နီးစပ်ပြီဖြစ်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ


ဖြိုးဝေအောင်(ခ)ဇီလေးအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၀**

မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲက မိုးမောက်မြို့နယ် ကျောက်စခန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဖြိုးဝေအောင်(ခ)ဇီလေး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၅၄၀ တန်ဖိုးရှိ ဘိန်းဖြူ ၁ ဒသမ ၅၄ ကီလို၊ ငွေကျပ် ၁၅၀၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ATM ကတ် နှစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၃၃) ထားဝယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်နေ သန့်ဇင်မျိုး(ခ)နူတ်ခမ်းမွှေး၏နေအိမ်ကို ရှာဖွေရာ ၎င်းမှာထွက်ပြေးသွားပြီး ဇနီးဖြစ်သူ မအိအိမြတ်နိုး(ခ)နိုးနိုးအား တွေ့ရှိသဖြင့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ မွန်းတည့် ၁၂ နာရီတွင် တပ်မတော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် စီပိန်းကျေးရွာအုပ်စု ပင်ကြိမ်(ရွာသစ်)ကျေးရွာနေ မတင်တင်မြင့်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁၅ ပြားနှင့် ငွေကျပ် ၃၀၀၀၀၀ တို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်းတွင် မင်းဇော်(ခ)အိုက်ပီးနှင့် စိုင်းလိန်ဆိုင်တို့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မြန်မာ့ရုပ်မြင်သံကြား

၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၃၅ - "မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်မှသည် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဆီ"
၉:၁၅ - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မိုးကုတ်မြို့ ညောင်သုံးပင် သာမဏေကျော်စာသင်တိုက်၊ ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာအရှင်တေဇောသာရာဘိဝံသ ဟောကြားတော်မူအပ်သော ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်အဌကထာလာ "အနတ္တလက္ခဏသုတ် တရားတော်"
၁၀:၀၀ - Sunday Talk
၁၀:၃၀ - BBC ခံစားကြည့် "သယံဇာတဆွေးနွေးပွဲ" (စကားဝိုင်း)
၁၂:၅၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "ရတနာပုံ" (မောင်တင်မောင်၊ ကြည်ကြည်ဌေး၊ တင်တင်မူ) (ဒါရိုက်တာ-မောင်တင်မောင်)

**ညပိုင်း**

၁၅:၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Shan United FC Vs Ayeyawady United FC)
၁၇:၃၀ - MRTV Travelogue
၁၇:၅၅ - အခြေအနေအချိန်အခါနေရာမရွေး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်ကို သတိပြုပါ
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၀ - ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ
၂၀:၃၅ - "ရာသီတုပ်ကွေးရောဂါ သိမှတ်ဖွယ်ရာ ကျန်းမာရေးစကားဝိုင်း" (အပိုင်း-၂)
- "လေဘာတီမြရင် နှစ်(၁၀၀)ပြည့် မန္တလေး အငြိမ့်အလွမ်းပြေ" (မင်းသမီး-ယမင်းအောင်၊ လူရွှင်တော်-ပေါ်စံ၊ သိန်းစု၊ ဒီပါ၊ ချစ်စရာ)

# ရေပူစစ်ဆေးရေးစခန်းတွင် ယာဉ်စစ်ဆေးရာမှ ကျောက်စိမ်းတုံး ၂၇၁ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၈၃ စီး၊ သွင်းကုန် ၂၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် သွင်းကုန် ၁၂၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈ ဒသမ ၅၅၀ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၆၅၀ သန်း စုစုပေါင်း တားဆီးမှု ရှစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂ ဒသမ ၂၀၀ သန်း ဖမ်းဆီးခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် တိုယိုတာ ကရောင်း ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ ၂၇၁ ကီလိုနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈ ဒသမ ၅၅၀ သန်းအား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


**တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။**

# ရေနံချောင်းမြို့နယ်တွင် ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်

**နေပြည်တော် ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကံသာကျေးရွာတွင် ယမန်နေ့ ညနေ ၅ နာရီခွဲက ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာနေ ထွန်းထွန်းဦး (၂၈ နှစ်)သည် နေအိမ်ပေါ်တွင် ဆေးလိပ်သောက်ပြီး ဆေးလိပ်တိုအား ထန်းလက်ထရံကြားသို့ ထိုးထည့်ခဲ့ရာမှ နေအိမ်အား မီးကူးစက်လောင်ခဲ့သဖြင့် ကျေးရွာသူ၊ ကျေးရွာသားများမှ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ ထွန်းထွန်းဦးအား ညောင်လှနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပေါင်းတည်မြို့တွင် ငါးရှော့တိုက်ဖမ်းဆီးရာမှ ဓာတ်လိုက်၍ တစ်ဦးသေ

**ပေါင်းတည် ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မှတ်တိုင်ကျေးရွာ လက်ပံပင်တမံအတွင်း ယမန်နေ့နံနက် ၅ နာရီခန့်က အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ မှတ်တိုင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ သေဆုံးသူမှာ ပေါင်းတည်မြို့နယ် မှတ်တိုင်ကျေးရွာနေ အောင်နိုင်ဦး (၃၅ နှစ်) ဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ငါးဖမ်းရှော့တိုက်နေစဉ် ဓာတ်လိုက်၍ သေဆုံးသွားခြင်းဖြစ်ကာ ၎င်းသည် ဇူလိုင် ၁၈ ရက် ညပိုင်းက ရှော့တိုက်ငါးဖမ်းရန် ထွက်သွားခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မှတ်တိုင်နယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# ဆဒ္ဒုံးမြို့၌ ယာဉ်တစ်စီး မီးလောင်မှုဖြစ်

**ဆဒ္ဒုံး ဇူလိုင် ၂၀**

ကချင်ပြည်နယ် ဆဒ္ဒုံးမြို့ မြို့အထွက်လမ်းပေါ်၌ နံနက် ၈ နာရီ ၁၅ မိနစ်က ဆဒ္ဒုံးမြို့မှ ကန်ပိုက်တည်ဘက်သို့ ယာဉ်မောင်း ဦးအားတီဖူး မောင်းနှင်လာသည့် YGN 6K/ -------- ယာဉ်သည် ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ရာသို့ မီးသတ်ဦးစီးဌာနမှ ဦးယုညီညီ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်းတော်မြို့နယ်တွင် တစ်ရက်တည်း ယာဉ်တိုက်မှု နှစ်ခုဖြစ်ကာ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**အင်းတော် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်နှင့် အင်းတော်မြို့အတွင်း ယာဉ်တိုက်မှုနှစ်ခုဖြစ်ကာ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းမိုင်တိုင် အမှတ်(၁၃၂)နှင့်(၁၃၄)အကြား သံဘိုကျေးရွာအနီး ယမန်နေ့နံနက်ပိုင်းက အင်းတော်မြို့နယ် မိုလှိုင်းကုန်းကျေးရွာနေ ဦးစံတင် မောင်းနှင်သောဆိုင်ကယ်ကို ယာဉ်တစ်စီးက နောက်မှတိုက်မိပြီး မောင်းနှင်ထွက်ပြေးရာ ဦးစံတင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ထွက်ပြေးသွားသောယာဉ်နှင့် ယာဉ်မောင်းအား ဖမ်းဆီးရမိရေးအတွက် မဲဇာနယ်မြေရဲကင်းစခန်းမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့မွန်းတည့်ချိန်က အင်းတော်မြို့အဝင် အောင်မေတ္တာဟိုတယ်အနီးတွင် ညွန့်ဟန်မောင်းနှင်လာသော 5B/-----၁၂ ဘီးယာဉ်နှင့် အင်းတော်မြို့နယ် နန့်ကင်ကျေးရွာနေ အောင်လွင် မောင်းနှင်လာသော ဆိုင်ကယ်တို့ တိုက်မိရာ အောင်လွင်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် အင်းတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အောင်လွင်နှင့် အင်းတော်မြို့နယ် နဘားကျေးရွာနေ ယာဉ်မောင်း ညွန့်ဟန်တို့ နှစ်ဦးအား အရေးယူထားကြောင်း သိရသည်။

ထို့အတူ ယနေ့နံနက် ၁၀ နာရီက စလင်းမြို့နယ် ကြူဝန်းကျေးရွာနေ စိုးမြင့် ဆိုသူ မောင်းနှင်လာသော 4E/------ ၁၂ ဘီးယာဉ်သည် ထီးချိုင့်ကျောင်းကုန်းသွား ကားလမ်း မိုင်တိုင်အမှတ် ၂/၇နေရာတွင် တိမ်းမှောက်သဖြင့် အလယ်တောနယ်မြေရဲကင်းစခန်းက အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**





# လပေါ်ဆင်းသက်နိုင်ခြင်း နှစ် ၅၀ ပြည့်အဖြစ် အပိုလိုယာဉ်မှ အာကာသယာဉ်မှူးများနှင့် ထရမ့် တွေ့ဆုံ

**ဝါရှင်တန် ဇူလိုင် ၂၀**

လကမ္ဘာပေါ် ဆင်းသက်နိုင်ခြင်း နှစ် ၅၀ ပြည့်အဖြစ် အပိုလို ၁၁ အာကာသယာဉ်မှ အာကာသယာဉ်မှူးများနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ တွေ့ဆုံပွဲကို ဇူလိုင် ၁၉ ရက်က ပြုလုပ်ခဲ့သည်။

အမေရိကန် အာကာသယာဉ်မှူးများဖြစ်သည့် ဘတ်ဇ်အော်လ်ဒရင်း၊ မိုက်ကယ်ကောလင်းနှင့် နီးလ်အမ်းစ်ထရောင်းတို့၏ မိသားစုဝင်များကို အိမ်ဖြူတော်သို့ ဖိတ်ခေါ်ခဲ့သည်။

၁၉၆၉ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် အပိုလို ၁၁ယာဉ်သည် လပေါ်သို့ ပထမဦးဆုံးအကြိမ် ဆင်းသက်နိုင်ခဲ့ပြီး အာကာသယာဉ်မှူးများ ဖြစ်သည့် နီးလ်အမ်းစ်ထရောင်းနှင့် ဘတ်ဇ်အော်လ်ဒရင်းတို့သည် ပထမဦးဆုံး လပေါ်တွင် ခြေချသူလူသားများ ဖြစ်ခဲ့သည်။

ယခုလို ဖိတ်ကြားခြင်းဖြင့် အင်္ဂါဂြိုဟ်သို့ ဆင်းသက်နိုင်ရေး နာဆာအဖွဲ့မှ ညွှန်ကြားရေးမှူးဂျင် ဘရိုက်ဒန်စတင်းကို ဖိအားပေးရန်လည်း အမေရိကန်သမ္မတ အခွင့်အရေးရသွားသည်။

အင်္ဂါဂြိုဟ်သို့သွားမည့် အစီအစဉ်နှင့်ပတ်သက်ပြီး သမ္မတထရမ့်က ကမ္ဘာမြေမှ အာကာသယာဉ်ကို အင်္ဂါဂြိုဟ်ပေါ်သို့ စေလွှတ်လျှင် မည်သို့ဖြစ်မည်နည်းကို ရည်ညွှန်းကာ မေးမြန်းခဲ့သည်။

အင်္ဂါဂြိုဟ်ပေါ်သို့ တိုက်ရိုက်သွားလျှင် မိမိတို့ သက်သေမပြနိုင်သေးသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း နာဆာညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် လပေါ်သို့ ပထမဦးဆုံး ဆင်းသက်နိုင်သည့် သမိုင်းဝင် အထိမ်းအမှတ်ပွဲကို ကျင်းပလေ့ရှိသည်။

အမေရိကန်သမ္မတ ထရမ့်သည် ယခုတစ်ကြိမ်တွင် အင်္ဂါဂြိုဟ်ပေါ်သို့ အမျိုးသမီးအာကာသယာဉ်မှူးလိုက်ပါလျက် ပထမဆုံးအကြိမ် ဆင်းသက်နိုင်ရန် တိုက်တွန်းထားသည်။ အင်္ဂါဂြိုဟ်သို့ သွားရန် ၂၀၂၄ နှင့် ၂၀၃၃ ဟု အချိန်သတ်မှတ်ထားရာ လက်တွေ့တွင် မဖြစ်နိုင်သည့် အကြောင်းအရာဟု အာကာသ အေဂျင်စီတွင် အငြင်းပွားလျက်ရှိသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**



အပိုလို အာကာသယာဉ်မှူးများနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ အိမ်ဖြူတော်၌ တွေ့ဆုံကြစဉ်။

# တောင်ကိုရီးယားအပေါ် ကုန်သွယ်ရေးကန့်သတ်မှုအတွက် ဂျပန်ကို မြောက်ကိုရီးယား ဝေဖန်

**ပြုံယမ်း ဇူလိုင် ၂၀**

တောင်ကိုရီးယားနိုင်ငံအပေါ် လတ်တလောတွင် ဂျပန်နိုင်ငံက ကုန်သွယ်ရေးကန့်သတ်မှုများ ပြုလုပ်ခဲ့ရာ ယင်းကိစ္စနှင့်ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။ ဂျပန်နိုင်ငံသည် ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးကို ဖျက်ဆီးနေသူဟုလည်း စွပ်စွဲပြောဆိုခဲ့သည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းတို့ တွေ့ဆုံကြစဉ်။

မတရားခိုင်းစေခြင်း ခံခဲ့ရသည့် တောင်ကိုရီးယား အလုပ်သမားများကို လျော်ကြေးပေးရန် ဂျပန်ကုမ္ပဏီကြီးများအား တောင်ကိုရီးယားတရားရုံးချုပ်က အမိန့်ချပြီးနောက် ဂျပန်နိုင်ငံသည် ယခုလ အစောပိုင်းတွင် တောင်ကိုရီးယားသို့ တင်ပို့မည့် အဆင့်မြင့် နည်းပညာသုံးကုန်ပစ္စည်းများ တင်ပို့ရာတွင် ကန့်သတ်ချက်ထားခဲ့သည်။

အဆိုပါ ပစ္စည်းများသည် စမတ်ဖုန်းများ ထုတ်လုပ်ရာတွင် အောင်မြင်နေသည့် ကိုရီးယားနိုင်ငံအတွက် အရေးပါသည့် ပစ္စည်းများလည်း ဖြစ်သည်။

တောင်ကိုရီးယား သမ္မတ မွန်ဂျယ်အင်းက ဂျပန်နိုင်ငံ၏ လုပ်ရပ်ကြောင့် တောင်ကိုရီးယား၏ ပို့ကုန်စီးပွားရေးကို မကြုံစဖူး အရေးပေါ် အခြေအနေနှင့် ကြုံတွေ့လာနိုင်သည်ဟု ပြောဆိုခဲ့သည်။

အမေရိကန်နှင့် မြောက်ကိုရီးယားတို့ကြား နျူကလီးယား ဆွေးနွေးပွဲတွင် တောင်ကိုရီးယားမှ ကြားဝင်မှုကို ရပ်တန့်ရန် မြောက်ကိုရီးယားက အစဉ်တစိုက် သတိပေးခဲ့သည်။

ဂျပန်နိုင်ငံသည် တောင်ကိုရီးယားအပေါ် ကုန်သွယ်မှုတွင် ကန့်သတ်မှုများထားရှိရင်း ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးကို ဖျက်ဆီးရန် ကြိုးပမ်းနေသည်ဟု မြောက်ကိုရီးယား၏ တရားဝင် သတင်းအေဂျင်စီဖြစ်သည့် ကိုရီးယားဗဟို သတင်းအေဂျင်စီက ဇူလိုင် ၁၉ ရက် ညပိုင်းတွင် ပြောကြားခဲ့သည်။

တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် အမေရိကန်၏ မဟာမိတ်များဖြစ်ကြပြီး ဒီမိုကရေစီနိုင်ငံများ ဖြစ်ကြသည်။ သို့သော် ၎င်းတို့ နိုင်ငံ အချင်းချင်းမှာမူ ၁၉၁၀-၄၅ ကိုရီးယားကျွန်းဆွယ်တွင် ဂျပန်၏ ရက်စက်စွာ အုပ်ချုပ်မှုနှင့် ပတ်သက်ပြီး ဆက်ဆံရေး တင်းမာလျက်ရှိသည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံ၌ ဓာတ်ငွေ့စက်ရုံပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၂ ဦး ဖြစ်လာ

**ပေကျင်း ဇူလိုင် ၂၀**

တရုတ်နိုင်ငံ ဟီနန်ပြည်ရှိ ဓာတ်ငွေ့စက်ရုံတွင်ပေါက်ကွဲမှုကြီး ဖြစ်ပေါ်ခဲ့ရာ သေဆုံးသူ ဦးရေမှာ ၁၂ ဦး အထိရှိလာပြီဟု နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။ လူငါးဦး မှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ဟီနန် ကျောက်မီးသွေးဓာတ်ငွေ့စက်ရုံ အုပ်စုတွင် ဇူလိုင် ၁၉ ရက်က ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၁၉ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်ဟု စီစီတီဗွီသတင်းဌာနတွင် ဖော်ပြထားသည်။

ပေါက်ကွဲမှုကြောင့် သုံးမီတာအတွင်းရှိ အဆောက်အအုံများ၏ ပြတင်းပေါက်များနှင့် တံခါးများ ပျက်စီးခဲ့သည်။ ယခုအခါ စက်ရုံရှိ လည်ပတ်မှုအားလုံးကို ရပ်နားထားသည်။ ကြောက်မက်ဖွယ်စက်ရုံ မတော်တဆဖြစ်မှုများမှာ တရုတ်နိုင်ငံတွင် ဖြစ်ပွားနေကျဖြစ်ပြီး လုပ်ငန်းခွင် ဘေးကင်းရေးအတွက် စည်းမျဉ်းများ ချမှတ်မှုမှာ လိုက်နာရန် အားနည်းနေဆဲပင်ဖြစ်သည်။

မတ်လအတွင်းကလည်း ကျန်းစုပြည်နယ်အရှေ့ပိုင်းရှိ ဓာတုစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၇၈ ဦး ဒဏ်ရာရရှိခဲ့ပြီး လူပေါင်းရာနှင့် ချီကာ ဒဏ်ရာရရှိခဲ့သည်။

ယန်ချန်းပြည်တွင် ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုကြောင့် စက်မှုဇုန်အတွင်းရှိ အဆောက်အအုံတချို့ ပျက်စီးသွားခဲ့ရသည်။

မတ်လအတွင်း ပေါက်ကွဲမှုနှင့် သက်ဆိုင်သည့်လူပေါင်း ၁၄ ဦးကျော်ကို အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အဆိုပါ ပေါက်ကွဲမှု မဖြစ်ခင် တစ်ပတ်အလိုကလည်း ယန်ချန်းပြည်နယ်၌ပင် လျှပ်စစ်ပစ္စည်း တပ်ဆင်သည့် စက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ လူ ခုနစ်ဦး သေဆုံးခဲ့ရသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကလည်း တရုတ် မြောက်ပိုင်းမြို့ဖြစ်သည့် ကျန်းကျားခုန်ရှိ စက်ရုံတစ်ခုတွင်




ဓာတ်ငွေ့စက်ရုံ ပေါက်ကွဲမှုကြောင့် ပျက်စီးမှုမြင်ကွင်းကို တွေ့ရစဉ်။

ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပေါ်ကာ ၂၄ ဦး သေဆုံးခဲ့ပြီး ၂၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်ကလည်း တရုတ်နိုင်ငံ တီအန်ကျင်မြို့တွင် ဓာတုစက်ရုံကြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၆၅ ဦး သေဆုံးခဲ့ရသည်။ အဆိုပါ ဖြစ်ရပ်သည် တရုတ်နိုင်ငံ၏ အဆိုးရွားဆုံးသော စက်ရုံမတော်တဆဖြစ်မှုလည်း ဖြစ်သည်။

**အေအက်ဖ်ပီ**

## အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများကြောင့် ရေနံ ဈေးတက်

**ဟူစတန် ဇူလိုင် ၂၀**

အရှေ့အလယ်ပိုင်းဒေသတွင် စစ်ရေးအခြေအနေ တင်းမာမှုများကြောင့် ဇူလိုင် ၁၉ ရက်တွင် ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးများတက်ပြီး ကုန်သည်များ အကျပ်တွေ့နေရသည်။ အမေရိကန်ပြည်ထောင်စုသည် အီရန်တော်လှန်ရေးအစောင့်တပ်၏ ဒရုန်းကို ပစ်ချလိုက်သည်ဟု ဇူလိုင် ၁၉ ရက်တွင် အမေရိကန်သမ္မတ ထရမ့်က သတင်းထောက်များကို အတည်ပြုပြောကြားခဲ့သည်။

သို့သော် ဇွန်လအတွင်းက အမေရိကန် ဒရုန်းပစ်ချခံရမှုကိုမူ အီရန်ဘက်မှ ငြင်းဆိုနေဆဲ ဖြစ်သည်။ ယခုလအစောပိုင်းက ဗြိတိန်တော်ဝင်ရေတပ်ကလည်း အီရန်သင်္ဘောတစ်စင်းကို ဂျီဘရော်လ်တာ ရေလက်ကြားတွင် ဖမ်းဆီးခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသ အခြေအနေများကြောင့် လာမည့်သီတင်းပတ်များတွင် ရေနံဈေးနှုန်းကို ထိခိုက်လာဖွယ်ရှိသည်ဟု ကျွမ်းကျင်သူများက ဆင်ဟွာသို့ ပြောသည်။ **ဆင်ဟွာ**

## အမေရိကန်တပ်ဖွဲ့ကို လက်ခံသွားရန် ဆော်ဒီဘုရင် အတည်ပြု

**ရီယာဒ် ဇူလိုင် ၂၀**

ဆော်ဒီ အာရေဗျ ဘုရင် ဆယ်မန်ဘင် အဗ္ဗဒူလာဇစ် အယ်ဆက်သည် ဆော်ဒီနိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့များကို လက်ခံသွားရန် အတည်ပြုခဲ့သည်ဟု ဆော်ဒီသတင်းအေဂျင်စီက ဇူလိုင် ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဒေသတွင်းလုံခြုံရေး အခြေအနေများ အားကောင်းလာစေရန် အခြေခံကာ ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း ဆော်ဒီ ကာကွယ်ရေးဝန်ကြီးဌာန၏ အရာရှိတစ်ဦးက ရှင်းလင်းပြောကြားသည်။ ဒေသတွင်းလုံခြုံရေးအတွက် ပူးပေါင်းစစ်ရေးလေ့ကျင့်မှုနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတို့အတွက် အမေရိကန်တပ်များကို လက်ခံထားခြင်းက အကူအညီရမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အတူယှဉ်တွဲပိုင်ဆိုင်ဖို့ မဖြစ်နိုင်တဲ့ အက်ဖ် ၃၅ လေယာဉ်နဲ့ အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်

*ကလျာမိုးမြင့်*

**ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်ဟာ အက်ဖ် ၃၅ တိုက်ခိုက်ရေးလေယာဉ်တွေကို တူရကီဆီ ရောင်းချတော့မှာမဟုတ်ကြောင်း ပြောကြားခဲ့ပါတယ်။ အကြောင်းကတော့ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းမှာ တူရကီက ရုရှားလုပ် မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဝယ်ယူလိုက်တာကြောင့်ပါပဲ။ ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး တုံ့ပြန်တဲ့အနေနဲ့ ကွန်ဂရက်လွှတ်တော်အတွင်းမှာရှိကြတဲ့ အများစုက လုပ်ချင်နေကြတဲ့ အရေးယူဒဏ်ခတ် ပိတ်ဆို့မှုတွေကို ရှောင်ရှားနိုင်ဖို့အတွက်တော့ တူရကီကို အကူအညီပေးလိုတယ်လို့ သမ္မတထရမ့်က ဆိုနေပါတယ်။**

**အတူယှဉ်တွဲပိုင်ဆိုင်ဖို့ မဖြစ်နိုင်**

ဒါက တူရကီဟာအတော်လေးတင်းမာတဲ့ အခြေအနေတစ်ခုထဲကို ရောက်ရှိနေတာလို့ ဆိုရမှာဖြစ်ပြီး တကယ်တမ်းတော့ သိပ်ပြီး မျှတမှုမရှိဘူးလို့ ထရမ့်က ပြောပါတယ်။ တူရကီ ကာကွယ်ရေးဝန်ကြီးဌာနဟာ အန်ကာရာမြို့ အပြင်ဘက် လေတပ်အခြေစိုက်စခန်းမှာ ရောက်ရှိနေတဲ့ ရုရှားဒုံးခွင်းစနစ်အစိတ်အပိုင်း တွေရဲ့ပုံရိပ်တွေကို တွစ်တာပေါ်မှာ မကြာခဏ ဆိုသလို ဖော်ပြခဲ့ပါတယ်။ တူညီတဲ့ ကွန်ရက် တစ်ခုအတွင်းမှာ အက်ဖ် ၃၅ ဂျက်လေယာဉ်ရယ်၊ ရုရှားဒုံးကျည်တွေရယ် နှစ်မျိုးလုံးအတူတကွ လုပ်ငန်းဆောင်ရွက်လို့ မရဘူးဆိုပြီး အမေရိကန် တပ်မတော်နဲ့ ထောက်လှမ်းရေး အာဏာပိုင် တွေက လပေါင်းများစွာကြာအောင် သတိပေး ခဲ့ပြီးဖြစ်ပါတယ်။

**အချက်အလက်တွေ ပေါက်ကြားမှုဖြစ်နိုင်**

အကယ်၍ အက်ဖ် ၃၅ နဲ့ အက်စ် ၄၀၀ နှစ်မျိုးလုံးကို တူရကီက ရယူမယ်ဆိုရင် မကြာခင်အချိန်အတွင်းမှာ နေတိုးအဖွဲ့နဲ့ တခြားသောမိတ်ဖက်နိုင်ငံတွေရဲ့လေကြောင်း အင်အားစုအတွက် ကြံ့ကြံ့ခံတဲ့စက်ကိရိယာ တစ်ခုလို ဖြစ်လာတော့မယ့် ဖိုက်တာဂျက် လေယာဉ်ကို အနိုင်တိုက်ဖို့ လိုအပ်တဲ့ အရေးကြီး သတင်းအချက်အလက်တွေ ရုရှားဆီ ရောက် သွားမယ့် အဖြစ်မျိုးကို အမေရိကန်က အကြီး အကျယ် စိုးရိမ်နေတာကလည်း အကြောင်း တစ်ခုပါ။ ရုရှားကာကွယ်ရေးလုပ်ငန်းတွေနဲ့ သိသာထင်ရှားတဲ့ ပတ်သက်ဆက်ဆံမှုမျိုး လုပ်တာကနေ နိုင်ငံအများအပြားကို ကန့်သတ် မှုပြုလုပ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေက တစ်ဆင့် အမေရိကန်ရဲ့ ရန်သူတွေကို ရင်ဆိုင်တဲ့ ၂၀၁၇ခုနှစ် ဥပဒေအရ တူရကီဟာ အရေးယူ ပိတ်ဆို့မှုတွေကိုလည်း ရင်ဆိုင်ရဖို့ ရှိနေပါ သေးတယ်။

ရုရှားအက်စ် ၄၀၀ ဒုံးကျည်ကို တူရကီ ဝယ်ယူမှုနဲ့ပတ်သက်ပြီး သမ္မတထရမ့်ရဲ့ မှတ်ချက်က ပထမဆုံးအကြိမ်အဖြစ် အများ ပြည်သူဆိုင်ရာ ဖော်ပြချက်တွေကို ကိုယ်စားပြု ခဲ့ပါတယ်။ အမေရိကန်သမ္မတဟာ ပြည်ပသို့ လက်နက်ရောင်းချမှုကို ၎င်းရဲ့ နိုင်ငံခြားရေး မူဝါဒထဲမှာ အဓိကကျတဲ့ အစိတ်အပိုင်းတစ်ခု အဖြစ် ထည့်သွင်းသတ်မှတ်ထားတဲ့ သူတစ်ဦး လည်း ဖြစ်ပါတယ်။ လွှတ်တော်အတွင်းမှာ ရှိကြ တဲ့ အမေရိကန်ဥပဒေပြုလွှတ်တော်အမတ်တွေ ဟာဆိုရင် အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေး စနစ်ဝယ်ယူလိုက်တဲ့ တူရကီရဲ့ဆုံးဖြတ်ချက် အပေါ် ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်နေပြီး ဒီကိစ္စနဲ့ပတ်သက်လို့ ပြင်းပြင်းထန်ထန်နဲ့မြန်မြန် ဆန်ဆန်တုံ့ပြန်ဖို့ သမ္မတထရမ့်ကို တိုက်တွန်း နေကြပါတယ်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ဆွေးနွေးနေစဉ်။

**အဖိုးအခ**

ရုရှားနိုင်ငံကနေ အက်စ် ၄၀၀ ဒုံးကျည် ကာကွယ်ရေးစနစ်ပေးပို့မှုကို လက်ခံလိုက်ခြင်း အားဖြင့် သမ္မတ အာဒိုဂန်ဟာ တူရကီရဲ့လုံခြုံရေး ဆိုင်ရာအတွက်၊ စီးပွားရေးဆိုင်ရာ အကျိုးအမြတ် အတွက်နဲ့ နေတိုးမဟာမိတ်အဖွဲ့ရဲ့ ပြည့်စုံမှုအတွက် အဖိုးအခအနေနဲ့ ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ အန္တရာယ်ကြီးတဲ့ မိတ်ဖက်ဆက်ဆံမှုတစ်ခုကို ရွေးချယ်လိုက်တာပဲလို့ ဆီးနိတ်လွှတ်တော် လက်နက်ဝန်ဆောင်မှုနဲ့ ပြည်ပဆက်ဆံရေး ကော်မတီရဲ့ ဒီမိုကရက်တစ်နဲ့ ရီပတ်ဘလစ်ကန် လွှတ်တော်အမတ်တွေက ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း သမ္မတထရမ့်ဆီ ရေးသားပေးပို့ခဲ့တဲ့ ပေးစာ တစ်စောင်ထဲမှာ ပါရှိပါတယ်။

**တူရကီငြင်းပယ်**

တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်ရဲ့ အခုလုပ်ဆောင်ချက်တွေအတွက် နောက်ဆက်တွဲ ပြဿနာရပ်တွေ ရှိကိုရှိလာလိမ့်မယ်လို့ ရီပတ် ဘလစ်ကန်နဲ့ ဒီမိုကရက်တစ်အမတ်တွေက စာထဲမှာ ရေးသားဖော်ပြထားပါတယ်။ တူရကီ အနေနဲ့ ၎င်းရဲ့လေပိုင်နက်ကို အက်ဖ် ၃၅ ဂျက် လေယာဉ်နဲ့ ပက်ထရီယော့ လေကြောင်းကာကွယ် ရေးစနစ်တွေနဲ့ ကာကွယ်ရေးဖြစ်မြောက်အောင် လုပ်ဆောင်ရင်း တစ်ချိန်တည်းမှာ အမေရိကန်နဲ့ မဟာဗျူဟာကျတဲ့ ဆက်ဆံရေးကို ထိန်းသိမ်းစေဖို့ အမေရိကန်ဘက်က ကြိမ်ဖန်များစွာကြိုးစားခဲ့ သမျှကို သမ္မတအာဒိုဂန်က ငြင်းပယ်လိုက်တာ ပဲဖြစ်တယ်လို့ အမတ်တွေက ဆိုထားပါတယ်။

သမ္မတ အိုဘားမား လက်ထက်တုန်းက ရုရှားလုပ် အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ် အစား အမေရိကန်လုပ် ပက်ထရီယော့ ဒုံးခွင်းစနစ် ကိုဝယ်ဖို့ တူရကီကို အခြေအနေတွေ အများကြီး ပေးခဲ့ပြီးတဲ့နောက် သမ္မတထရမ့် လက်ထက်မှာ အင်မတန်မှ ပေကတ်ကတ်နိုင်တဲ့ အခြေအနေ တစ်ခုကို ဆက်ပြီးရင်ဆိုင်နေရကြောင်း ထရမ့်က ပြောခဲ့ဖူးပါတယ်။

**ဆက်မလုပ်ဖို့သတိပေး**

မကြာသေးခင် လများအတွင်း တူရကီအနေနဲ့ အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်မယ့် ကိစ္စကို ဆက်မလုပ်ဖို့ ဝါရှင်တန်က သတိပေးခဲ့ ပါတယ်။ ဖြစ်နိုင်ဖွယ်ရှိတဲ့ အရောင်းအဝယ် စာချုပ် နဲ့ပတ်သက်ပြီး သတိပေးချက်တစ်ခုအနေနဲ့ အက်ဖ် ၃၅ ဂျက်လေယာဉ်တွေနဲ့တကွ ဆက်စပ်ပစ္စည်းတွေ သင်္ဘောနဲ့ ပို့ဆောင်မှုကိုလည်း အမေရိကန်က ပြီးခဲ့တဲ့ ဧပြီလမှာ ရပ်နားလိုက်ပါတယ်။ အရောင်း အဝယ်ကိစ္စကို နောက်ပြန်မလှည့်နိုင်ဘူးလို့ သမ္မတ အာဒိုဂန်က အလေးအနက် ပြောဆိုလိုက်ပြီး နောက်မှာ ခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို ချလိုက်တဲ့ပုံစံပါပဲ။

ပင်တဂွန်စစ်ဌာနချုပ်က လာမယ့် ၂၀၂၀ ပြည့်နှစ်မှာ တူရကီ ရောင်းချသူတွေဆီက အက်ဖ် ၃၅ ဂျက် လေယာဉ် အစိတ်အပိုင်းတွေ ဝယ်ယူမှုကို ရပ်စဲကြောင်း ဇွန်လအတွင်းက ကြေညာခဲ့တာဖြစ် ပါတယ်။ မအောင်မြင်တဲ့ အာဏာသိမ်းမှုဖြစ်ပွားပြီး နောက်ပိုင်းမှာ သဘောထားတင်းမာတဲ့ တူရကီ သမ္မတဟာ တူရကီအရပ်ဘက် အဖွဲ့အစည်းတွေ အပေါ် ပြင်းထန်တဲ့ နှိမ်နင်းနှိပ်ကွပ်မှုတွေ လုပ်ဆောင်ခဲ့ပြီး ရုရှားနဲ့ အီရန်အစိုးရအဖွဲ့တွေနဲ့ လည်း နီးကပ်တဲ့ မဟာမိတ်ဆက်ဆံရေး ထူထောင် ခဲ့ပါတယ်။

> **“မကြာသေးခင် လများအတွင်း တူရကီအနေနဲ့ အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်မယ့် ကိစ္စကို ဆက်မလုပ်ဖို့ ဝါရှင်တန်က သတိပေးခဲ့ပါတယ်။ ဖြစ်နိုင်ဖွယ်ရှိတဲ့ အရောင်းအဝယ် စာချုပ်နဲ့ပတ်သက်ပြီး သတိပေးချက်တစ်ခုအနေနဲ့ အက်ဖ် ၃၅ ဂျက်လေယာဉ်တွေနဲ့တကွ ဆက်စပ်ပစ္စည်းတွေ သင်္ဘောနဲ့ ပို့ဆောင်မှုကိုလည်း အမေရိကန်က ပြီးခဲ့တဲ့ ဧပြီလမှာ ရပ်နားလိုက်”**

**ကုတ်အားတစ်ခုအဖြစ်အသုံးချ**

အမေရိကန် မီဒီယာတွေကို ဖြေကြားထားတဲ့ သတင်းအရင်းအမြစ်တွေအရ တူရကီက မကြာသေးခင် ရက်ပိုင်းအတွင်းမှာပဲ ဆီးရီးယား မြောက်ပိုင်း နယ်စပ်တစ်လျှောက် ပိုင်းခြားဇုန် အတွင်းမှာ ကျန်ရှိနေတဲ့ အာရပ်တိုက်ခိုက်ရေး သမားတွေနဲ့ အမေရိကန် ကျောထောက် နောက်ခံပေးထားတဲ့ ကာ့ဒ်အုပ်စုတွေကို တိုက်ခိုက်ချေမှုန်းဖို့ ဆီးရီးယားကို စစ်ရေးအရ ကျူးကျော်ဝင်ရောက်ဖို့ စတင်ပြင်ဆင်နေပြီ ဖြစ်တယ်လို့ သိရပါတယ်။ သမ္မတ အာဒိုဂန် အနေနဲ့ သမ္မတထရမ့်အစိုးရအဖွဲ့က လုပ်ဆောင် လာတဲ့ အရေးယူပိတ်ဆို့မှုအသစ်တွေကို ဆန့်ကျင်တဲ့ ကုတ်အားကန်အားတစ်ခုအနေနဲ့ စစ်ရေးအရ ကျူးကျော်တဲ့ဆောင်ရွက်မှုတွေကို အသုံးပြုနိုင်တယ်လို့ တွက်ဆထားပုံပါပဲ။

**မတားဆီးနိုင်ခဲ့**

သမ္မတထရမ့်ကတော့ ၎င်းရဲ့တူရကီ ဆွေးနွေးဘက် သမ္မတ အာဒိုဂန်နဲ့ ကောင်းတဲ့ ဆက်ဆံရေးအခြေအနေတစ်ခု ဖြစ်မြောက်ဖို့ ကြိုးစားခဲ့ပြီး အခုနှစ် အစောပိုင်းမှာတုန်းက ဂျပန်မှာကျင်းပတဲ့ ဂျီ - ၂၀ ထိပ်သီးအစည်း အဝေးမှာတောင် နောက်ထပ်အရေးယူပိတ်ဆို့ မှုတွေ တူရကီအပေါ် ကျရောက်မလာစေအောင် တားဆီးဖို့ ကူညီပေးနိုင်တယ်လို့ ဆိုခဲ့ပါသေး တယ်။ သို့သော်လည်းပဲ ရုရှား ဒုံးကျည်ကာကွယ် ရေးစနစ်ကို ဝယ်ယူဖို့ တူရကီက လွန်ခဲ့တဲ့ လပေါင်းများစွာကတည်းက ယတိပြတ်ဆုံးဖြတ် ထားပြီးသားဖြစ်နေတဲ့အတွက် ဒါကို တားဆီးတဲ့ ကိစ္စက အထမမြောက်ခဲ့ပါဘူး။ ပြီးတော့လည်း သမ္မတအာဒိုဂန်က ၎င်းအနေနဲ့ ဒီထက်ပိုပြီး ရှုပ်ထွေးနက်နဲတဲ့ ဒုံးကျည်တွေအထိ ပိုင်ဆိုင်ရဖို့ လုပ်ငန်းဆောင်ရွက်နေတာတွေကို တိုးချဲ့ ကောင်း တိုးချဲ့နိုင်တယ်လို့ ပြီးခဲ့တဲ့ မတ်လမှာ ကတည်းက ပြောခဲ့တာဖြစ်ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

---

# နိုင်ငံတကာသတင်းတိုထွာ

## ဂျပန် ကာတွန်းရုပ်ရှင်စတူဒီယိုမီးရှို့ခံရမှုနှင့်ပတ်သက်ပြီး ကုလအတွင်းရေးမှူးချုပ်က ဝမ်းနည်းကြောင်းပြော

**ဂျီနီဗာ ဇူလိုင် ၂၀**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ဂျပန်နိုင်ငံ ကျိုတိုမြို့ရှိ ကာတွန်းရုပ်ရှင်စတူဒီယို မီးရှို့တိုက်ခိုက်ခံရပြီး အသက်ဆုံးရှုံးမှုများ ပေါ်ပေါက်ခဲ့သည့်အတွက် အလွန်အမင်း ဝမ်းနည်းမိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အသက်ဆုံးရှုံးခဲ့ရသည့် လူများ၏ မိသားစုဝင်များ၊ ဂျပန်ပြည်သူများနှင့် ဂျပန်အစိုးရတို့အတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

ယခုလို ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်အတွက် ဂျပန်ပြည်သူများနှင့်အတူ ကုလသမဂ္ဂမှအတူ ရပ်တည်ကြောင်းလည်း ပြောကြားခဲ့သည်။ အဆိုပါ မီးရှို့တိုက်ခိုက်ခံရမှုကြောင့် လူပေါင်း ၃၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူပေါင်းများစွာဒဏ်ရာရရှိခဲ့သည်။ သံသယရှိသူ အသက် ၄၁ နှစ်အရွယ် အမျိုးသားကိုလည်း ဖမ်းဆီးထားကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံ ကေရာလာပြည်နယ်တွင် မိုးသည်းထန်စွာရွာမှု သတိပေးချက်ထုတ်

**နယူးဒေလီ ဇူလိုင် ၂၀**

မုတ်သုံရာသီသည် အိန္ဒိယနိုင်ငံ တောင်ပိုင်း၌ ပြင်းထန်စွာဝင်ရောက်ခဲ့ရာ အဓိက မြစ်ကြီးများတွင် စိုးရိမ်ရေမှတ်ထိ တိုးလာသည့်အတွက် ရေကြီးမှု အခြေအနေနှင့် တွေ့ကြုံနိုင်ကြောင်း အာဏာပိုင်များက ဇူလိုင် ၂၀ ရက်တွင် ပြောကြားခဲ့သည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အိန္ဒိယ မိုးလေဝသဌာနသည် အချို့သော ပြည်နယ်များတွင် လာမည့်ရက်အနည်းငယ်အတွက် သတိပေးချက် ထုတ်ပြန်ထားသည်။ ဇူလိုင် ၂၄ ရက်မတိုင်မီအထိ ကေရာလာပြည်နယ်ရှိ အချို့သောနေရာများတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ပြောသည်။

ကေရာလာကမ်းရိုးတန်းနှင့် လာရှာဒ်ဝိကမ်းရိုးတန်းတို့တွင် ငါးဖမ်းသမားများကို ပင်လယ်ပြင်သို့ မထွက်ရန်လည်း အာဏာပိုင်များက အကြံပြုထားသည်။ ထို့ပြင် ဒေသခံအစိုးရသည် ခရိုင်အားလုံးတွင် ကွပ်ကဲရေးစခန်း ပြင်ဆင်ထားပြီး ကျောင်းများကိုလည်း အားလပ်ရက်အဖြစ် သတ်မှတ်ပေးထားသည်။

**ဆင်ဟွာ**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၀-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၁၀ | ကျပ် | ၉၄၅/၉၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၀/၉၄၀ | ကျပ် | ၉၆၀/၉၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၈၀/၈၂၀ | ကျပ် | ၈၅၅/၈၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၉၁၀ | ကျပ် | ၉၆၀/၉၇၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၄ · ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၈ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၂ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၇၈ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၉· ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၁ · ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ · ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၀၁၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ · ၂၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ · ၀၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၉၈၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


## မန္တလေးမြို့တွင် (၁၀) ကြိမ်မြောက် မန္တလေး သွားနှင့်ခံတွင်းဆရာဝန် ညီလာခံဖွင့်ပွဲ ကျင်းပ



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် သွားနှင့်ခံတွင်း အသိပညာပေးပိုစတာများကို လှည့်လည်ကြည့်ရှုစဉ်။

**မန္တလေး ဇူလိုင် ၂၀**

(၁၀)ကြိမ်မြောက် မန္တလေးသွားနှင့်ခံတွင်း ဆရာဝန်ညီလာခံဖွင့်ပွဲကို မန္တလေးသွား ဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာကိုကိုနှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော့ဖုန်းတို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော သွားနှင့်ခံတွင်း အသိပညာပေးပိုစတာများအား လှည့်လည်ကြည့်ရှုသည်။

အဆိုပါညီလာခံကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်(တိုင်ပေ)၊ မြန်မာနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ အပြည်ပြည်ဆိုင်ရာ သွားကောလိပ်မှ အဖွဲ့ဝင်ဆရာဝန်များ၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း(ဗဟို) မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း (မန္တလေး)မှ တာဝန်ရှိသူများ၊ သွားနှင့် ခံတွင်းဆိုင်ရာ (အကြံပေး) ပါမောက္ခများဖြင့် ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ ပညာရပ်ဆိုင်ရာဟောပြောပွဲများ၊ ပိုစတာပြပွဲများဖြင့် ကျင်းပလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ဘားအံမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့

**ဘားအံ ဇူလိုင်၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၃)ရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များအား တတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ဓမ္မပီယဘုန်းကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က ယခုလို နိုင်ငံတော်က ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ငွေပေးခြင်းသည် ကရင်ပြည်နယ်အတွက် ဦးစားပေးအထူးအခွင့်အရေးတစ်ရပ်အနေဖြင့် ရရှိခြင်းဖြစ်ကြောင်း၊ မိခင်နှင့်ကလေး အာဟာရရရှိရေးအတွက် အထောက်အကူဖြစ်မည်ဖြစ်ကြောင်းနှင့် အကျိုးရှိစွာလည်း အသုံးပြုသွားစေလိုကြောင်း၊ သားငယ်သမီးငယ်များ၏ သန်မာထွားကြိုင်းပြီး ဉာဏ်ရည် ဉာဏ်သွေးကောင်းမှသာလျှင် နောင်အနာဂတ်တွင် နိုင်ငံတော်အတွက် အားကိုးအားထားရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘားအံမြို့ အမှတ်(၃)ရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၁၄ ဦးနှင့် အသက်နှစ်နှစ်အောက် ကလေးငယ် ၃၅ ဦး စုစုပေါင်း ၄၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ e-Government လုပ်ငန်းအထောက်အကူပြုအဖြစ် ပထမအကြိမ် ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ထမ်းများအား ရုံးသုံး အခြေခံ ကွန်ပျူတာသင်တန်းနှင့် အခြေခံကွန်ပျူတာ ပြုပြင်ထိန်းသိမ်းရေး သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပစဉ်။

ပြည်နယ်(ပြန်/ဆက်)

## မြို့နယ်များ၌ မှုခင်းအသိပညာပေး

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျွန်းပြားကျေးရွာဓမ္မာရုံတွင် ယနေ့မွန်းလွဲပိုင်းက ပြည်သူများအား မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲ ကျင်းပရာ မုန်တောင်နယ်မြေရဲစခန်းမှ ရဲအုပ်မြင့်ဆွေက သက်ငယ်မုဒိမ်းမှုဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် မိဘအုပ်ထိန်းသူများအနေဖြင့် သိရှိလိုက်နာသင့်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများအတွက် ပြစ်မှုပြစ်ဒဏ်များ၊ ခိုးဆိုးလုနှိုက်အမှုများ လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ လူသတ်မှုအတွက် ပြစ်ဒဏ်များအား အသိပညာပေးဟောပြောခဲ့သည်။

**မျိုးမြတ်(မင်းဘူး)**

**ပုဗ္ဗသီရိ**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာအုပ်စု စက်ကုန်းကျေးရွာ သာသနာ့ဟိတကာရီကျောင်းတိုက်တွင် ဇူလိုင် ၂၀ ရက်က ပုဗ္ဗသီရိမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ကျော်အောင်နှင့် ကျည်တောင်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်သန်းဝေတိုးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဆောင်ရွက်ခဲ့ပြီး ရဲတပ်သားသစ် စုဆောင်းရရှိရေးအတွက် စည်းရုံးဆောင်ရွက်ရာ ဒေသခံ ၁၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

**ပျဉ်းမနား**

ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမြင့်နိုင် ဦးဆောင်မှုဖြင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး ပညာပေးဟောပြောခြင်း၊ ရဲတပ်သားသစ်စုဆောင်းရရှိရေး စည်းရုံးခြင်းကို ဇူလိုင် ၂၀ ရက်က ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်နိုင်နှင့် နေပြည်တော်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်နိုင်လင်းဦး၊ ရဲအုပ် တင်ထွန်းနိုင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်ဦးတို့က ပညာပေးဟောပြောပြီး ရဲတပ်သားသစ်စုဆောင်းရရှိရေး စည်းရုံးဆွေးနွေးရာ ဒေသခံ ၁၅၀ ခန့် တတ်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**



# လောကဝတ် (Etiquette)

## ချစ်စရာကောင်းတဲ့ကျောပိုးအိတ်ကလေး

မမမေ

**ကျောင်းသွားမယ်ဆိုရင် ကျောင်းစာအုပ်တွေ၊ ခဲတံ၊ ကွန်ပါဘူး၊ ပေတံ စတာတွေကို ကျောပိုးအိတ်ကလေးထဲထည့်ပြီး ကျောင်းယူသွားကြတာပေါ့။ မမမေတို့ ငယ်ငယ်ကတော့ လွယ်အိတ်ကလေးတွေ လွယ်ကြတယ်။ ရိုးရာလွယ်အိတ်ကလေးတွေက များများဆံ့ပေမယ့် ကျောပိုးအိတ်လေးတွေလို အရောင်မစုံဘူး၊ သိပ်မလှဘူးပေါ့။ လွယ်အိတ်ပဲဖြစ်ဖြစ် ကျောပိုးအိတ်ပဲဖြစ်ဖြစ် သူ့ကို သူငယ်ချင်းအရင်းလို အမြဲချစ်ခင်ပြုစုဖို့လိုတယ်တဲ့။**



"ညစ်ပတ်တဲ့ ကျောပိုးအိတ်ပိုင်ရှင်က ချစ်စရာကောင်းတဲ့ကလေး မဖြစ်နိုင်ဘူး"ဆိုပြီး ကိုရီးယားနိုင်ငံက စာသင်ကျောင်းတွေမှာတော့ စာကပ်ထားပါသတဲ့။ မမမေတို့ နိုင်ငံမှာလည်း "အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက" ဆိုတဲ့ ဆောင်ပုဒ်ရှိပါတယ်။ စည်းကမ်းရှိဖို့ ကျောင်းမှာ ကလေးတို့နဲ့ အနီးကပ်ဆုံးရှိနေတဲ့ ကျောပိုးအိတ်ကလေးက အရေးပါတာပေါ့။ ညစ်ပတ်ပြီး ပေကျံနေတဲ့ ကျောပိုးအိတ်ကလေး တစ်အိတ်ကို ကလေးတို့မြင်ရင် ဘယ်လိုထင်သလဲ။ ကျောပိုးအိတ်ပိုင်ရှင်ကလည်း ညစ်ပတ်ပတ်ကလေးလို့ ထင်ကြမှာပေါ့။ ဒါကြောင့် အမြဲသပ်သပ်ရပ်ရပ်ထားဖို့လိုပါတယ်။

မနက်ကျောင်းမှာသင်မယ့် အချိန်စာရင်းအတိုင်း စာအုပ်တွေကို စီစီရီရီနဲ့ ကျောပိုးအိတ်ထဲထည့်ပြီး မလိုတာတွေကို အိမ်ရဲ့စာအုပ်စားပွဲမှာ စီထားဖို့လိုပါတယ်။ ဒါဆိုရင် စာအုပ်တွေ အများကြီးမသယ်ရတော့ဘဲ သက်သောင့်သက်သာရှိပါတယ်။ ခဲတံ၊ ဘောပင်နဲ့ ခဲဖျက်၊ ပေတံလိုအရာတွေကို နေ့စဉ် စစ်ဆေးဖို့လည်း လိုပါတယ်။ အချို့ဆိုးတဲ့၊ ဂရုမစိုက်ဘဲ ကစားမက်တဲ့ကလေးတွေဟာ ကြိုတင်မပြင်ဆင်၊ မစစ်ဆေးထားလို့ ခဲတံကျိုးနေတာ၊ ခဲဖျက်ပျောက်သွားတာတွေ မကြာခဏဖြစ်တတ်ပါတယ်တဲ့။ စာရေးဖို့ ကိရိယာတွေ အကုန်မပါလာတဲ့အတွက် သူများဆီက ငှားရမ်းရတာမျိုးတွေဖြစ်ပြီး မကြာမကြာ ငှားနေရင် သူများကလည်း ငှားချင်မှာမဟုတ်တော့ပါဘူး။ ခဲတံလေးတစ်ချောင်းဟာ စာလုံးရေ ၄၀၀၀ ကျော် ရေးနိုင်တဲ့အတွက် ခဲတံတစ်ချောင်းရှိရင် စာမျက်နှာ အများကြီးရေးနိုင်လို့ မေမေတို့ကိုလည်း ခဲတံတွေ အများကြီး တစ်ခါတည်းမထုတ်ပေးဖို့ ပြောထားဖို့လိုပါတယ်။

**အားလုံးအတူကစားမယ်**

သူငယ်ချင်းတွေစုပြီး ကစားနေကြတဲ့နေရာကို ကလေးတို့ နောက်ကျပြီး ရောက်သွားပြီဆိုရင် ပထမဆုံး "အတူတူကစားချင်တယ်" ဆိုတာမျိုးကို ခွင့်တောင်းပြီးမှပဲ ဝင်ဆော့သင့်တယ်လို့ လောကဝတ်သင်ခန်းစာအချို့မှာ ဖတ်ဖူးပါတယ်။ သဘောကတော့ အရင်ရောက်နေတဲ့ သူငယ်ချင်းတွေကို အသိပေးတာဖြစ်ပြီး



လူယဉ်ကျေး အပြုအမူတစ်ခုလည်း ဖြစ်ပါတယ်။ အချို့ ကလေးတွေဟာ ကစားရင်းနဲ့ မေမေ၊ ဖေဖေတို့ ခေါ်လို့ဖြစ်ဖြစ် ထပြေးသွားကြတယ်။ အမှန်က ကစားပြီးတာနဲ့ ကလေးတို့ ဖွထားတဲ့ ကစားစရာတွေကို သူငယ်ချင်းတွေ အတူတူ ပြန်သိမ်းပေးဖို့ လိုပါတယ်။ ဒါမှလည်း နောက်တစ်ခါ ကစားတဲ့အခါ သူငယ်ချင်းတွေအားလုံးက ကလေးတို့ကို လိုလိုချင်ချင်နဲ့ခေါ်ပြီး အတူကစားမှာ ဖြစ်ပါတယ်။

သူငယ်ချင်းတွေ ကစားကြတဲ့အခါ ငြင်းခုံတာမျိုး အတတ်နိုင်ဆုံး မလုပ်မိဖို့ လိုပါတယ် ကလေးတို့ရေ။ အငြင်းသန်တဲ့ သူငယ်ချင်းကို အားလုံးက ခေါ်မကစားလိုကြပါဘူးတဲ့။ ကလေးတို့နဲ့ အမြင်မတူဘူးဆိုရင် ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ပြီးမကစားလိုတဲ့ အကြောင်းကို ပြောပြီး ကစားတဲ့နေရာကနေ ထွက်လာခဲ့ရုံပါပဲ။ အပြန်အလှန်ငြင်းခုံနေမယ်ဆိုရင် အဆိုးမြင်တတ်တဲ့ ကလေးတွေဖြစ်လာတဲ့အတွက် သတိထားကြဖို့ လိုပါတယ်။ တစ်ခါတစ်ရံမှာ ကိုယ့်ကို မခေါ်တာ၊ ပစ်ပယ်ထားတာမျိုးနဲ့ ကြုံတတ်ပါသတဲ့။ ဒါဆိုရင်လည်း မေမေ၊ ဖေဖေတို့နဲ့ ဆရာတွေကို အကျိုးအကြောင်း ပြောပြပြီး အကူအညီတောင်းနိုင်သလို၊ သူငယ်ချင်းတွေကိုလည်း ဘာကြောင့် မခေါ်တာလဲဆိုတာ မေးလို့ရပါတယ်။ ကလေးတို့ အမှားရှိထားမယ်ဆိုရင်လည်း အမြန်ဆုံးတောင်းပန်၊ သူတို့ရဲ့အားနည်းချက်တွေကိုလည်း အမြန်ဆုံးနားလည်ပေးရင်း ပျော်စရာကောင်းတဲ့ ကစားချိန်လေးတွေ ပိုင်ဆိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

# သိမှတ်စရာအဖြာဖြာ (General Knowledge)

## အတောင်ပံတွေနဲ့ လေဟုန်စီး

ကေ - ဂျူဝယ်လ်

**ကောင်းကင်ပေါ်မှာ ငှက်တွေလိုပျံသန်းဖို့ လူတွေစိတ်ကူးယဉ်ခဲ့ကြတာ နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပါပြီ။ ဂရိရှေးဟောင်းဒဏ္ဍာရီတစ်ခုမှာ ဗိသုကာပညာရှင်၊ လက်မှုပညာရှင်၊ အနုပညာရှင် ဒက်ဒလပ်စ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ ခရိဘုရင်ကြီးရဲ့အမိန့်အရ ဝင်္ကပါကြီးတစ်ခုကို တည်ဆောက်ခဲ့ရပြီး သူနဲ့သူ့သားအိုင်ကားရပ်စ်တို့ဟာ အဲဒီဝင်္ကပါကြီး ထဲမှာပဲ အကျဉ်းချခံခဲ့ရပါတယ်။ သူတို့သားအဖဟာ ဖယောင်းနဲ့လုပ်တဲ့ အတောင်ပံတွေကို ကိုယ်မှာတပ်ပြီး ဝင်္ကပါထဲကနေ ပျံသန်းထွက်ပြေးခဲ့ကြပါတယ်။ အိုင်ကားရပ်စ်ဟာ အဖေ့ရဲ့စကားကိုနားမထောင်ဘဲ နေမင်းကြီးနားကနေ ကပ်ပြီးပျံသန်းတဲ့အတွက် ဖယောင်းအတောင်ပံကြီးအရည်တွေပျော်သွားပြီး မြေထဲပင်လယ်ထဲကို ပြုတ်ကျသေဆုံးခဲ့ရတယ်လို့ ဆိုပါတယ်။**

ဒီတစ်ပတ်မှာတော့ စက်မပါဘဲ လေစီးကြောင်းနဲ့ လေထုရဲ့ပင့်အား၊ ဖိအားတွေကို အသုံးပြုပြီး လေဟုန်စီးနိုင်တဲ့ ယာဉ်ပျံတွေအကြောင်းကို ကလေးတို့ကို ပြောပြချင်ပါတယ်။ ဂလိုက်ဒါ(Glider) လို့ခေါ်တဲ့ လေဟုန်စီးယာဉ်ပျံအမျိုးမျိုး ရှိကြရာမှာ စက်တပ်လေယာဉ်တွေနဲ့ ချိတ်ဆွဲပျံသန်းသွားပြီး ကောင်းကင်ပေါ် ရောက်မှ ဖြုတ်ချလျှောဆင်းလာတဲ့ ဂလိုက်ဒါမျိုး၊ ချောက်ကမ်းပါးထိပ်၊ တိုက်ခေါင်မိုး၊



မျှော်စင်တို့အပေါ်ကနေ လေဟုန်စီးပျံဝဲဆင်းသက်နိုင်တဲ့ ဂလိုက်ဒါ မျိုးတွေနဲ့ ခန္ဓာကိုယ်မှာ ရှဉ့်ပျံတွေလို ပုံစံမျိုး တောင်ပံဝတ်စုံ (Wingsuit) ဝတ်ဆင်ပြီး အမြင့်တစ်နေရာကနေ ခုန်ချ လေဟုန်စီးနိုင်တဲ့ ဂလိုက်ဒါမျိုးတွေလည်း ပေါ်ပေါက်လာပါတယ်။

ဂလိုက်ဒါတွေကို လေယာဉ်ပျံကြီးတွေ မပေါ်ခင်က စတင်စိတ်ကူးတည်ဆောက်ခဲ့ကြတာဖြစ်ပြီး ဂျာမန်လေယာဉ်အင်ဂျင်နီယာ အော့တိုလီလီယင်သယ်နဲ့ ဂုစတပ်လီလီယင်သယ်ဆိုတဲ့ ညီနောင်ဟာ ၁၈၉၆ ခုနှစ်အတွင်းမှာ ဂလိုက်ဒါကို စတင်စီးနင်းခဲ့ကြတယ်လို့ ဆိုပါတယ်။ လေယာဉ်တီထွင်တဲ့ ရိုက်ဒ်ညီနောင်ကလည်း စက်တပ်လေယာဉ်ကို ပထမဆုံး မပျံသန်းနိုင်သေးခင် ဂလိုက်ဒါတွေနဲ့ အကြိမ်ပေါင်း ရာနဲ့ချီ လေ့ကျင့်ခဲ့ကြသူတွေပေါ့။ အပြိုင်အဆိုင် တီထွင်ကြသူများနဲ့ အတူ ဂလိုက်ဒါတွေ ပေါ်လာတာ အခုဆိုရင် နှစ်ပေါင်း ၁၃၀ ဝန်းကျင်ဖြစ်လာခဲ့ပါပြီ။

စက်တပ်လေယာဉ်ပျံတွေ ပေါ်ခဲ့ပြီးတဲ့ နောက်မှာတောင် ၁၉၃၁ ခုနှစ်မှာ အမေရိကန်နိုင်ငံ ဘော်စတွန်မြို့သူ ဟယ်လင်အယ်ဘယ်တီဟာ သူ့ကိုယ်သူ တောင်ပံတွေ တပ်ဆင်ပြီး တောင်ပေါ်ကနေ လင်းနို့လူသားလို ခုန်ဆင်းခဲ့ပါတယ်။ စကြဝဠာမှာရှိတဲ့ မမြင်ရတဲ့ စွမ်းအားတွေက ငှက်ကြီးတွေလို ပျံပေးနိုင်မယ်လို့ သူကယုံကြည်ခဲ့ပေမယ့် တကယ်တော့ တောင်ပံတွေ ပျက်စီးခဲ့လို့



သေမလိုအထိဖြစ်ခဲ့ရပါတယ်။ သူ့လိုပဲ လေဟုန်စီးပျံဝဲဖို့ ကြိုးစားကြသူတွေက ၁၀ ယောက်ထက်မနည်း ရှိခဲ့ပါတယ်။ အောင်မြင်သလားဆိုတော့ မအောင်မြင်ဘူးလို့ ပြောရမှာဖြစ်ပေမယ့် သူတို့ရဲ့ စမ်းသပ် ဖော်ထုတ်မှုတွေကြောင့်ပဲ ပိုကောင်းတဲ့ လေယာဉ်ပျံတွေ၊ ပိုကောင်းတဲ့ လေဟုန်စီးဖို့ နည်းလမ်းတွေကို ယနေ့ခေတ်မှာ ရရှိခဲ့တာပဲဖြစ်ပါတယ်။

ဂလိုက်ဒါ အမျိုးအစား အများကြီးရှိတဲ့ အထဲက Sail Plane လို့ခေါ်တဲ့ အတောင်ပံရှည်ရှည်နဲ့ ဂလိုက်ဒါကတော့ လေယာဉ်ကြီးတွေရဲ့နောက်မှာ ချိတ်ဆက်ပျံသန်းသွားပြီး လေလမ်းကောင်းတဲ့ နေရာကျရင် လေယာဉ်တွဲချိတ်ကို ဖြုတ်ချတာပေါ့။ ဂလိုက်ဒါမှာပါတဲ့ ပိုင်းလော့က လက်ကိုင်ကိုထိန်းပြီး မြေပြင်ကိုဆင်းသက်နိုင်ပါတယ်။ စက်မပါတဲ့ လေယာဉ်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်တုန်းကလည်း စစ်သားတွေကို စစ်မြေပြင်ဆီပို့ဆောင် ပေးခဲ့ဖူးပါတယ်။

နောက်တစ်မျိုးကတော့ Hang Glider ဖြစ်ပြီး စွန်ပုံသဏ္ဍာန်အတောင်ပံကို လူရဲ့ကျောမှာတပ်ဆင်ပြီး အမြင့်နေရာကနေ ခုန်ချလေဟုန်စီးရတာ ဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ အင်ဂျင်ပါလာပြီး စက်နဲ့ရော၊ စက်အသုံးမပြုဘဲနဲ့ရော လေဟုန်စီးနိုင်ပါတယ်။ အသုံးများတဲ့ ဂလိုက်ဒါဖြစ်လို့ လူစွန့်စားတွေက တောင်စွန်းတွေ၊ တိုက်ခေါင်မိုးတွေကနေ အလုပြဆင်းသက်ကြတဲ့ ဂလိုက်ဒါ ဖြစ်ပါတယ်။ Paragliding ကတော့ လေထီး (Parachute) နဲ့ တောင်ပံ ဝတ်စုံတို့ ပေါင်းစပ်ထားတာဖြစ်ပြီး တောင်ထိပ်၊ ချောက် ကမ်းပါးတွေ၊ မိုးမျှော်တိုက် ကြီးတွေပေါ်ကနေ ခုန်ချလေဟုန်စီးကြတာ ဖြစ်ပါတယ်။ လေစီးကြောင်း ကောင်းရင် ကောင်းသလို အမြင့်ကြီး ပျံနိုင်ကြပြီး လေစီးကြောင်းအလိုက် အကြာကြီးလည်း လေထဲမှာ နေနိုင်ပါတယ်။ သူ့မှာတော့ လေထီးပါတဲ့အတွက် မြေပြင်နဲ့ နီးကပ်မလာခင် လေထီးတွေ ကြိုဖွင့်ပြီး ညင်ညင်သာသာလည်း ဆင်းသက်နိုင်ပါသေးတယ်။



လေဟုန်စီးပျံသန်းတာကို အခုနောက်ပိုင်းမှာ စွန့်စားအားကစားအဖြစ် တစ်ကမ္ဘာလုံးက စိတ်ဝင်စားကြပါတယ်။ အထူးသဖြင့် လူငယ်တွေဟာ သတ္တိရှိတယ်ဆိုတာ ပြသဖို့၊ အရေးကြုံတဲ့အခါ စနစ်တကျ ကိုင်တွယ်ဖြေရှင်းတတ်ဖို့၊ စွန့်စားဝံ့သူတွေအဖြစ် ဂုဏ်ယူဖို့နဲ့ ဂလိုက်ဒါတွေကိုစီးပြီး လေပေါ်မှာ ပျံသန်းရင်းနဲ့ ကမ္ဘာလောကကြီးရဲ့အလှအပတွေကို ကြည့်ရှုခံစားကြတာ ဖြစ်ပါတယ်လို့ ကလေးတို့ကို ဗဟုသုတအဖြစ် ဖော်ပြပေးလိုက်ပါတယ်။ ။

[redacted]


## ရင်သွေးရုပ်ပုံလွှာ





"ချစ်ချစ်ခင်ခင် သံယောဇဉ်"


မြိတ်မြို့မှ မမ ချောစုနှင့် ညီမလေး သဲစု။

Khinyadana



HTOO


အခု..ဖြစ်နေတဲ့
ရောဂါတွေက
ရောဂါတင်..ဆန်းတာမဟုတ်ဘူး
ဟေ့
ရောဂါ..နာမည်တွေကလည်း
အဆန်းပဲကွ
ဘယ်လို
ဆန်းတာလဲ..ဖေကြီးရ
ဒီမှာ..ကြည့်လေကွာ
ရောဂါနာမည်က..ဟိုင်းနီတဲ့
မဆန်းလား
ပြပါဦး
ဖေကြီးရဲ့
အာ..
ဘယ်ကလာ..ဟိုင်းနီရမှာလဲ
ဖေကြီးရ
အဲဒါ..H1N1 လို့ခေါ်တယ်
အပြင်းစား..ရာသီတုပ်ကွေးကို
ပြောတာ..ဖေကြီးရ
သိပါဘူးကွာ
ဟီး
နား


CARTOON:
MASK


သက်စု
တစ်နေ့လုံး ဆေးလိုက်ရတဲ့ လက်၊
မဆေးချင်နေပေါ့ဟယ် နင့်နှယ်၊၊
အဲသလိုလည်း မဖြစ်ပြန်ဘူး၊ ကားစီးရင် ထိုင်ခုံလက်တန်းတွေ ကိုင်ရတယ်ကွာ၊၊
ယာဉ်စီးခပေးရင် ပိုက်ဆံတွေ ကိုင်ရတယ်၊ လက်မှာ ပိုးမွှားတွေ ကပ်ပါလာနိုင် တာပေါ့၊
အိမ်သာဝင်ရင်လည်း တံခါးတွေ ကိုင်တယ်၊ ရေခွက်တွေဘာတွေ ကိုင်တယ်၊ ဆပ်ပြာနဲ့ လက် မဆေးရင် ဖြစ်မလား၊
စားစရာ မကိုင်ခင်၊ မစားခင် စင်အောင် လက်ဆေးရပြန်ရော၊၊
မဆေး ဘာဖြစ်လဲ၊
မသန့်ရှင်းတဲ့ လက်နဲ့ မျက်လုံး ပွတ်မိရင် မျက်စိနာရောဂါဖြစ်မယ်၊၊
ပါးစပ်ကိုကိုင်မိရင် ဝမ်းရောဂါနဲ့ ကူးစက်ရောဂါတွေ ဖြစ်မယ်၊၊
ဟုတ်ပါပြီ၊၊ ဟုတ်ပါပြီ၊၊ ဆေးပါတော့မယ်၊


လာကွာ ရေထဲဆင်း
အသက်ကယ် လေ့ကျင့်ခန်း စရအောင်
ဒါမှပေါ့..
ဆံပင်မြင်လား အဲဒါကို ဆွဲ..
ဟုတ်ပြီ လုပ်ထား
ပက်လက်ကူး..
လေ့ကျင့်ဦးမှ
ကယ်မှာပဲ..
ကယ်ကြပါဦး သမီးရဲ့ ဆံပင်ကို ဆွဲလာဆွဲနေပြီ..
သေပြီ..


မိုးမိုး
ကြောင်မွေး
ယုန်မွေး ဆွယ်တာလေး လက်ဆောင်ရ ထားတာ-
ကြွားပြီ-
ဟောဒီမှာ- ရက်ပါ ဦးထုပ်-
RAPPER
ဒီနှစ်မှ- ဒယ်ဒီဝယ် ပေးတာ-
ကျောပိုး အိတ်-
အဲ- ဦးထုပ်နဲ့ ကျောပိုးအိတ်မှာ ဘာအမွေးတွေကပ်နေတာလဲ-
ဟိုကောင်လေးတွေပေါ့- မိုးအေးတော့ အမြဲတမ်းပဲ- အဲဒီအပေါ်မှာ- တက်အိပ်ကြတာ xxx
ကြောင်မွေး ဦးထုပ် ကြောင်မွေး ကျောပိုးအိတ် ပေါ့နော်-

# အားရ၊ အားကျ၊ အားထုတ်ကြ . . . အားကိုးပါရစေ

**ညီထွန်းလတ်**

အခွင့်အခါကြုံလို့ ဆုံခဲ့ရသည့်သူများပါပေ။

ဒီတစ်ခေါက် တရုတ်နိုင်ငံသို့ရောက်တော့ တရုတ်နိုင်ငံသူ အမျိုးသမီးလေး လေးဦးနဲ့ ဆုံခဲ့ပါသည်။ တရုတ်ပြည်မှာ တွေ့ဆုံခဲ့ရသူတွေကတော့ အမျိုးသား၊ အမျိုးသမီး အများကြီးပါ။ သို့သော် အဲဒီအထဲကမှ ထူးထူးခြားခြား သတိထားမိသူတွေက သူတို့လေးဦးဖြစ်ပါသည်။

(၁)

ပထမတစ်ဦးကတော့ ကျွန်တော်တို့အဖွဲ့ကို လိုက်လံ ရှင်းလင်းပြသပေးသည့် Tour Guide တရုတ်မကလေး ဖြစ်ပါသည်။ သူ့နာမည်က ဂျူလီ။

အသက်အားဖြင့် ၂၅ နှစ် နှင့် ၃၀ အကြား ရှိမည်ဟု ထင်ပါသည်။ သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ်၊ သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း။ အင်္ဂလိပ်စကားကို အများနားလည်အောင် အလွန်ပြေပြစ်စွာ ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်သည်။

မည်သည့်ဘာသာကိုမှ ကိုးကွယ်ခြင်းမရှိဟု သိရသည်။ သို့ပေမယ့် ကျွန်တော်တို့အား ရှန်ဟိုင်းရှိ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံတစ်ခုသို့ လိုက်လံ ရှင်းလင်းပြသရာမှာတော့ ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်တုတွေအကြောင်းကို ဘာသာတရားဆိုင်ရာ အဆုံးအမ၊ အသုံးအနှုန်းတွေ၊ ရာဇဝင်တွေနှင့် ကျကျနန ရှင်းလင်းပြောပြပေးနေပြန်ပါသည်။

ကြိုတင်ရေးဆွဲထားသည့် တစ်နေ့တာ လည်ပတ်ကြည့်ရှုကြမည့် နေရာများအတိုင်း အချိန်မီရောက်ရှိစေရန်လည်း ကျွန်တော်တို့အဖွဲ့ကို တွန်းတွန်းတိုက်တိုက်၊ တက်တက်ကြွကြွဖြင့် ဦးစီးခေါ်ဆောင်သွားနိုင်သည်။ (ကျွန်တော်တို့အဖွဲ့ထဲမှာက အေးအေးဆေးဆေး၊ လေးလေးကန်ကန် အသက်ကြီးအဖွဲ့သားများလည်း ပါလာသေးသည်ကိုး)။

ဂျူလီသည် အလွန်စိတ်ရှည်သည်ကို တွေ့ရသည်။ မေးသမျှကို ဖြေပေးသည်။ နွေးနွေးသည်ကို တွန်းပေးသည်။ အထက်စီးပုံစံမျိုးဖြင့်လည်း မဆက်ဆံပါ။ ကျွန်တော်တို့အား သူ့အလုပ်ရှင်များ(သူ့ကို အလုပ်ပေးသူများ)ကဲ့သို့ လေးလေးစားစား ဆက်ဆံပါသည်။

ဤတရုတ်မကလေးသည် သူ့အလုပ်ကို သူသိသည်။ ကျွမ်းကျင်သည်။ တန်ဖိုးထားသည်။ တာဝန်သိသည်။ တာဝန်ကျေအောင် ဆောင်ရွက်သည်။ Professional ပီသပါပေသည်။ ဤကဲ့သို့ ချီးကျူးနေသည်ကို အထင်မလွဲစေလိုပါ။ သူ့အသက်အရွယ်သည် ကျွန်တော့်သမီးအရွယ်သာသာပဲ ရှိပါသည်။

အဓိက ပြောချင်တာကတော့ အလုပ်နှင့်ပတ်သက်သည့် သူတို့၏ သဘောထား၊ ခံယူချက်တွေ။ ပြီးတော့ တက်တက်ကြွကြွနှင့် ကြိုးကြိုးစားစား အလုပ်လုပ်သည့် သူတို့၏ ပုံစံကိုပါ။ လွန်ခဲ့သည့် နှစ်အစိတ် သုံးဆယ်ခန့်က ကျွန်တော် တရုတ်နိုင်ငံသို့ ရောက်ခဲ့စဉ် တွေ့ရသည့် ပုံစံများနှင့် လုံးဝ ခြားနားနေခဲ့ပါပြီ။

(၂)

ဒုတိယတစ်ယောက်ကတော့ ကျန်းစုပြည်နယ် Zhenjiang Shipyard က အင်ဂျင်နီယာမလေး ဂျူဟောင်လီပါ။ အသက်အားဖြင့် ၃၀ ဝန်းကျင်သာရှိမည်ဟု ခန့်မှန်းမိပါသည်။

သူကလည်း ဒီလို နိုင်ငံတကာအဆင့်မီ သင်္ဘောကျင်းကြီးမှာ အမျိုးသားတွေနဲ့အတူ ရင်ပေါင်တန်း အလုပ်လုပ်နေသူတစ်ဦးပါပဲ။ သူကတော့ တည်တည်ငြိမ်ငြိမ်၊ ရင့်ကျက်သည့်ပုံစံပါ။ ဒါပေမယ့် ဖျတ်ဖျတ်လတ်လတ်၊ တက်တက်ကြွကြွ၊ ပေါ့ပေါ့ပါးပါးအမူအရာကိုလည်း တွေ့မြင်နေရပါသည်။

ကျွန်တော်တို့ တက်ရောက်ကြည့်ရှုခဲ့ရသည့် သင်္ဘောရေချပွဲ(Floating Dock) အခမ်းအနားမှာ ရှန်ပိန်ပုလင်းကို ခွဲပေးခဲ့သူလေးပါ။ (မှတ်ချက်- အစဉ်အလာ ဓလေ့ထုံးတမ်းအရ တည်ဆောက်ပြီးသည့် ရေယာဉ်သင်္ဘောတွေကို ရေချသည့် အခမ်းအနား(Launching Ceremony)မှာ ရှန်ပိန်ပုလင်းကို ရေယာဉ်ကိုယ်ထည်နဲ့ တိုက်ပြီး ခွဲလေ့ရှိပါသည်။ ပြီးတော့ အဆိုပါ ရှန်ပိန်ပုလင်းခွဲသည့် အလုပ်ကိုလည်း အမျိုးသမီးတစ်ဦးကသာ ပြုလုပ်ရပါသည်။)

သူနဲ့စကားပြောကြည့်တော့ သူတို့နိုင်ငံအတွက်(သူတို့ကုမ္ပဏီအတွက်) အလုပ်လုပ်ရာမှာ ထားရှိသည့် ခံယူချက်၊ ယုံကြည်ချက်တို့သည် အလွန်မြင့်မားသည်ကို တွေ့ခဲ့ရပါသည်။

ကျွန်တော်ဆုံခဲ့ရသည်က တရုတ်ပြည်က အင်ဂျင်နီယာမလေးတစ်ဦး မျှသာပါ။ ကျန်သော အတတ်ပညာရှင်၊ အသိပညာရှင် တရုတ်လူငယ်များစွာလည်း ရှိနေဦးမည်သာပင်။

ဒီလိုတက်ကြွထက်မြက်တဲ့ အတတ်ပညာရှင်၊ အသိပညာရှင် လူငယ်တွေသည် တိုင်းပြည်ရဲ့စီးပွားရေးကို တွန်းတင်ပေးမယ့် ပင်နယန်တွေပါပဲလားလို့ မြင်တွေ့ခဲ့ရပြန်ပါသည်။




**တရုတ်နိုင်ငံ ကျန်းစုပြည်နယ်၌ ကျင်းပသည့် တန်ချိန် ၁၂၀၀ ရေပေါ်လွန်းကျင်း (Floating Dock) ရေချပွဲ အခမ်းအနားတွင် စာရေးသူတို့အဖွဲ့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

(၃)

နောက်တစ်ဦးကတော့ စားသောက်ဆိုင်တစ်ဆိုင်မှဖြစ်သည်။ ပိုင်ရှင်လည်း သူ၊ မန်နေဂျာလည်း သူ၊ ဝန်ထမ်းအလုပ်ကိုလည်း ဝင်လုပ်တတ်သည့် တရုတ်မကလေး တစ်ဦးပါ။

သူသည်လည်း အသက် ၃၀ ဝန်းကျင်သာ ရှိလိမ့်ဦးမည်ဟု ဆိုနိုင်ပါသည်။ ရုပ်ရည်သန့်ပြန့်ပြီး နှစ်လိုဖွယ်အဆင်းရှိသူ။ ကျန်းမာသန်စွမ်းပုံရပြီး သွက်လက်ချက်ချာသူလေးပါ။

ကိုယ်တိုင်လည်း စားပွဲထိုး၊ အခြားဝန်ထမ်းတွေကိုလည်း ကွပ်ကဲ။ လက်ထဲမှာလည်း တက်ဘလက်တစ်ချပ်နဲ့ မှာယူတဲ့ စားသောက်စရာ စာရင်းတွေ ရေးမှတ်လို့။ ဒါ့အပြင် စားဖိုဆောင်ထဲကိုလည်း ဝင်ချည်ထွက်ချည် ပျားတစ်ကောင်လို လူးလာခတ်နေပါသည်။

သူအလုပ်လုပ်နေလိုက်ပုံက ကျွန်တော်တို့လို မိဘအရွယ်တစ်ဦးအနေဖြင့် ကြည့်ရင်း ပီတိဖြစ်ရသလို နောင်ရေးအတွက် စိတ်ပူစရာမလိုသည့် သားသမီးပေပဲလို့ ဝမ်းမြောက်ကြည်နူးမိပါသည်။

ကျွန်တော်တို့အဖွဲ့ထဲက တစ်ဦးက ဟင်းလျာတွင်ပါသည့် အသီးအနှံတစ်မျိုးကို ဘာလဲဟု သိချင်၍ မေးရာ ကိုယ်တိုင်ပင် စားဖိုဆောင်ထဲဝင်သွားပြီး ထိုအသီးကို ယူလာ၍ ပြသပေးပါသည်။ အဲသလို စိတ်ရှည်ပေးသူပါ။

စကားစပ်မိရင်း ဘာလို့ အဲသလောက် အလုပ်တွေ လုပ်နေရတာလဲလို့ မေးကြည့်လိုက်တော့ တရုတ်တွေမှာ စကားပုံတစ်ခုရှိကြောင်း၊ သူဌေးမိသားစု မျိုးဆက်ဟာ သုံးဆက်အထိသာ ခံကြောင်း၊ သူဌေးသားသမီးတွေဟာ ဇိမ်ခံသုံးဖြုန်းနေကြလို့ နောက်ဆုံး သုံးဆက်မြောက်မှာ မွဲသွားလေ့ရှိတယ်လို့ ဆိုလိုကြောင်း၊ အဲဒီစကားပုံကို သူတို့လက်ထက်မှာ မှားကြောင်း ပြသနိုင်ဖို့ ကြိုးစားသွားမှာဖြစ်ကြောင်း အားရပါးရ ပြောပြပါသည်။

ဩော်၊ အားရစရာကောင်းလိုက်တဲ့ လူငယ်တွေဟု ကျွန်တော် တွေးမိပါသည်။

(၄)

ယခု နောက်ဆုံးပြောပြမယ့် တစ်ယောက်ကတော့ ထူးခြားသည်။

သူက မြန်မာပြည်မှာ အလုပ်လုပ်နေသည်မှာ ၁၀ နှစ်ခန့် ရှိနေပြီဖြစ်သော တရုတ်မကလေးပါ။ အသက် ၂၅ နှစ်က မြန်မာပြည်ကို ရောက်လာတာဆိုတော့ အခု အသက်က ၃၅ နှစ်ရှိပါပြီ။ နာမည်က မြန်မာအမည် 'မရွှေရည်ပွင့်' ပါတဲ့။

မြန်မာစကားကို ကောင်းကောင်းပြောတတ်သည့် ပေကျင်းသူ စစ်စစ်ပေါ့။ အမြဲလိုလို ရွှင်ပြုံးနေတတ်သော သူ၏မျက်နှာက ပီတိ ကလေးတစ်ယောက်လိုပင်။ ခင်မင်ချင်စရာကောင်း၏။

သူ့အမျိုးသားသည် ကျွန်တော်တို့အဖွဲ့ရဲ့ Coordinator (တရုတ်နိုင်ငံသား၊ အင်္ဂလိပ်လိုသာတတ်သူ) ဖြစ်ပြီး အလုပ်က South-East Asia Crude Oil Pipeline ကုမ္ပဏီလက်အောက်ရှိ Department တစ်ခုမှာ Supervisor အဖြစ်တာဝန်ထမ်းဆောင်ပါသည်။

သူသည် ကျွန်တော်တို့ခရီးစဉ် သုံးပုံတစ်ပုံလောက်မှာ ရှန်ဟိုင်းကို နောက်မှရောက်လာခဲ့သူပါ။ ကျန်တဲ့ခရီးစဉ်တွေမှာ သူ့အမျိုးသားနှင့်အတူ လိုက်ပါလာသဖြင့် ကျွန်တော်တို့အဖွဲ့အတွက်တော့ စကားပြန်တစ်ယောက် ထပ်မံအားဖြည့်ပေးလိုက်သလိုပါပဲ။ သူရောက်လာတော့ ကျွန်တော်တို့က မြန်မာလိုပြောပြီး သူက တရုတ်လိုတိုက်ရိုက် ဘာသာပြန်ပေးသဖြင့် ပိုမို အဆင်ပြေ သွက်လက်လာပါတော့သည်။

သူသည် မြန်မာပြည်ရောက်စက မြန်မာစကား သိပ်မပြောနိုင်ပါတဲ့။ ရန်ကုန်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်မှာ တက်ရောက်ပြီး မြန်မာဘာသာကို သင်ယူတတ်မြောက်ခဲ့သူ ဖြစ်ပါသည်။

ယခုအခါတွင်မူ သူသည် မြန်မာနိုင်ငံအခြေစိုက် တရုတ်ကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်ပေးနေပါသည်။ မြန်မာစကားကို ကျွမ်းကျင်စွာပြောတတ်သဖြင့် အတော်နေရာရနေသူတစ်ဦး ဖြစ်နေပါသည်။

ပြောချင်သည်မှာ တရုတ်မကလေးတစ်ဦးရဲ့နယ်မြေခြားကို သွားရောက် အလုပ်လုပ်ရဲတဲ့ စွန့်စားမှု၊ ထိုးဖောက်မှု၊ ကြိုးစားမှု၊ အောင်မြင်မှုတွေဟာ ယခင် ဆယ်စုနှစ်များနဲ့မတူ၊ လုံးဝ ခြားနားခဲ့ပြီဆိုတာကိုပါ။

ကမ္ဘာအနှံ့ ဖြန့်ကြက်ရောက်ရှိနေကြတဲ့ အဲဒီလိုမျိုး တရုတ်လူငယ်လေးတွေဟာ သူတို့နိုင်ငံအတွက် စီးပွားရေးသံတမန် အသေးစားကလေးတွေလို့ပင် ဆိုနိုင်ပါလိမ့်မည်။

**အားကိုးပါရစေ**

ဤ တရုတ်နိုင်ငံခရီးစဉ်မှာ တွေ့ခဲ့ရတဲ့ တရုတ်မကလေးများဟာ နမူနာ စိုးစဉ်းမျှသာ ဖြစ်ပါသည်။ အမှန်တကယ်တော့ တရုတ်လူငယ်တွေဟာ ကြိုးစားအားထုတ်မှုအပိုင်းမှာ အများကြီး မြင့်တက်လာနေကြပါပြီ။

ဆယ်စုနှစ် သုံးခုအတွင်းမှာ တရုတ်နိုင်ငံကို အမေရိကန်တို့ပင်လျှင် ဂရုစိုက်လာရသည်အထိ ဖြစ်စေသည့် တရုတ်နိုင်ငံ၏ အောင်မြင်မှုတွင် ဤကဲ့သို့သော တရုတ်လူငယ်ကလေးများ၏ အခန်းကဏ္ဍသည် ရှေ့ဆုံးက ပါရှိနေလိမ့်မည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

သူတို့လို လူငယ်တွေဟာ တရုတ်ပြည်ရဲ့အဓိက မောင်းနှင်အားတွေလည်း ဖြစ်ပါလိမ့်မည်။ နိုင်ငံတစ်နိုင်ငံရဲ့ Working Force ဟာ အသက် ၂၀ ကနေ ၄၀ အကြား လူငယ်တွေလို့ ဆိုတယ်မဟုတ်ပါလား။

အားရစရာကောင်းတဲ့ တရုတ်လူငယ်တွေကိုကြည့်ပြီး ကျွန်တော်တို့ရဲ့ မြန်မာလူငယ်တွေလည်း အားကျကြပါတော့၊ အားထုတ်ကြိုးစားကြပါတော့။

'အားကိုးပါရစေ' ဟုသာ။ ။

> **"တရုတ်လူငယ်တွေဟာ ကြိုးစားအားထုတ်မှုအပိုင်းမှာ အများကြီး မြင့်တက်လာနေကြပါပြီ။ ဆယ်စုနှစ် သုံးခုအတွင်းမှာ တရုတ်နိုင်ငံကို အမေရိကန်တို့ပင်လျှင် ဂရုစိုက်လာရသည်အထိဖြစ်စေသည့် တရုတ်နိုင်ငံ၏ အောင်မြင်မှုတွင် ဤကဲ့သို့သော တရုတ်လူငယ်ကလေးများ၏ အခန်းကဏ္ဍသည် ရှေ့ဆုံးက ပါရှိနေလိမ့်မည်ဟု ကျွန်တော် ယုံကြည်မိပါသည်။ သူတို့လို လူငယ်တွေဟာ တရုတ်ပြည်ရဲ့ အဓိကမောင်းနှင်အားတွေလည်း ဖြစ်ပါလိမ့်မည်။ နိုင်ငံတစ်နိုင်ငံရဲ့ Working Force ဟာ အသက် ၂၀ ကနေ ၄၀ အကြား လူငယ်တွေလို့ ဆိုတယ်မဟုတ်ပါလား"**

## အလုပ်အကိုင်အခွင့်အလမ်း တိုးတက်စေရေး စားဖိုမှူးသင်တန်းဖွင့်

**မြစ်ကြီးနား ဇူလိုင် ၂၀**

တိုင်းရင်းသားဒေသခံပြည်သူများ အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ တိုးတက်ရရှိစေရန်အတွက် စားဖိုမှူးသင်တန်းဖွင့်ပွဲကို မြစ်ကြီးနားမြို့နယ် အောင်မြင်သာကျေးရွာ၌ ဇူလိုင် ၁၇ ရက်က ကျင်းပသည်။

ဒေသခံပြည်သူများ အလုပ်ဝင်ခွင့်မြှင့်တင်ပေးရန် စားသောက်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ACHC ကုမ္ပဏီနှင့် ရန်ကုန်စားဖိုမှူး၊ အသက်မွေးပညာရေးသင်တန်းကျောင်းတို့ ပူးပေါင်းကာ အဆိုပါသင်တန်း ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် မြန်မာ၊ တရုတ်၊ ထိုင်း၊ ဒေသရိုးရာဟင်းများနှင့် ယင်းတို့ကို မူတည်ပြီး ဒေသခံနှင့်ဈေးကွက် ကိုက်ညီသောဟင်းများအဖြစ် ပြောင်းလဲချက်ပြုတ်ခြင်း၊ စာတွေ့လက်တွေ့နှင့် လက်ရှိ လူမှုဘဝတွင်ပါ အသုံးချနိုင်အောင် သင်ပြပေးမည်ဖြစ်ကြောင်း၊ သင်တန်းသို့ မလိယန်နှင့် အောင်မြင်သာကျေးရွာတို့မှ သင်တန်းသူ ၃၀ တက်ရောက်ကြောင်း၊ ၁၆ ဦးမှာ ကျိန်ခရမ်းချောင်းခရီးသွားနယ်မြေအတွင်း စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်နေကြကြောင်းနှင့် ACHC ကုမ္ပဏီမှ ပန်းရန်၊ ဂျပ်ခုတ်နှင့် စိုက်ပျိုးရေးသင်တန်းများလည်း ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုနေ**



**အောင်က**

## ရာသီသစ်မှာ ပရီမီယာလိဂ်ပြိုင်မြင်းတစ်ကောင်ဖြစ်လာနိုင်တဲ့

# လက်စတာ

**ဒီနှစ်ပရီမီယာလိဂ်နွေရာသီ အပြောင်းအရွှေ့မှာတော့ စိတ်ဝင်စားဖို့ကောင်းတဲ့အကြောင်းအရာ တော်တော်များများ ဖြစ်ပျက်ခဲ့တယ်။ မန်ယူအသင်းအနေနဲ့ ကစားသမားကောင်းတွေလက်လွှတ်ခဲ့ရသလို အလားအလာရှိတဲ့ကစားသမားကောင်းတွေကိုလည်း ခေါ်ယူနိုင်ခဲ့တယ်။ ချယ်လ်ဆီးအသင်းကို ကစားသမားဟောင်းလမ်းပတ်က မန်နေဂျာသစ်အဖြစ် ရောက်လာခဲ့တယ်။ ပြီးခဲ့တဲ့ အပြောင်းအရွှေ့ဈေးကွက် နှစ်ခုလုံး ငွေမသုံးခဲ့တဲ့ စပါးအသင်းကလည်း ကစားသမားသစ်တစ်ဦးကို ပေါင်သန်း ၅၀ အသုံးပြုပြီး ခေါ်ယူထားခဲ့တယ်။ ဒါပေမယ့် အဲဒီလိုအဖြစ်အပျက်တွေထဲမှာတော့ လာမယ့်ရာသီသစ်နဲ့အတူ စောင့်ကြည့်ရမယ့်အသင်းကတော့ လက်စတာအသင်းလို့ ပြောရမယ်။**

### အသင်းအခြေအနေ

လက်စတာအသင်းလို့ဆိုလိုက်တာနဲ့ ၂၀၁၅-၁၆ ခုနှစ်က ပရီမီယာလိဂ်ကို ကပြောင်းကပြန်ဖြစ်အောင် လုပ်ဆောင်ပြီး ပရီမီယာလိဂ်ချန်ပီယံဆုကိုရယူထားနိုင်ခဲ့တဲ့အသင်းဖြစ်တယ်ဆိုတာကိုလူတိုင်းက သိရှိထားပြီဖြစ်တယ်။ ပြီးခဲ့တဲ့ရာသီကတော့ လက်စတာအသင်းဟာ မန်နေဂျာရော်ဂျာရဲ့ကိုင်တွယ်မှုနဲ့အတူ အဆင့် ၉ နေရာ ရပ်တည်နိုင်ခဲ့တယ်။ လီဗာပူးမန်နေဂျာဟောင်း ရော်ဂျာဟာ လက်စတာအသင်းကိုတော့ ပြီးခဲ့တဲ့ဖေဖော်ဝါရီမှာ စတင်ကိုင်တွယ်ခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းအပါအဝင် နောက်ဆုံးကစားခဲ့တဲ့ ၁၁ ပွဲမှာ ခြောက်ပွဲအနိုင်ရရှိအောင် ကိုင်တွယ်ခဲ့တယ်။ ပြီးခဲ့တဲ့ရာသီက ရလဒ်ပိုင်းနဲ့ပတ်သက်ပြီး အားရစရာ အထိုက်အလျောက်ရှိခဲ့ပေမယ့် လက်စတာအသင်းဟာ ကျေနပ်မှုမရှိခဲ့ပါဘူး။ ဒါကြောင့်လည်း ဒီနှစ်နွေရာသီဈေးကွက်မှာတော့ အသင်းရဲ့စံချိန်တင် ပြောင်းရွှေ့ကြေးတွေနဲ့ အေရိုဇီပီရက်ဇ်နဲ့ တိုင်လီမန်တို့ကို ခေါ်ယူထားပြီး အင်အားကို ထပ်မံတိုးမြှင့်လိုက်တယ်။

ဒါဟာ လက်စတာအသင်းအတွက်တော့ အစဉ်အမြဲဆိုသလို ပရီမီယာလိဂ်ကိုထိပ်ဆုံးပိုင်းတွေကို စိုးမိုးထားတဲ့ ထိပ်ဆုံးအသင်းတွေကို ဖြတ်ကျော်ပြီး ထိပ်ဆုံးခြောက်သင်းဝင်ရောက်ဖို့ကြိုးစားမှုအစလို့တောင် ပြောရမယ်။ ဘောလုံးလောကမှာတော့ ဘာမဆိုဖြစ်နိုင်တယ်ဆိုတဲ့ ဆိုရိုးစကားရှိတာကြောင့် လက်စတာအသင်းဟာ ထိပ်ဆုံးခြောက်သင်းဝင်ရောက်နိုင်ရေးကတော့ မဖြစ်လာနိုင်စရာ မရှိပါဘူး။ လက်ရှိအသင်းရဲ့ အခြေအနေတွေအရပြောရမယ်ဆိုရင်လည်း လက်စတာအသင်းဟာထိပ်ဆုံး ခြောက်သင်းဝင်ရောက်နိုင်ဖို့အတွက် အခြေအနေကောင်းတွေရှိနေတယ်လို့ သုံးသပ်ရမယ်။

### အသင်းရဲ့အင်အား

လက်စတာအသင်းရဲ့အင်အားဟာ လက်ရှိအချိန်မှာတော့ မန်စီးတီး၊ လီဗာပူးအသင်းတို့ကို မယှဉ်နိုင်တာကတော့ သေချာတယ်။ ဒါပေမယ့် လက်ရှိလက်စတာအသင်းရဲ့ပွဲထွက်လူစာရင်းက ကျန်တဲ့ပရီမီယာလိဂ်အသင်းတွေတိုင်းကို ယှဉ်နိုင်တဲ့အရည် အချင်းတွေရှိနေတယ်။အသင်းရဲ့ပွဲထွက်လူစာရင်းကို ကြည့်မယ်ဆိုရင် ဂိုးပေါက်မှာ ဝါရင့်ဂိုးသမား ရှမိုက်ကယ်၊ ခံစစ်ပိုင်းမှာဆိုရင် ဂျွန်နီအီဗန့်စ်၊ ချီဝဲလ်၊ ရီကာတိုပီရီယာတို့ရှိတယ်။ ကွင်းလယ်မှာလည်း အသစ်ခေါ်ယူထားတဲ့ တိုင်လီမန်၊ အန်ဒီဒီ၊ မက်ဒီဆန်၊ ဂရေးနဲ့ ဟမ်ဇာတို့ရှိတယ်။ တိုက်စစ်ပိုင်းမှာတော့ ဝါရင့်တိုက်စစ်မှူး ဗာဒီနဲ့ အသစ်ခေါ်ယူထားတဲ့ အေရိုဇီပီရက်ဇ်တို့ရှိတယ်။

ဒါကြောင့်လည်း မန်နေဂျာရော်ဂျာအနေနဲ့ ဒဏ်ရာပြဿနာနဲ့မကြုံဘူးဆိုရင် ပရီမီယာလိဂ်အသင်းတိုင်းကို ကြောက်ရွံ့စရာမရှိ ရင်ဆိုင်နိုင်တယ်လို့ ပြောရမယ်။ ဒါကြောင့်လည်း လက်စတာအသင်းအတွက်တော့ လာမယ့်ရာသီမှာ ပြင်းထန်တဲ့ ဒဏ်ရာပြဿနာတွေဆိုးဆိုးရွားရွား မကြုံတွေ့ပါစေနဲ့လို့သာ ပြောရမယ်။ ဒ့ါအပြင် လက်ရှိအချိန်မှာ လက်စတာအသင်းအနေနဲ့ အားကိုးရတဲ့ကစားသမား မက်ဂွိုင်းယားလို ကစားသမားမျိုး ထွက်ခွာသွားတာဟာ ကြီးမားတဲ့ဆုံးရှုံးမှုလို့တော့ ပြောလို့ရတယ်။ ဒါပေမယ့် အသင်းအတွက် အရေးပါတဲ့ အခြားကစားသမားတွေက နှစ်ရှည်စာချုပ်ချုပ်ဆိုထားတာကြောင့် သိပ်စိုးရိမ်စရာတော့ မရှိဘူးလို့ပြောရမယ်။



**လက်စတာအသင်းရဲ့ အင်အားဟာ လက်ရှိအချိန်မှာတော့ မန်စီးတီး၊ လီဗာပူအသင်းတို့ကို မယှဉ်နိုင်တာကတော့ သေချာတယ်။ ဒါပေမယ့်လက်ရှိ လက်စတာအသင်းရဲ့ ပွဲထွက်လူစာရင်း က ကျန်တဲ့ပရီမီယာလိဂ် အသင်းတွေတိုင်းကို ယှဉ် နိုင်တဲ့ အရည်အချင်း တွေ ရှိနေတယ်။**

ဒါကြောင့်လည်း ရော်ဂျာအနေနဲ့ လာမယ့် ရာသီမှာသာ အသင်းရဲ့ အင်အားကို ဟန်ချက်ညီညီ ထိန်းချုပ်နိုင်ခဲ့မယ်ဆိုရင် ထိပ်ဆုံးခြောက်သင်း ဝင်ရောက်ဖို့က မျှော်လင့်ချက်ရှိတယ်။

### မန်နေဂျာရော်ဂျာ

ဒီနှစ်နွေရာသီမှာ လက်စတာအသင်းဟာ ကစားသမားသစ်နှစ်ဦးဖြစ်တဲ့ တိုင်လီမန်နဲ့ အေရိုဇီပီရက်ဇ်တို့ကို ခေါ်ယူထားတယ်။ ကျန်တဲ့ကစားသမားတွေကတော့ ၂၀၁၈-၁၉ ရာသီအတွင်းအသင်းမှာ ထူးချွန်စွာကစားနိုင်ခဲ့တဲ့သူတွေလို့ ပြောရမယ်။ ဒါပေမယ့် လက်စတာအသင်းဟာ ပြီးခဲ့တဲ့ရာသီက အဆင့် ၉ နေရာမှာရပ်တည်နိုင်ခဲ့တယ်။ ဒါကလည်း ရော်ဂျာရဲ့ အပြစ်လို့တော့ ပြောလို့မရဘူး။ ရော်ဂျာမတိုင်ခင်ကိုင်တွယ်ခဲ့တဲ့ မန်နေဂျာကလော်ဒီပူးလ်ဟာ လက်စတာအသင်းကို ခံစစ်အားကောင်းကောင်းနဲ့ကစားနိုင်ဖို့ကြိုးစားခဲ့တယ်။ ဒါပေမယ့် ဗာဒီ၊ မက်ဒီဆန်၊ ဂရေးတို့ကိုတော့ ဟန်ချက်ညီညီကိုင် တွယ်နိုင်ခြင်း မရှိခဲ့ဘူး။ ဒါကြောင့်လည်း အသင်းရဲ့တိုက်စစ်ပိုင်းက ထင်သလောက်မကောင်းခဲ့ဘဲ ရှုံးပွဲတွေရခဲ့တယ်။

အခုတော့ ဒီနှစ်ရာသီမှာ မန်နေဂျာရော်ဂျာဟာ လက်စတာအသင်းကို အပြည့်အဝစတင် ကိုင်တွယ်ခွင့်ရတော့မယ်။ သူဟာ လီဗာပူးအသင်းကိုကိုင်တွယ်စဉ်ကလည်း ၂၀၁၃-၁၄ ရာသီမှာဆိုရင် ပရီမီယာလိဂ်ဆုဖလားနဲ့ အနီးဆုံးအထိတောင် ရောက်ခဲ့သေးတယ်။ ဒါကြောင့် ရော်ဂျာရဲ့ ပရီမီယာလိဂ် အတွေ့အကြုံကောင်းကတော့ အထင်သေးလို့မရဘူး။ ဒါကြောင့် ဒီနှစ်ရာသီမှာသာ ရော်ဂျာအနေနဲ့ လက်စတာအသင်းမှာရှိတဲ့ အရည်အချင်းရှိတဲ့ကစား သမားတွေကို တွန်းအားပေးနိုင်ခဲ့မယ်ဆိုရင် ဥရောပဝင်ခွင့် တစ်နေရာဟာ လက်စတာအသင်းအတွက် ဖြစ်လာနိုင်ပါတယ်။

■

## ခေါင်းဆောင်သစ်ကို ကစားသမားများ၏ ရွေးချယ်မှုဖြင့် ခန့်အပ်မည်ဟု မန်စီးတီး မန်နေဂျာ ပြောဆို

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ ခေါင်းဆောင်သစ်အဖြစ် ခန့်အပ်ရမည့် ကစားသမားကို အသင်းမှ ကစားသမားများသာ ရွေးချယ်ဆုံးဖြတ်စေမည်ဖြစ်ကြောင်း မန်စီးတီးအသင်းမန်နေဂျာ ဂွါဒီယိုလာက ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်စီးတီးအသင်း၏ ကပ္ပတိန်အဖြစ် တာဝန်ယူခဲ့သူ ဘယ်လ်ဂျီယံဗဟို ခံစစ်မှူး ဗင်ဆင့်ကွန်ပါနေး ၂၀၁၈-၁၉ ခုနှစ် ဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်းမှ ထွက်ခွာသွားခြင်းကြောင့် မန်စီးတီးအသင်းအနေဖြင့် ခေါင်းဆောင်သစ်တစ်ဦး ရွေးချယ်ရမည်ဖြစ်သည်။

ပြီးခဲ့သည့် ဇူလိုင် ၁၇ ရက်က တရုတ်နိုင်ငံ၌ မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ရာသီကြိုခြေစမ်းပွဲတွင် မန်နေဂျာ ဂွါဒီယိုလာသည် မန်စီးတီးအသင်း၏ ခေါင်းဆောင်အဖြစ် ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗားအား တာဝန်ပေးအပ်ခဲ့သည်။ သို့သော်လည်း အမြဲတမ်းခေါင်းဆောင်ခန့်အပ်ရေးကိုမူ ရာသီကြိုခြေစမ်းခရီးစဉ်များ ပြီးဆုံးကာ မန်စီးတီးအသင်းသို့ ကစားသမားများအားလုံးစုဝေးရောက်ရှိချိန်မှသာ ကစားသမားများအား ရွေးချယ်ဆုံးဖြတ်စေမည်ဟု မန်နေဂျာ ဂွါဒီယိုလာက ပြောဆိုခဲ့သည်။

"မန်စီးတီးအသင်းကစားသမားတွေအားလုံး တစ်စုတစ်ဝေးတည်းရှိချိန်ကျမှ သူတို့ဟာ အသင်းရဲ့ခေါင်းဆောင်သစ်ကို ရွေးချယ်သွားကြမှာပါ။ ရာသီကြိုခရီးကနေ ပြန်ရောက်ချိန်မှာ ကျွန်တော်တို့ အစည်းအဝေးတစ်ခု ကျင်းပပြီး ဘယ်သူ့ကို ခေါင်းဆောင်အဖြစ် ခန့်အပ်ရမယ်ဆိုတာကို ဆုံးဖြတ်မှာဖြစ်ပါတယ်" ဟု မန်နေဂျာ ဂွါဒီယိုလာက ပြောဆိုခဲ့သည်။

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းက ၎င်းအနေဖြင့် မန်စီးတီးအသင်း၏ ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခံရပါက ပျော်ရွှင်မိမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဒီဘရိုင်းက "မန်စီးတီးအသင်းအနေနဲ့ ကျွန်တော့်ကို အသင်းရဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်ဖို့ ဆန္ဒရှိမယ်ဆိုရင် ဒီတာဝန်ကို ကျွန်တော် ဂုဏ်ယူစွာနဲ့ လက်ခံသွားမှာပါ။ ဒါပေမယ့် အသင်းခေါင်းဆောင်သစ် ရွေးချယ်မှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့ စည်းဝေးတိုင်ပင်ဖို့တော့လိုပါတယ်"ဟု ပြောဆိုခဲ့သည်။



မန်စီးတီးအသင်းသည် ပြီးခဲ့သည့် ၂၀၁၈-၁၉ ခုနှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ်၊ အက်ဖ်အေဖလားနှင့် Carabao Cup၊ ကွန်မြူနတီဒိုင်းတို့ကို ရရှိခဲ့သည့်အသင်း ဖြစ်သည်။ **ထက်အောင်**

# ပြည်တွင်းခရီးသွားများဖြင့် စတင်စည်ကားနေသည့် ဆင်ခေါင်းတောင် အပန်းဖြေစခန်း

**ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ဆည်ရွာအနီးရှိ ဆင်ခေါင်းတောင် အပန်းဖြေစခန်းသို့ လာရောက်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။**



ဆင်ခေါင်းတောင်အပန်းဖြေစခန်းတွင် လာရောက်လည်ပတ်သူများအား တွေ့ရစဉ်။

အဆိုပါ အပန်းဖြေစခန်းသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ဟန်မြင့်မိုရ်လမ်းခွဲမှ ၁၂ မိုင်အကွာ မန္တလေးမှ ရှမ်းပြည်နယ်သို့ သွားရာကားလမ်းဘေးတွင် တည်ရှိပြီး သဘာဝ အလျောက် စိမ်းစိုအုပ်ဆိုင်းနေသည့် ဆင်ဦးခေါင်းသဏ္ဌာန် တောင်တန်းနှင့် တောင်ခြေတွင် တသွင်သွင်စီးဆင်းနေသည့် ဇော်ဂျီမြစ်ရေ၏ ကြည်လင် အေးမြမှု အလှတရားများကို လူမှုကွန်ရက်မှတစ်ဆင့် သိရှိကာ ယခုနှစ် ဇွန်လပိုင်းမှစ၍ ပြည်တွင်းခရီးသွားများ လာရောက်အပန်းဖြေအနားယူမှုများ ရှိလာကြောင်း ဆည်ရွာအုပ်ချုပ်ရေးမှူး ဦးမြဦးက ပြောသည်။

"အရင်ကတည်းက ဒီနေရာလေးဟာ သဘာဝရှုခင်းတွေနဲ့ သာယာလှပနေပေမယ့် သိရှိသူနည်းပါးကြတယ်။ မကြာသေးခင်က ရုပ်သံအဖွဲ့တစ်ဖွဲ့လာရောက်ပြီး မြို့ကြီးဆည်အကြောင်းကို ရိုက်ကူးရင်းနဲ့ ဒီနေရာရဲ့သဘာဝ ရှုခင်းတွေကို ဖော်ပြခဲ့တဲ့အတွက် အခုလို အပန်းဖြေသူတွေနဲ့ စည်ကားလာတာပါ။ ကျွန်တော်တို့ ဒေသခံတွေအနေနဲ့လည်း ဈေးဆိုင်တွေ ဖွင့်လှစ်ရောင်းချပြီး ဝင်ငွေလေးတွေ ရရှိလာကြတဲ့အတွက် ဝမ်းသာပျော်ရွှင်နေကြတယ်။ ဒါကြောင့် ဒီအခြေအနေထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်ဖို့ အစီအစဉ်တွေနဲ့ ဆိုင်ခန်းတွေ တရားဝင်ရောင်းချခွင့်ရဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေကို တင်ပြထားပါတယ်" ဟု ၎င်းဆက်လက်ပြောပြသည်။

အဆိုပါ အပန်းဖြေစခန်းနေရာတွင် စားသောက်ဆိုင်ခန်းဖွင့်လှစ်ရောင်းချသည့် မြို့ကြီးရွာသူ ဒေါ်သင်းသင်းလှိုင်က "ကျွန်မတို့ ဒေသလေးဟာ စိုက်ပျိုးရေးလုပ်ငန်းနဲ့ပဲ အသက်မွေးမှုရပ်တည်နေကြတဲ့အတွက် အခြားဝင်ငွေရမယ့် အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းပါးနေပါတယ်။ အခုလို ကိုယ်ရဲ့ဒေသလေးမှာ လာရောက်အပန်းဖြေသူတွေနဲ့ စည်ကားလာတဲ့အတွက် ဂုဏ်ယူဝမ်းသာနေကြသလို ဒီနေရာလေးကို အမှီပြုပြီး ဆိုင်ခန်းတွေ ဖွင့်လှစ်ရောင်းချနိုင်ကြလို့ တစ်ပိုင်တစ်နိုင် ဝင်ငွေလေးတွေလည်း ရနေကြပါပြီ။ ဒီထက်ပိုပြီး ပြည်တွင်းသာမက ပြည်ပခရီးသွားတွေလည်း လာရောက်အပန်းဖြေကြဖို့ တစ်ရွာလုံးက မျှော်လင့်နေကြပါတယ်။ ဒါ့အပြင် ကျွန်မတို့ ဖွင့်လှစ်ရောင်းချနေကြတဲ့ ဆိုင်ခန်းတွေကိုလည်း တရားဝင်ရောင်းချခွင့်ပေးဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေကို တောင်းဆိုချင်ပါတယ်" ဟု ပြောသည်။

ထို့အပြင် မန္တလေးမြို့မှ အဆိုပါဒေသသို့ အပန်းဖြေလေ့လာရန်လာရောက်သည့် မပိုးလွှာထက်ကလည်း "ဒီဆင်ခေါင်းတောင် အပန်းဖြေစခန်းကို ဖေ့စ်ဘုတ်က တွေ့ရှိပြီး လာခဲ့ကြတာပါ။ ဒီနေရာရဲ့ သဘာဝရှုခင်းတွေက စိတ်ခွန်အားကို တက်ကြွလန်းဆန်းစေပါတယ်။ ရောက်ရောက်ချင်းပဲ မြို့ကြီးဆည်နဲ့ ဆင်ခေါင်းတောင်ကြီးကို နောက်ခံထားပြီး အမှတ်တရ ဓာတ်ပုံတွေ ရိုက်ခဲ့ကြပါတယ်။ ဇော်ဂျီမြစ်ရေကလည်း ကြည်လင်ပြီး အေးစိမ့်နေတဲ့အတွက် ရေကစားရတာ ပျော်ရွှင်ခဲ့ရသလို ရေစီးနဲ့အတူ မျှောပြီး ဗောကွင်းစီးရတာကလည်း အရသာတစ်မျိုးနဲ့ ပျော်ဖို့ကောင်းပါတယ်" ဟု ပြောသည်။

အဆိုပါ အပန်းဖြေစခန်းတွင် စိမ်းစိုသာယာလှသည့် ဆင်ခေါင်းပုံတောင်တန်းကြီးနှင့် ဇော်ဂျီမြစ်အလှတရားများကို တွဲယှက်ခံစားတွေ့မြင်ရမည့်အပြင် စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာ သိုလှောင်ဖြန့်ဝေပေးနေသည့် မြို့ကြီးဆည်၏ ခံ့ညားထည်ဝါမှုများနှင့် ဒေသထွက်ကုန် ငါးချဉ်လုပ်ငန်းကိုလည်း လေ့လာမြည်းစမ်းခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ- အောင်ဖြိုးကျော်**

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) တောင်သူများလက်ဝယ်သို့ ပေးအပ်

**ဟိုပုံး ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကြီးမှူး၍ ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးစဉ်။

အခမ်းအနားတွင် ကျေးရွာအုပ်စုပေါင်း ၁၀ အုပ်စု၊ ကွင်းပေါင်း ၃၄ ကွင်း၊ တောင်သူပေါင်း ၁၇၈ ဦး၊ ဦးပိုင် ပေါင်း ၂၅၅၊ ဧရိယာဧက ၁၃၀၀ ဒသမ ၆၃ ကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက် မှတ် ပုံစံ(၇) ထုတ်ပေးခဲ့သည်။ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုတွင် ယနေ့အထိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးနိုင်ခဲ့မှုမှာ ကျေးရွာအုပ်စုပေါင်း ၁၆ အုပ်စု၊ ကွင်း ပေါင်း ၁၄၉ ကွင်း၊ တောင်သူပေါင်း ၇၈၀၂ ဦး၊ ဦးပိုင်ပေါင်း ၁၀၁၇၉၊ ဧရိယာပေါင်း (လယ်+ယာ+ဥယျာဉ်)ဧက ၂၆၆၀၁ ရှိ ပြီးဖြစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) မရရှိသေးသော တောင်သူများကိုလည်း ဆက်လက်ထုတ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားသူများသည် လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊ လယ်ယာမြေကိုအားလုံးဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းဖြစ်စေလုပ်ပိုင်ခွင့်ကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံးများ၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုဖောက်ဖျက်ခြင်းမရှိသရွေ့လယ်ယာမြေလုပ်ပိုင်ခွင့်၊ လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သမဝါယမအသင်း၏ ရင်းနှီးမြှုပ်နှံမှုနှင့် လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း၊ အကျိုးတူလုပ်ကိုင်ခွင့်နှင့် လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်တို့ ရရှိမည်ဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့်စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**ထက်ထက်(ဟိုပုံး)**

# ကုက္ကိုလ်ဝမြစ်အတွင်း ငါးသားပေါက် သိန်း ၂၀၀ ကျော် စိုက်ထည့်

**ရန်ကုန် ဇူလိုင် ၂၀** - ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်၊ချောင်းများတွင် ငါးသယံဇာတလျော့နည်းကျဆင်းမှုမရှိစေရန်နှင့် ရေထွက်ပစ္စည်းဆုံးရှုံးပပျောက်မှုမရှိစေရန် တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှမိုးရာသီ၌ ငါးမျိုးစိတ်များကိုစိုက်ထည့်လျက်ရှိရာ ဇူလိုင် ၁၈ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ကျွန်းငူကမ်းနားဆိပ်မှ ကုက္ကိုလ်ဝမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေသိန်း ၂၀၀ ကျော်ကို တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်ဌာနဆိုင်ရာတို့ စုပေါင်း၍ စိုက်ထည့်ခဲ့သည်။

ပန်းလှိုင်မြစ်၊ ကုက္ကိုလ်ဝမြစ်၊ ဘောလယ်မြစ်၊ လှိုင်မြစ်နှင့် ရန်ကုန်မြစ်အတွင်းရှိ သဘာဝ ရေပြင်၌ ငါးသယံဇာတများ ရေရှည်တည်တံ့ပွားများလာစေရန်ရည်ရွယ်၍ ကုက္ကိုလ်ဝမြစ်အတွင်းသို့ ငါးမုံ့ကြီး၊ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေသိန်း ၂၀၀၊ ငါးသန်ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ လေးသိန်း၊ ဒေသမျိုးရင်းဖြစ်သော ငပြေမငါးသားပေါက်ကောင်ရေ တစ်သိန်းတို့ကို စိုက်ထည့်ခဲ့ခြင်းဖြစ်သည်။

ကုက္ကိုလ်ဝမြစ်အတွင်း ငါးသားပေါက်ကောင်ရေများစွာစိုက်ထည့်ခြင်းကို တိုင်းဒေသကြီးမှ ပထမဆုံးဆောင်ရွက်ခြင်းဖြစ်ပြီး နှစ်စဉ်အင်လျားကန်၊ လှော်ကားကန်၊ သဘာဝကန်များနှင့် မြစ်၊ ချောင်းများအတွင်းသို့ ငါးမျိုးစိတ်များ စိုက်ထည့်လျက်ရှိကာ ဇူလိုင် ၂၇ ရက်တွင် သံလျင်၌ ရေချိုကဏန်းမျိုးစိတ်များကိုလည်း စိုက်ထည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

## ရေဘေးအသိပညာပေး




ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းဖြင့် အိုဇုန်းလွှာကို ကာကွယ်ကြပါစို့

# မြိတ်မြို့နယ်အတွင်းရှိကျေးရွာပေါင်း ၃၀ တွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများဆောင်ရွက်မည်

**မြိတ် ဇူလိုင် ၂၀**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၀ တွင် တစ်အိမ်ထောင်သုံးနှင့် အများပြည်သူသုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်၏ ပြောကြားချက်အရ သိရသည်။

မြိတ်မြို့နယ်အတွင်းရှိကျေးရွာ အုပ်စု ၁၀ အုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၃၀ တွင် တပ်ဆင်ပေးမည့် တစ်အိမ်ထောင်သုံးဆိုလာစနစ်တွင် ၆၀ ဝပ်နှင့် ၁၀၀ ဝပ်အား ရှိယူနစ်နှစ်မျိုးပါဝင်ပြီး ဆိုလာမီးလင်းရေးပစ္စည်းများကို လူနေအိမ်များမီးလင်းရေး အပြင်ကျေးရွာများရှိ စာသင်ကျောင်းများ၊ ကျန်းမာရေးအဆောက်အအုံများ၊ ဘာသာရေး အဆောက်အအုံများနှင့်လမ်းမီးများအတွက်လည်း တပ်ဆင်ကာ မီးလင်းရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့နယ်၌ကျေးရွာပေါင်း ၃၀ တွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် တပ်ဆင်ပေးသွားမည့်ကျေးရွာအုပ်စု ၁၀ အုပ်စုအတွင်းမှကျေးရွာများမှာ တောင်ရှည်၊ တောင် ညို၊ ပြင်းတောင်၊ တပ်တောင်၊ ကဘင်း၊ လွတ်လွတ်၊ စလွန်း၊ အနောက်မင်းသန်း၊ မင်း သန်း၊ သက္ကယ်ကျင်း၊ ရှမ်းတောင်၊ သစ်ယာ၀၊ ကံပြင်၊ ပနာတောင်၊ သဗျာ၊ အလယ်ချောင်း၊ ရွှေကူစု၊ ဆယ်အိမ်စု၊ ကျောက်ဖြူ၊ ဒေါ၊ တောင်ဖီလာ၊ ကဟန်း၊ ခုံမော်အရှေ့ ကင်းတပ်၊ ပြင်ကြီး၊ ရှမ်းထိန်၊ ဝိုင်းတောင်၊ ဇဝဲ၊ ပလုံးကျေးရွာနှင့် ကျောင်းတောင်ကျေး ရွာတို့မှ အိမ်ခြေပေါင်း ၁၅၄၅၊ ယူနစ်ပေါင်း ၁၅၄၅ ယူနစ်ကို တပ်ဆင်ပေးသွားမည် ဖြစ်သည်။ ထို့အပြင် ၎င်းကျေးရွာများတွင် အများနှင့်သက်ဆိုင်သည့် နေရာများဖြစ်သော အခြေခံပညာ မူလတန်းကျောင်းရှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ အထက်တန်းကျောင်း တစ်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန သုံးခု၊ ဘာသာရေး အဆောက်အအုံ ၁၅ ခုနှင့် ကျေးရွာလမ်းမီးတိုင် ၁၀၅ တိုင်တို့ကိုလည်း အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် ဝပ် ၆၀ အတွက်ငွေကျပ် ၅၀၀၀၀ နှင့် ဝပ် ၁၀၀ အတွက် ငွေကျပ် ၁၅၀၀၀၀ တို့ကို ကျေးရွာနေသုံးစွဲသူမှထည့်ဝင်ရမည်ဖြစ်ပြီး ကျေးရွာနေပြည်သူများက မိမိတို့ ဆန္ဒရှိသော ဆိုလာပါဝါအလိုက် ပုံစံ နှစ်မျိုးဖြန့်ဝေ ပေးသွာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် ကျေးရွာနေပြည်သူများထံမှ ဆိုလာပုံစံ(၁) ယူလိုသူများမှာ ပထမအရစ်တွင်ငွေကျပ် ၂၅၀၀၀၊ ဒုတိယအရစ်တွင် ငွေကျပ် ၂၅၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၅၀၀၀၀ နှင့် ပုံစံ(၂)ယူလိုသူများမှာ ပထမအရစ်တွင် ငွေကျပ် ၇၅၀၀၀၊ ဒုတိယအရစ်တွင်ငွေကျပ် ၇၅၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၁၅၀၀၀၀ ထည့်ဝင်ရကြောင်း မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**



ဆိုလာပါဝါသုံး ကျေးလက်လမ်းမီးတိုင်ကို တွေ့ရစဉ်။

# မကွေးမြသလွန်စေတီတော်သို့ သွားရာလမ်းအား ပွင့်လင်းရာသီ၌ ကွန်ကရစ်လမ်းခင်းမည်



မကွေးမြသလွန်စေတီတော် မုခ်ဦးဝကို တွေ့ရစဉ်။

**မကွေး ဇူလိုင် ၂၀**
မကွေးမြို့ရှိ သမိုင်းဝင်မြသလွန်စေတီတော်သို့ သွားရာလမ်းအား လာမည့်ပွင့်လင်းရာသီတွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

ယခုအချိန် ဘုရားသို့သွားရာ အတွင်းလမ်းတစ်လျှောက်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ရာတွင် သွားလာရေး အဆင်ပြေရန် အဆင့်မြှင့်တင်တော့မည်ဖြစ်သည်။ ဘုရားသွားရာလမ်းတစ်လျှောက်သည် မြေနီလမ်းဖြစ်သော်လည်း ယခုနှစ်ပွင့်လင်းရာသီတွင် ကွန်ကရစ်လမ်း ခင်းတော့မည်ဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး အလှူရှင်များအနေဖြင့် ဆုတောင်းပြည့်သည့်သမိုင်းဝင်မူလမြသလွန်စေတီတော်ကြီးအား လာရောက်ဖူးမြော်၍ သဒ္ဓါတတ်အားနည်းများမဆို မူလမြသလွန်စေတီတော်ဂေါပကအဖွဲ့ရုံး ဖုန်း-၀၉-၂၅၆၁၄၄၇၆၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မေသူလွင်(မကွေး)**

# နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုမြှင့်တင်ပေးသည့် ဗီယက်နမ်ကုန်စည်ပြပွဲတပ်မတော်ခန်းမ၌ လေးရက်တိုင်ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**
ဗီယက်နမ် အမျိုးသားကုန်သွယ်ရေးမြှင့်တင်မှုအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော နှစ်နိုင်ငံချစ်ကြည်ရေးကိုပိုမိုမြှင့်တင်စေသည့် ဗီယက်နမ်ကုန်စည်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇူလိုင် ၁၈ ရက်နံနက်ပိုင်းက ကျင်းပခဲ့ရာ လေးရက်တိုင် ကုန်စည်ပြပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စက်မှုနှင့်ကုန်သွယ်ရေး ဝန်ကြီးဌာနနှင့် ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနတို့စီစဉ်ကျင်းပသော ဗီယက်နမ်ကုန်စည်ပြပွဲတွင် အဆင့်မြင့်ပြခန်းပေါင်း ၉၀ ကျော်မှ ကုမ္ပဏီပေါင်း ၇၀ ခန့်ကို ပြသခဲ့ပြီး အထည်အလိပ်၊ သားရေနှင့်ဖိနပ်၊ လယ်ယာနှင့် သစ်တောထွက်ပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ အစားအစာများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ဆေးဝါးပစ္စည်းများနှင့် ဗီယက်နမ်နိုင်ငံထွက် အရည်အသွေးမြင့် ကုန်ပစ္စည်းများကို ခင်းကျင်းပြခြင်းဖြစ်သည်။

ယခုနှစ်တွင် ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဌာနမှကျင်းပသော ယခုကုန်စည်ပြပွဲနှင့် ဒီဇင်ဘာလတွင် ကျင်းပလေ့ရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး ဌာနတို့ ပူးပေါင်းကျင်းပသော ကုန်စည်ပြပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်မြို့တပ်မတော်ခန်းမ၌ ပြုလုပ်သော ဗီယက်နမ်ကုန်စည်ပြပွဲ

"ဒီနေ့ ပွဲထူးခြားချက်က သူတို့နိုင်ငံရဲ့ ကာကွယ်ရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ ကုမ္ပဏီတွေ၊ ပုဂ္ဂလိကကုမ္ပဏီတွေ ပူးပေါင်းပြီးလာပြတဲ့ပွဲပါ။ ဗီယက်နမ်က အရှေ့တောင်အာရှမှာ စီးပွားရေးကြီးမားလာတာကြောင့် ၂၀၀၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ခဲ့တာပါ။ ဒီပွဲကနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံကုန်သွယ်ကူးသန်းမှုကို ပြသတဲ့အပြင် နိုင်ငံရေး၊ စီးပွားရေးရင်းနှီး ချစ်ကြည်မှု အလားအလာကောင်းတွေ တည်ရှိနေတာကိုတွေ့ရမှာပါ"ဟု ကုန်သွယ် စက်မှုအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးသန့်က ပြောသည်။

အရှေ့တောင်အာရှတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးကို ထိုးဖောက်ဝင်ရောက်ရာ၌ အခြားနိုင်ငံနှင့်မတူပဲ ထဲထဲဝင်ဝင်ဖြင့် အောင်မြင်အောင်ကြိုးပမ်းလေ့ရှိပြီး တစ်ချိန်တွင် မြန်မာနိုင်ငံ၌ ဗီယက်နမ်နိုင်ငံမှ ကုန်ပစ္စည်းများ ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်နိုင်ဖွယ်ရှိပြီး မြန်မာနိုင်ငံသို့ ယခုကဲ့သို့ ဈေးကွက်ရှာဖွေမှုနှင့်အတူ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပနိုင်ငံတို့တွင် ကုန်စည်ပြပွဲများကို ဖော်ဆောင်ခြင်းဖြင့် ဈေးကွက်စီးပွားရေးကိုတိုးချဲ့ရန် လိုအပ်လျက်ရှိပြီး ဗီယက်နမ် ကုန်စည်ပြပွဲကို လေးရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

# မြင်းမူမြို့ သမိုင်းဝင်ရှင်ပင်ရွှေစောလူးဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**မြင်းမူ ဇူလိုင် ၂၀**
မြင်းမူမြို့၏ သမိုင်းဝင်ရှင်ပင်ရွှေစောလူးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဝါခေါင်လဆန်း ၈ ရက်နေ့တွင် အခမ်းအနားဖြင့်ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဈေးတန်းများ၊ ဈေးသည်များက အဝတ်အထည်အမျိုးမျိုး၊ စတီးဆိုင်များ၊ ကြေး/သံကုန်ဆိုင်များ၊ ပလတ်စတစ်ပစ္စည်းဆိုင်များ၊ ကလေးအရုပ်ဆိုင်များ၊ စာအုပ် အရောင်းဆိုင်များ၊ အိတ်အမျိုးမျိုးဆိုင်များ၊ တန်းလျား၊ ခုတင်၊ စားပွဲ ဆိုင်များ၊ တောင်သူသုံးပစ္စည်းအမျိုးမျိုး၊ နွားလှည်းပစ္စည်းအမျိုးမျိုး၊ မြင်းမူမြို့နယ် ညောင်မြစ် ကျေးရွာထွက် ဗန်း၊ ဆန်ကောဆန်ကာကုံး၊ ထန်းလျှော်တောင်းအမျိုးမျိုး၊ ဒေသထွက် အစားအစာများ၊ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"စွမ်းဇာနည် က ဝါခေါင်လဆန်း ၁၁ ရက်နေ့မှ ဝါခေါင်လပြည့်ကျော် ၁ရက် နေ့ထိ၊ မိုးကြိုးငှက်ငယ်လေးများအဖွဲ့က ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့မှ ၉ ရက်နေ့ထိကပြသွားမှာဖြစ်တယ်၊ နောက် စောင်းတန်းအရှေ့ဘက်မြေသစ်ပေါ်၌ ပျော့ပျော့အိအိပင်လယ်ခါးပြလေ့ နှစ်ဖွဲ့နေရာချထားပါတယ်"ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

**ကိုကိုနိုင် (မြင်းမူ)**

# မိတ္ထီလာမြို့နယ်ရှိ အခြေခံပညာစာသင်ကျောင်း(၃၆)ကျောင်းတွင် ကျောင်းဆောင်များတိုးချဲ့ဆောက်လုပ်နေ

**မိတ္ထီလာ ဇူလိုင် ၂၀**
မိတ္ထီလာမြို့နယ်၌ ၂၀၁၈-၂၀၁၉ပညာသင်နှစ်တွင် အခြေခံပညာကျောင်း (၃၆) ကျောင်းတွင် လိုအပ်လျက်ရှိသည့် စာသင်ကျောင်းဆောင်များတိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မိတ္ထီလာမြို့နယ် အခြေခံပညာကျောင်းများတွင် ပညာသင်ယူလျက်ရှိသည့် ကျောင်းသားကျောင်းသူများ လေလုံမိုးလုံးအေးချမ်းစွာ ပညာသင်ကြားနိုင်စေရန် ကျောင်းဆောင်လိုအပ်လျက်ရှိသည့် အခြေခံပညာကျောင်း ၃၆ ကျောင်းတွင် ၂၀၁၈-၂၀၁၉ပညာသင်နှစ်၌ ကျောင်းဆောင်များ တိုးချဲ့ဆောက်လုပ်လျက်ရှိသည်။

လှည်းပွဲ၊ မကျီးစု၊ ငွေးကြီး၊ ကြိုးစု၊ ခင်သာ၊ အမှတ်(၂၁၄)ဥယျာဉ်၊ အမှတ်(၄၂) ဖက်တော၊ ပျဉ်သာ၊ အိုင်ကြီးလည်(အရှေ့)၊ ကဖြူ၊ ငွေးချို(ရွာသစ်)မင်းရွာ၊ ငွေးတောက်ကုန်း၊ ကန်သာ(၂)ကျေးရွာများရှိအခြေခံပညာမူလတန်းကျောင်းများနှင့် အင်းပက်လက် မူလွန်၊ ကန်ခြားမူလွန်၊ အလက(ခွဲ) ဖက်တော၊ အထက(ခွဲ) မုန်တိုင်ကျောင်းများတွင် အလျား ၆၀ ပေ၊ အနံ ၃၀ ပေရှိအုတ်ညပ် တစ်ထပ်ကျောင်းဆောင်များဆောက်လုပ်လျက်ရှိသည်။ ၎င်းအပြင် အခြေခံမူလတန်းကျောင်းများဖြစ်သည့် ကျောက်ဖြူကုန်း၊ အိုင်ကြီးလည်(အနောက်)၊ ကျီးကုန်း (အနောက်)၊ ခင်လူး၊ ရန်မျိုးအောင်၊ ရေချိုကျောင်းများနှင့် လိန်တောမူလွန်ကျောင်း၊ လျှော်ဖြူကန် မူလွန်ကျောင်း၊ တပ်မြေမူလွန်ကျောင်း၊ အလက(ခွဲ)ရှမ်းမငယ်၊ အလက(ခွဲ)ရန်မျိုးအောင်၊ အလက(ခွဲ)တည်ပင်တဲကျောင်းများတွင် အလျား ၈၀ ပေ၊ အနံ ၃၀ ပေရှိအုတ်ညှပ် တစ်ထပ် Steel Structure ကျောင်းဆောင်များ တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ထို့နောက် အလျား ပေ ၉၀၊ အနံ ပေ ၃၀ ရှိ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်များကို အမက မယ်ဇလီပင်၊ အမကထနောင်အိုင်၊ အမက မယ်ဇလီကုန်း၊ အထက(ခွဲ) တောမကျောင်းများတွင် ဆောက်လုပ်သွားမည်ဖြစ်ပြီး အလက တုံအိုင်နှင့် အထကရေဝေကျောင်းများတွင် အလျား ၁၃၀ ပေ၊ အနံ ၃၀ ပေရှိ အာစီနှစ်ထပ်ဆောင်များ တိုးချဲ့ဆောက်လုပ်လျက်ရှိရာအဆိုပါ စာသင်ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်သည့် လုပ်ငန်းကိုစက်တင်ဘာလအတွင်းအပြီးတည်ဆောက်သွား မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းဦးက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် ရေစကြိုမြို့နယ်ရှိ ကျေးရွာအချို့ ကမ်းပြိုမှုအန္တရာယ်မှ သက်သာလာ

**ရေစကြို ဇူလိုင် ၂၀**
ပခုက္ကူခရိုင်ရေစကြိုမြို့နယ်ရှိ ကျေးရွာအချို့ကို ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ခဲ့သဖြင့် ကမ်းပြိုမည့်အန္တရာယ်မှ သက်သာလာကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းတိုင်းဒေသကြီး ငွေလုံးငွေရင်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောချင်းယား၊ ဆင်တဲ၊ ဗလဘ၊ တို့နှင့် တိုင်းဒေသကြီးအရေးပေါ်ကမ်းပြိုကာကွယ်ရေး လုပ်ငန်းအနေဖြင့် ဆောင်ရွက်လျက်ရှိသော နန်းဦး၊ မြေတော်ကျေးရွာတို့တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၏ ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အချို့ကျေးရွာများတွင် ကမ်းပြိုသက်သာလာပြီဖြစ်သည်။


ကမ်းပြိုကာကွယ်ရေးဆောင်ရွက်ထားစဉ်

"အခုက ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတွေ လုပ်ပေးသွားတော့ ကျွန်တော်တို့ ဗလဘရွာမှာကမ်းမပြိုတော့ဘူး။ ရေလွှဲရေကာမလုပ်ခင်ကလူတွေ အထိတ်ထိတ် အလန့်လန့်နေရတာပေါ့။ အခုရေလွှဲလုပ်ပေးတော့ အဆင်ပြေသွားတယ်။ ဒီနှစ်မှာအခုလို ရေလွှဲလုပ်မပေးရင် အခုလောက်ဆိုတစ်ရွာလုံးကုန်လောက်ပြီပေါ့။ မနှစ်ကတော့ ရွာရဲ့တစ်ခြမ်းလောက်ကကမ်းပြိုတဲ့ ထဲပါသွားတယ်"ဟု ဗလဘကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ရေစကြိုမြို့နယ်ရှိ ကျေးရွာအချို့သည်ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြားတွင် တည်ရှိသောကြောင့် မြစ်ရေတက်ချိန်များတွင် ကမ်းပြိုသဖြင့် လူနေအိမ်များ ဖြိုဖျက်ရွှေ့ပြောင်းရခြင်း၊ စိုက်ပျိုးမြေများဆုံးရှုံးရခြင်းတို့ကို နှစ်စဉ်ကြုံတွေ့ရလျက်ရှိသည်။

ကမ်းပြိုသည့် ကျေးရွာများထဲမှ ကမ်းပြိုမှု ပြင်းထန်ပြီးပျက်စီးဆုံးရှုံးရမှုများသည့် ကျေးရွာများအား ကမ်းပြိုသက်သာစေရန် ထန်းလုံးအခြေပြု ကမ်းထိန်းနံရံပြုလုပ်ခြင်း၊ ထန်းလုံးရေလွှဲရေကာပြုလုပ်ခြင်း စသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် ကမ်းပြိုမှုကြောင့်၂၀၁၈ခုနှစ်ဖေဖော်ဝါရီမှ ၂၀၁၉ ခုနှစ် မတ်လအထိစာရင်းများအရကျေးရွာပေါင်း ၁၄ ရွာမှ လူဦးရေ ၁၁၃၉ဦး၊ အိမ်ထောင်စု ၂၃၆စု၊ အိမ်ခြေ ၂၂၇လုံး ရွှေ့ပြောင်းခဲ့ရကြောင်း ကျေးရွာများအလိုက်ကမ်းပြိုမှု ဖြစ်ပွားခဲ့မှုအခြေအနေစာရင်းအရသိရသည်။

အဆိုပါ ကမ်းပြိုထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကိုရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ရေလွှဲလုပ်ပေးတာက အောင်မြင်တယ်မအောင်မြင်ဘူးဆိုတာမသိသေးဘူး။ တဖြည်းဖြည်းရေလွှဲကနေမြေပို့လာရင်တော့ သက်သာလိမ့်မယ်တွက်တာပေါ့။ ရေကာတာမဟုတ်တော့ မပြောတတ်ဘူးပေါ့။ ရေလွှဲကအခုမှ ရိုက်ပြီးတာ တစ်ပတ်လောက်ရှိသေးတာဆိုတော့ မပြောတတ်သေးဘူးပေါ့။ အောက်ဘက်ပိုင်းကတော့ နည်းနည်းပြိုနေသေးတယ် အရင်နှစ်တွေကလောက်တော့ မပြိုတော့ဘူးပေါ့"ဟု ဆင်တဲကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ဆင်တဲကျေးရွာတွင် ကမ်းပြိုမှုကြောင့် ၁၀ နှစ်အတွင်း စိုက်ပျိုးမြေဧက ထောင်ချီကာဆုံးရှုံးခဲ့ရသည်ဟု ဆင်တဲကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ယခုနှစ်တွင် ရေစကြိုမြို့နယ်အတွင်း ကျေးရွာများတွင်ဆောင်ရွက်ပေးသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများမှာ အဓိကအားဖြင့် ထန်းလုံးရေလွှဲရေကာများ၊ ကမ်းထိန်းနံရံများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ထန်းလုံးရေကာက အဓိကက ရေလမ်းကြောင်းပြောင်းသွားပြီဆိုလို့ရှိရင် ၁၀နှစ်လောက်တော့ရတယ်။ ရေကြောင်း ပြောင်းသွားပြီဆိုတာနဲ့ ရေကာရိုက်ထားတဲ့ ဘက်မှာသဲလာပို့တာပေါ့။ သဲပို့ပြီဆိုတာနဲ့ ရေကာတွေကမြေထဲမှာမြုပ်သွား တာပေါ့မြုပ်သွားပြီဆိုလို့ရှိရင် အပင်တွေဘာတွေပေါက်မှာပေါ့။ စိုက်ပျိုးမြေပြန်ပေါ်လာပြီဆိုလို့ရှိရင် အဓိကက အဲဒါပါပဲ။ ကမ်းမပြိုတော့ အိမ်တွေလည်း ထပ်ရွှေ့စရာမလိုဘူးစိုက်ပျိုးမြေတွေလည်း ပြန်ပေါ်လာတာပေါ့ဟု ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာဦးသက်စိုးထိုက်က ပြောသည်။ မကွေးတိုင်းဒေသကြီး၏ ကမ်းပြိုထိန်းသိမ်းကာကွယ်ရေး၏ နှစ်စဉ်ဘတ်ဂျက်တစ်ဝက်လောက်မှာ ရေစကြိုမြို့နယ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် အသုံးပြုနေရခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဟန်ထံကသိရသည်။ ရေစကြိုမြို့နယ်အတွင်း ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများထပ်မံဆောင်ရွက်ရန်ကျေးရွာ ရှစ်ရွာခန့် ကျန်ရှိနေသေးကြောင်း သိရပြီး တိုင်းဒေသကြီးဘတ်ဂျက်ရရှိသည့်အပေါ် မူတည်ကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

# ရေဘေးရှောင် ပြည်သူများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

**သပိတ်ကျင်း**
မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တွင်းငယ်ကျေးရွာ နန္ဒမာလာရာမကျောင်းတိုက်မွှာရုံ၌ ဇူလိုင် ၁၉ ရက်က ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစိုးလွင်၊ သပိတ်ကျင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းဝေလင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဦးစီးမှူး၊ ဦးအေးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်သည်။ တိုင်းဒေသကြီးဝန်ကြီးက ရေဘေးရှောင်ပြည်သူများကို အားပေးနှစ်သိမ့်စကားပြောကြားကာ စုစုပေါင်း ငွေကျပ်တန်ဖိုး ၁၅၂၇၉၀၀၀ ရှိ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ဦးအေးမင်းသူက ငွေကျပ် ၁၀၆၉၅၃၀၀ အားပေးအပ်ခဲ့ကြောင်းသိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

---

**ရေစကြို**
ရေစကြိုမြို့နယ်တွင် ဧရာဝတီမြစ်ရေနှင့်ချင်းတွင်းမြစ်ရေတိုက်စား၍ ကမ်းပြိုမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသော လူနေအိမ် ငါးလုံးနှင့် အိမ်ထောင်စု ငါးစုကို ဇူလိုင် ၁၈ ရက်က ရေစကြိုမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ထောက်ပံ့ပေးအပ်ပွဲကျင်းပသည်။

မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ရေစကြိုမြို့နယ် ဆင်တဲကျေးရွာအုပ်စု၊ ကျွန်းညိုကျေးရွာ၊ နတ်ပေးကျေးရွာနှင့် ပခန်းငယ်ကျေးရွာအုပ်စု၊ ပခန်းငယ်ကျေးရွာ၊ ချစ်သူကျေးရွာတို့တွင် ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသော လူနေအိမ်ငါးလုံး၊ အိမ်ထောင်စုငါးစု၊ စုစုပေါင်းလူဦးရေ ၂၄ ဦးတို့အတွက်၊ ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ ဆန်ရိက္ခာဖိုး ခုနစ်ရက်စာ ၅၀၄၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး ၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၅၀၄၀၀ အား ရေစကြိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **နွယ်နွယ်အောင်**

---

**ငါန်းဇွန်**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာအုပ်စု ထမင်းဆိုင် ကျေးရွာတွင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပေါ်ခဲ့ရာ မြစ်ကမ်းပါးနှင့် နီးစပ်လျက်ရှိသည့် လူနေအိမ် ငါးလုံးအား ဇူလိုင် ၁၄ ရက်နှင့် ၁၆ ရက်တို့တွင် ဘေးလွတ်ကင်းရာ နီးစပ်ရာ ဆွေမျိုးများအိမ်ဝင်းသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ထိုသို့ ပြောင်းရွှေ့ခဲ့ရသော လူနေအိမ်ငါးလုံးမှ အိမ်ထောင်စု ငါးစုအတွက် တိုင်းဒေသကြီး သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းထွန်းမြင့်၊ အတွင်းရေးမှူး ဦးထွန်းထွန်းမြင့်နှင့် အဖွဲ့ဝင်များက ဇူလိုင် ၁၈ ရက် နံနက် ၁၁ နာရီတွင် ထမင်းဆိုင်ကျေးရွာသို့ ရောက်ရှိပြီး အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ်ငါးသောင်းနှုန်းဖြင့် အိမ်ထောင်စု ငါးစုအတွက် ထောက်ပံ့ငွေကျပ်နှစ်သိန်းငါးသောင်းနှင့် အဝတ်အထည်(ကျား၊ မ) အစုံ ၂၀၀၊ ပန်းကန် (ဆိုက်စုံ) တစ်ဖာတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

---

**ထီးချိုင့်**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်းရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ ရွှေစည်းခုံရေဘေးကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၂၁ စုအတွက် Family Kit ၂၁ ထုပ်နှင့် လူဦးရေ ၁၀၀ အတွက် ငွေကျပ်၂၁၀၀၀၀ ကိုလည်းကောင်း၊ ကျောက်စေတီဘုန်းတော်ကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၁၁ စု အတွက် Family Kit ၁၁ ထုပ်နှင့် လူဦးရေ ၅၇ ဦးအတွက် ငွေကျပ် ၁၁၉၇၀၀ ကိုလည်းကောင်း၊ မြတောင်ကျေးရွာရေဘေးရှောင်ကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၅၉ စု လူဦးရေ ၂၉၂ ဦးအတွက် ငွေကျပ် ၆၁၃၂၀၀ စုစုပေါင်းကယ်ဆယ်ရေးစခန်းသုံးခုအတွက် ငွေကျပ် ၉၄၂၉၀၀နှင့် Family Kit ၈၈ထုပ်တို့အား စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးစဝ်လီဖရန့်၊ ကသာခရိုင် ဦးစီးအရာရှိ ဦးသန့် ဇော်မောင်၊ ထီးချိုင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဘဝင်းနှင့် တာဝန် ရှိသူများမှရေဘေးသင့်ပြည်သူများအား လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲလင်းထွန်း(ပြန်/ဆက်)**

# ချောင်းဆုံမြို့၌ ရက်ကန်းစင်များ ပြန်လည်ခေတ်စားလာသော်လည်းရက်ကန်းသည်များရှားပါးလာ

**ချောင်းဆုံ ဇူလိုင် ၂၀**
မြန်မာ့ရိုးရာရက်ကန်းများကိုယခင်ကကျေးလက်တောရွာများတွင် ရေးအစဉ်အလာမပျက် ရက်လုပ်ခဲ့ရာမှ ယခုအခါလက်ရက်ကန်းရက်လုပ်ခြင်းလုပ်ငန်းသည် ကျေးလက်ဒေသများတွင် တစ်နိုင်တစ်ပိုင်စီးပွားရေးတစ်ခုအနေဖြင့်သာကျန်ရှိနေပြီး မွန်ပြည်နယ် ချောင်းဆုံမြို့နယ် တိုးချဲ့ရပ်ကွက်နှင့် ကုလားဘီကျေးရွာတို့တွင် ရိုးရာရက်ကန်းအထည်များ ရက်လုပ်ခြင်းကို ခေတ်နှင့်အညီ ဆက်လက်လုပ်ကိုင်လျက် ရှိနေကြောင်း သိရသည်။

"ရက်ကန်းလုပ်ငန်းကိုလုပ်ကိုင်တာကတော့ ခြောက်နှစ်၊ ခုနစ်နှစ်လောက်ရှိပါပြီ။ ကိုယ်ပိုင် စီးပွားရေးတစ်ခုအဖြစ်တော့ လုပ်ကိုင်နေပါတယ်။ အများဆုံးရက်လုပ်တာကတော့ ကရင်ရိုးရာအင်္ကျီတွေနဲ့ ထဘီတွေကိုရက်လုပ်တယ်။ ရက်ကန်းစင်တွေကို တခြားရွာတွေကိုပေးပြီး လက်ခွဲအနေနဲ့ လုပ်ကိုင်နေတာလည်းရှိပါတယ်။ ချည်တွေကိုတော့ မော်လမြိုင်ကနေပြီးမှာယူတာဖြစ်ပါတယ်။ တစ်နေ့ကိုအထည် ၅၀ ကျော် ၆၀ လောက် ထွက်ရှိပါတယ်"ဟုတိုးချဲ့ရပ်ကွက်နေ ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ ဦးမောင်ငယ်က ပြောသည်။



အဆိုပါရက်ကန်းလုပ်ငန်းရက်လုပ်ရာတွင် ချည်၂၂ ထုံးပါတစ်ထုပ်တွင် အထည် ၂ ထည် ထွက်ရှိသည်။ ထွက်ရှိသည့် ချည်ထည်များကို ကိုယ်တိုင်အထည်ချုပ်ပြီး ၁၂ ထည် တစ်ထုပ်ပါ အတွဲများဖြင့် မြဝတီ မဲဆောက်သို့ ထုပ်ပိုးရောင်းချလျက်ရှိရာ အပြင် ပေါက်စျေးတစ်ထည်လျှင် ကျပ် ၆၅၀၀၊ ၇၀၀၀ ရှိကြောင်း သိရသည်။

"ရက်ကန်းရက်လုပ်ရာမှာတော့ အဆင့်တွေကတော့အများကြီးပဲရှိပါတယ်။ အထည်ပုံစံတွေမတူဖို့နဲ့ ဝယ်သူတွေ စိတ်ကြိုက်ဖြစ်ဖို့ကတော့ ချည်တွေကိုဆေးဆိုးတာ၊ ချုပ်တာတွေကိုတော့ ကိုယ်တိုင်လုပ်ပါတယ်။ တခြားမလုပ်နိုင်တဲ့အစိတ်အပိုင်းတွေကိုကျတော့ အခကြေးငွေပေးပြီး လုပ်ရတာတွေလည်းရှိတယ်။ ခုခေတ်မှာ ကရက်ကန်းလုပ်တဲ့ ရက်ကန်းသည်တွေကလည်း ရှားလာတယ် သိပ်မလုပ်ချင်ကြဘူး။ ရက်လုပ်တဲ့သူတွေကိုတော့ တစ်ထည်ကို ကျပ် ၃၀၀၊ ၄၀၀ နဲ့ အထည်ကျပေးပါတယ်၊ ရက်ကန်းစင်ကတော့ ၁၁ စင် ရှိပါတယ်။ ရက်ကန်းရက်လုပ်သူတွေရဲ့ အိမ်တွေမှာ ထားပေးထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါရက်ကန်းရက်လုပ်ငန်းများကိုယခုအခါတွင် လက်ရက်ကန်းလုပ်ငန်းအပြင် စက်ဖြင့် ရက်သည့် ရက်ကန်းစင်များပါထွက်ရှိလာသည်။ ယခုအခါ လက်ရက်ကန်းများလုပ်ကိုင်သူမှာ အနည်းငယ်သာကျန်ရှိနေပြီးပွဲတော်ရက်များတွင် မသိုးသက်န်းရက်ကန်းရက်ပြိုင်ပွဲများကိုသာ တွေ့ရှိနေရသည်။

"ရက်ကန်းရက်လုပ်တာကဒီခေတ်လူငယ်တွေက သိပ်စိတ်မဝင်စားကြတော့ဘူး။ ရက်ကန်းစင်တွေလည်းသိပ်မရှိကြတော့ဘူး၊ နောက်ပြီး ပိတ်စတွေကလည်း အလွယ်တကူဝယ်လို့ရတာဖြစ်တော့ သိပ်မလုပ်ချင်ကြဘူး။ ရက်ကန်းလုပ်တာကတော့ တစ်နေ့လုံးရက်လုပ် ရင် ၁၀ ထည်၊ ၁၂ ထည် လောက်တော့ရပါတယ်။ တစ်နေ့ကို နေ့တွက် အနေနဲ့ ကျပ် ၅၀၀၀ ၊ ၆၀၀၀ တော့ရပါတယ်"ဟု ရက်ကန်းရက်လုပ်သူတစ်ဦးက ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

# မိုင်းပန်မြို့နယ် ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**မိုင်းပန် ဇူလိုင် ၂၀**
ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် မြို့နယ်အားကစားကွင်းအတွင်း၌ ယနေ့ နံနက် ၈ နာရီက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အသက်(၁၁) နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အလက(ခွဲ) မြို့မ အသင်းနှင့် ဝိုးလိုင်းကျောင်းမိသားစုအသင်းတို့ စတင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**ကိုဆန်း (မိုင်းပန်)**

# ကျောင်းသား ကျောင်းသူများအား ငလျင်ဘေး သရုပ်ပြလေ့ကျင့်

**နေပြည်တော် ဇူလိုင် ၂၀**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် မီးသတ်ဦးစီးဌာနမှ ငလျင်ဘေးသရုပ်ပြလေ့ကျင့်မှုကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် ခေသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၇) အထကတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကိုဦး၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်ကျော်နှင့် ရှာဖွေကယ်ဆယ်ရေးတပ်စု(၁)ဖြစ်သော တပ်ဖွဲ့ဝင် ၃၅ ဦးမှ ငလျင်ဘေး သရုပ်ပြလေ့ကျင့်ရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ရီနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်လှိုင်သင်း(နေပြည်တော်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
# ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ၂၀၁၉-၂၀၂၀ပညာသင်နှစ်အတွက် အောက်ဖော်ပြပါရေကြောင်းဘက်ဆိုင်ရာအင်ဂျင်နီယာဘွဲ့နှင့် ရေကြောင်းသိပ္ပံပညာ(ဂုဏ်ထူး)ဘွဲ့သင်တန်းများကို ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်-

| | ဖွင့်လှစ်မည့်သင်တန်း | | သင်တန်းကာလ |
|---|---|---|---|
| (က) | B.E.(NA) | အင်ဂျင်နီယာဘွဲ့(ရေယာဉ်တည်ဆောက်မှု)<br>Bachelor of Engineering(Naval Architecture) | (၅)နှစ် |
| (ခ) | B.E.(MM) | အင်ဂျင်နီယာဘွဲ့(ရေကြောင်းစက်မှု)<br>Bachelor of Engineering(Marine Mechanical) | (၅)နှစ် |
| (ဂ) | B.E.(ME) | အင်ဂျင်နီယာဘွဲ့(ရေကြောင်းအင်ဂျင်နီယာ)<br>Bachelor of Engineering(Marine Engineering) | (၅)နှစ် |
| (ဃ) | B.E(PH) | အင်ဂျင်နီယာဘွဲ့(ဆိပ်ကမ်းအင်ဂျင်နီယာ)<br>Bachelor of Engineering(Port and harbour Engineering) | (၅)နှစ် |
| (င) | B.E(RC) | အင်ဂျင်နီယာဘွဲ့(မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာ)<br>Bachelor of Engineering(River and Coastal Engineering) | (၅)နှစ် |
| (စ) | B.E(MESE) | အင်ဂျင်နီယာဘွဲ့(ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရွန်နစ်)<br>Bachelor of Engineering(Marine Electrical Systems & Electronics) | (၅)နှစ် |
| (ဆ) | B.Sc(Hons;) (NS) | သိပ္ပံဂုဏ်ထူးဘွဲ့(ရေကြောင်းသိပ္ပံ)<br>Bachelor of Science(Honours)(Nautical Science) | (၅)နှစ် |

၂။ အထက်ဖော်ပြပါအင်ဂျင်နီယာဘွဲ့သင်တန်းနှင့် သိပ္ပံ(ဂုဏ်ထူး)ဘွဲ့သင်တန်းအားလုံးအတွက် သင်တန်းကာလမှာ (၅) နှစ်ဖြစ်ပြီး သင်တန်းကာလ (၅)နှစ်လုံး ပြီးစီးအောင်မြင်သည့်အခါ B.E ဘွဲ့/B.Sc(Hons;) ဘွဲ့တို့ကို တိုက်ရိုက်အပ်နှင်းချီးမြှင့်မည်ဖြစ်ပါသည်။

၃။ စုစုပေါင်းကျောင်းသား၊ ကျောင်းသူဦးရေ(၄၀၀)ဦးအထိသာ လက်ခံမည်ဖြစ်ပြီး လုပ်ငန်းသဘောသဘာဝအရ အမျိုးသမီးဦးရေ (၂၀)ရာခိုင်နှုန်းအထိသာ လက်ခံနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ၂၀၁၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စုစုပေါင်းရမှတ် ၄၇၀နှင့်အထက်ရရှိပြီး အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူနှင့် ၎င်း၏မိဘ (၂)ဦးစလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)၊(ပြု)၊(ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။
(ခ) ကျန်းမာရေး(က)အဆင့်ရှိရမည်။
(ဂ) အမျိုးသမီးများသည် Marine Engineering နှင့် Nautical Science ဘာသာရပ်များမှလွဲ၍ အခြားဘာသာရပ်များကို လျှောက်ထားခွင့်ရှိသည်။
(ဃ) သင်တန်းတက်ရောက်ခွင့်မပြုမီ မှန်ကန်စွာအရောင်ခွဲခြားနိုင်မှုစွမ်းရည်ရှိရမည်။ Nautical Science ဘာသာရပ်အတွက် မျက်မှန်တပ်ဆင်သူများလျှောက်ထားခွင့်မရှိ။
(င) ၂၀၁၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူများသာ လျှောက်ထားခွင့်ရှိပါသည်-
 (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘောဂဗေဒ
 (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ
 (၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ပထဝီဝင်
(စ) လူတွေ့စစ်ဆေးခြင်းခံရမည်။
(ဆ) ပညာသင်ကာလအတွင်း Workshop Skills၊ သတ်မှတ်ထားသော ပင်လယ်ပြင်လုပ်သက်နှင့်တက္ကသိုလ်ပြင်ပတွင် တက်ရောက်ရမည့် အခြားသင်တန်းများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၅။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ၂၀၁၉-၂၀၂၀ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံကို ၂၂-၇-၂၀၁၉ရက်(တနင်္လာနေ့)မှစတင်၍ တက္ကသိုလ်၏ Website www.mmu.edu.mm မှလည်းကောင်း၊ ကျောင်းသားရေးရာဌာနမှလည်းကောင်းရယူပြီး စာတိုက်မှဖြစ်စေ၊ ကျောင်းသားရေးရာဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ စာရွက်စာတမ်းအပြည့်အစုံ(ဓာတ်ပုံ-၄ပုံ၊ အမှတ်စာရင်းမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ)တို့ဖြင့် လျှောက်ထားရမည်။ ပြည့်စုံခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်ထားခြင်းကို ၂၂-၇-၂၀၁၉ရက် (တနင်္လာနေ့)မှ ၃၀-၈-၂၀၁၉ရက် (သောကြာနေ့)အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၇။ ဝင်ခွင့်လျှောက်လွှာများတွင်ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ တက္ကသိုလ်ဝင်ခွင့်အတွက်လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၁၆-၉-၂၀၁၉ရက်(တနင်္လာနေ့)တွင်ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၎င်းရက်တွင် ကျန်းမာရေးစစ်ဆေးမည့်ရက်၊ မျက်စိစမ်းသပ်စစ်ဆေးမည့်ရက်နှင့် လူတွေ့ဖြေဆိုရမည့်ရက်များကို ဝင်ခွင့်အမှတ်စဉ်အလိုက် ကြေညာပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www.mmu.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၉။ ဝင်ခွင့်လျှောက်လွှာများကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်၊ သီလဝါ၊ စာတိုက်သင်္ကေတ-၁၁၂၉၃ သို့ တိုက်ရိုက်လျှောက်ထားရမည်။

(အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၉-၄၅၈၁၃၈၀၇၇၊ ၀၉-၇၉၈၁၈၄၃၃၂တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။)

**တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

စုစုပေါင်းရမှတ်------

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## ၂၀၁၉-၂၀၂၀ ပညာသင်နှစ်
## ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံကပ်ရန် (သုံးပုံပူးတွဲ)

| | ကျောင်းသား/ကျောင်းသူ | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|---|
| ၁။ အမည် | | | |
| ၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | | | |
| ၃။ လူမျိုး | | | |
| ၄။ ကိုးကွယ်သည့်ဘာသာ | | | |
| ၅။ မွေးသက္ကရာဇ် (တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်တောင်းစဉ်အတိုင်း) | | | |

| | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|
| ၆။ မိဘအလုပ်အကိုင်/ရာထူး/ဌာန | | |
| ၇။ မိဘနေရပ်လိပ်စာနှင့်ဖုန်းနံပါတ် | | |

၈။ ဝင်ခွင့်လျှောက်ထားသူ၏ ------------------------------------------------
ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ် ------------------------------------------------

၉။ အောင်မြင်ခဲ့သည့်တက္ကသိုလ်ဝင်စာမေးပွဲနှင့်ရမှတ်များ
အောင်မြင်ခဲ့သည့်ဘာသာတွဲ

| သင်ယူခဲ့သည့်ဘာသာရပ်များ | စာမေးပွဲရမှတ် |
|---|---|
| မြန်မာစာ | |
| အင်္ဂလိပ်စာ | |
| သင်္ချာ | |
| | |
| | |
| | |
| **စုစုပေါင်းရမှတ်** | |

ခုံအမှတ်----------------------
ခုနှစ်------------------------
စာစစ်ဌာန----------------------
မြို့နယ်----------------------
ပြည်နယ်/----------------------
တိုင်းဒေသကြီး-----------------

**အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်၊**

**မိဘ/အုပ်ထိန်းသူလက်မှတ်**
လက်မှတ် ------------------
အမည် ------------------
ရက်စွဲ ------------------

**လျှောက်ထားသူ**
လက်မှတ် ------------------
အမည် ------------------
ရက်စွဲ ------------------


### အမည်ပြည့်စွက်ခေါ်ဆိုပါရန်

တာမွေမြို့နယ်နေ ဦးခန့်ရွှေ၏သား ဦးမြတ်လင်း ၉/တကန(နိုင်)၁၂၆၆၆၆ အား ဦးမြတ်လင်းသန့်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။
**ဦးမြတ်လင်းသန့်**

### ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်း(F) မှ မထက်ထက်ဝေဖြိုးနှင့် ပဉ္စမတန်း (A)မှ မင်းသန့်ဇော်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးရှင်း ၁၀/မဒန(နိုင်)၁၂၀၂၇၃ ဖြစ်ပါကြောင်း။
**ဦးရှင်း**

### ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ခန့်မင်း ကျောင်းဝင်အမှတ် KA-၁၁၈၅ ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးအောင်ဘန်း ၆/ကစန(နိုင်)၀၈၀၆၇၄ ဖြစ်ပါကြောင်း။ **ဦးအောင်ဘန်း**

### ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အထက(ပန်းဒလဲ) အဋ္ဌမတန်းမှ မောင်ဇော်မျိုးထက်၏ ဖခင်ဦးစိုးကြီး၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစိုးညွန့် ၆/ကသန(နိုင်)၀၄၂၆၉၃ ဖြစ်ပါကြောင်း။ **ဦးစိုးညွန့်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကွဲခြံရွာနေ အထက-၁(ထားဝယ်)၊ နဝမတန်းမှ မဖြိုးအိငြိမ်း၏ဖခင် ဦးဘထန်နှင့်ဦးသံလက်သီး ၆/သရခ(နိုင်)၀၃၈၀၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဘထန်(ခ)ဦးသံလက်သီး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၇၆၁၆၀ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ကသစ်ဆန်း မွန်းစတားကုမ္ပဏီက(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၂၂၈၆၃ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ကသစ်ဆန်း မွန်းစတားကုမ္ပဏီက(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**


## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## မဟာဘွဲ့သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
# ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၁၉-၂၀၂၀) ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့်အောက်ပါမဟာဘွဲ့သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
- ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ (Master of Banking and Finance -MBF)

၂။ အဆိုပါမဟာဘွဲ့သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်သည်။
(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) ဘဏ်လုပ်ငန်း(သို့) ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင်(အလယ်အလတ်အဆင့်စီမံခန့်ခွဲမှု)၊ အတွေ့အကြုံ(လုပ်သက်)အနည်းဆုံး (၂)နှစ်ရှိသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူမဖြစ်စေရ။
(ဃ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်၊ စာတမ်းများနှင့် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အခန်း (၁၀၃/၂၀၆)တွင် ၂၂-၇-၂၀၁၈ရက် (တနင်္လာနေ့)မှစတင်ရယူပြီး ၂၅-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့)အထိ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၉ခုနှစ် စက်တင်ဘာ ၁ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၌ ကျင်းပမည်။

၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ၊ လုပ်သက်၊ ထောက်ခံချက်၊ မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍လက်ခံမည်။

၇။ သင်တန်းနှင့်ပတ်သက်၍ ဖုန်း-၀၁-၅၂၆၆၁၃ (သင်တန်းရေးရာဌာန) ဖုန်း-၀၁-၅၁၃၄၅၇ (MBF ရုံးခန်း) ဖုန်း-၀၁-၅၁၃၅၇၆ (ဝါဏိဇ္ဇဗေဒဌာနရုံးခန်း) တို့တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး-သင်တန်းရေးရာ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## မြန်မာ့သစ်လုပ်ငန်း
## သစ်ထုတ်ရေးဌာန၊ မကွေးတိုင်းဒေသကြီး
## အသုံးမပြုတော့သည့်သုံးစွဲပြီး တာယာ/ဘက်ထရီ/ပီပါအဟောင်းများ
# ရောင်းချရန်ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၊ ဒုတိယအထွေထွေမန်နေဂျာရုံး မကွေးတိုင်းဒေသကြီး အုပ်ချုပ်မှုအောက်တွင် သုံးစွဲပြီး တာယာဆိုဒ်စုံ၊ ဘက်ထရီဆိုဒ်စုံ၊ ပေပါအဟောင်းများကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ပစ္စည်း**

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် | တည်နေရာ |
|---|---|---|---|
| ၁။ | တာယာ/ဘက်ထရီ | ၁၉/၃၇ | ဒုတိယအထွေထွေမန်နေဂျာရုံးဝင်း၊ မကွေးမြို့ |
| ၂။ | တာယာ/ဘက်ထရီ | ၁၄၀/၃၈ | ဂန့်ဂေါသစ်ထုတ်ရေးဒေသ၊ ယန္တရားဝင်း၊ ဂန့်ဂေါမြို့ |
| ၃။ | ပီပါ | ၂၀၄ | ပခုက္ကူ(ထောက်ပို့)နယ်ရုံး၊ ပခုက္ကူမြို့ |
| ၄။ | တာယာ/ဘက်ထရီ | ၂၇၇/၁၀၄ | မင်းဘူးသစ်ထုတ်ရေးဒေသ ယန္တရားဝင်း၊ မင်းဘူးမြို့ |
| ၅။ | တာယာ/ဘက်ထရီ | ၁၀၀/၄၅ | သရက်သစ်ထုတ်ရေးဒေသ၊ သရက်မြို့၊တောင်တွင်းကြီးမြို့၊ အောင်လံမြို့ |

(ခ) **ရောင်းချမည့်ရက်နှင့်အချိန်** ၇-၈-၂၀၁၉ရက် နံနက် ၁၀နာရီ

(ဂ) **ရောင်းချမည့်နေရာ** ဒုတိယအထွေထွေမန်နေဂျာရုံး သစ်ထုတ်ရေးဌာန၊မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

၂။ ဈေးပြိုင်လေလံစည်းကမ်းချက်များကို အထက်ပါရောင်းချမည့်နေရာရုံးတွင် ၆-၈-၂၀၁၉ ရက်အထိ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၃၀၄၈နှင့် ၀၉-၅၁၆၆၈၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဟောင်းများ လေလံရောင်းချရေးကော်မတီ**

## ရန်ကုန်ဘတ်(စ်)ကား အများနှင့်သက်ဆိုင်သော
## ကုမ္ပဏီလီမိတက်လုပ်ငန်းများ ဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

၁။ ကုမ္ပဏီ၏ ခရီးသည်တင် City Bus များကို Preventive Maintenance နှင့် ရေဆေးသန့်ရှင်းရေးပြုလုပ်ခြင်းလုပ်ငန်းများကို အပ်နှံဆောင်ရွက်လိုပါသည်။

၂။ ဆောင်ရွက်နိုင်မည့်လုပ်ငန်းရှင်များအား ၂၆-၇-၂၀၁၉ ရက် နောက်ဆုံးထားဆက်သွယ်လျှောက်ထားကြရန် ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း -၀၉-၉၇၇၄၀၇၈၀၁၊ ၀၉-၉၇၇၄၀၇၇၇၁၊ ၀၉-၉၇၇၄၀၇၇၉၀**

**စိစစ်ရွေးချယ်ရေးအဖွဲ့**

## ကုန်အမှတ်တံဆိပ် Logo အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂၁)၌ ထုတ်လုပ်မည့် ပြည့်လျှံသဘာဝအဆင့်မြင့် အာလူးကြော် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား Logo အား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးစိန်ဝင်း ၆/တဝန(နိုင်)၀၀၀၅၄၉**
**ရပ်ကွက်ကြီး(၂၁)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၉၅၀၀၀၄၃၈၅**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်စေတနာ(က)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၆၄၇-အလယ်ရပ်)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ ၀ဒသမ ၀၆၀ဧကရှိမြေကွက်ကို ဦးကျော်ရင် ၈/ဗဟန(နိုင်)၀၂၁၀၃၅ထံမှ ဦးသန်းမြ ၈/မကန(နိုင်)၁၂၀၃၉၂မှ ဝယ်ယူပြီး ၎င်းအမည်ဖြင့် မြေဂရန်အသစ် ဤရုံးသို့လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။
**ကော်လိတ်တော်အရာရှိ၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၃၅၂၉၃ Honda Scoopy 110M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ကြူကြူစန်း ၉/မဟမ(နိုင်)၀၄၆၂၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ရင်

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း၊ 19-B နေ (ဦးထွန်းကြိုင်-ဒေါ်ညွန့်ခင်)တို့၏သမီး၊ (ဦးမြစိုးအောင်)၏ဇနီး၊ (ဦးကြီးမြင့်-ဒေါ်ခင်အေးကြူ)၊ (ဦးငွေသိမ်း)-ဒေါ်ငြိမ်းငြိမ်းမေတို့၏အစ်မ၊ ဦးကံဌေး-ဒေါ်တင်တင်ချို၊ ဒေါ်စိုးစိုးဝင်း၊ ဒေါ်ခင်ခင်စိုး၊ ဦးဝဏ္ဏ-ဒေါ်စိန်အေးတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၇-၂၀၁၉ ရက်(စနေနေ့)မွန်းလွဲ ၂း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး ၍ ၂၆-၇-၂၀၁၉ရက် (သောကြာနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းညွန့် (မိုးကုတ်)

**အသက်(၈၃)နှစ်**

နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်၊ ဦးမင်းသူ-ဒေါ်နန်း(ခ) ဒေါ်ခင်ကြည်ဝင်းတို့၏ ချစ်လှစွာသောမိခင် ဒေါ်သန်းညွန့်(မိုးကုတ်)သည် ၁၉-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးယောဆက်**
**ရွှေလိပ်ပြာမိသားစု**

---

## ဒေါ်ညွန့်ညွန့်

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၆၁၊ အခန်း ၈နေ (ဦး အုန်းတင်)၏ဇနီး၊ ဦးစိုးမိုး(ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန)၊ ဦးတင်အောင်မိုး(ကကငွေ၊ ငြိမ်း)၊ဒေါ်ခင်မိုးသူ(ပ·သ·အ၊ငြိမ်း)တို့၏မိခင်သည် ၂၀-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှရီ အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗဟိုလမ်း(ခိုင်ရွှေဝါ)၊ တိုက်(၄၄/ပထမထပ်)နေ (ဦးပန်းမြိုင်-ဒေါ်ခင်ယုံ)တို့၏သမီး၊ (ဦးထင်ကျော်-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ (ဦးစံလှိုင်)၊ ဒေါ်အုန်းသွယ်၊ (ဦးခင်အေး)၊ (ဦးလှညွန့်)၊ (ဦးမြညွန့်)တို့၏အစ်မ၊ ဦးဝင်းနိုင်-ဒေါ်သန်းသန်းဦး (ဆောက်လုပ်ရေးသင်တန်းကျောင်း၊ သုဝဏ္ဏ)၊ ဗိုလ်မှူးလေးနိုင်(ငြိမ်း)(ရွှေ/ကော်စစ်ကိုင်း)-ဒေါ်သင်းသင်းမောင်(ထ-၂၊အလုံ-မုံရွာ)၊(ဦးလေးနိုင်)၊ ရဲအုပ်မျိုးမြင့်ဦး(ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့)-ဒေါ်ဥမ္မာပြုံး(Golden Owls Convenience Store)၊ ဦးစိုးမောင်-(ဒေါ်မိစံ)၊ ဦးအောင်ကျော်မိုး-ဒေါ်မွေးစံ(ကုန်မာဆိုင်-ကျောက်ပန်းတောင်း)၊ ဦးအောင်အောင်(မြသွေးရွှေရည်ကုန်မာဆိုင်)-ဒေါ်သင်းသင်းထွေး(ရွှေတောင်ကုမ္ပဏီ)တို့၏ချစ်လှစွာသောမိခင်၊ (ဦးဟန်စိန်)၏ဇနီး၊ မြေး၁၅ယောက်တို့၏အဘွားသည် ၂၀-၇-၂၀၁၉ရက်(စနေနေ့)နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီ အထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအေးမောင် (မော်လမြိုင်) B.E Civil

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဆ/ကရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရတနာသီရိလမ်း၊ အမှတ် ၅၉၉နေ (ဦးအောင်သန်း-ဒေါ်သိန်းညွန့်)တို့၏သား၊ဦးအေးမင်းဦး-ဒေါ်စန်းစန်းမြ၊ ဦးတင်အောင်ခိုင်-ဒေါ်နုနုငယ်၊ ဦးသူရမောင်-ဒေါ်မြယဉ်ဝင်းတို့၏ဖခင်၊ (ဒေါ်သောင်းသောင်း)၏ချစ်လှစွာသောခင်ပွန်း၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၀-၇-၂၀၁၉ရက် (စနေနေ့)မွန်းလွဲ ၁း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

သိက္ခာတော်ရဆရာတော်

## ဦးဇေယျာမျိုးထွန်း B.A(Geography)

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၁၉/၄၇ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၁၀၂၃(က)နေ (ဦးPeter ထွန်းအေး-ဒေါ်ခင်စိန်)တို့၏သား၊ ဦးစိန်ရွှေ-ဒေါ်မေဝတီထွန်းထွန်းတို့၏ညီမောင်၊ (ဦးသူရိယရဲထွန်း)၊ ဒေါ်မေသီတာထွန်းထွန်းတို့၏အစ်ကို၊ တူ/တူမလေးယောက်တို့၏ ဦးလေး/ဘကြီးသည် ၁၈-၇-၂၀၁၉ရက် နံနက် ၁၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ပြုလုပ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

[အောက်မေ့ဘွယ် ဝတ်ပြုဆုတောင်းခြင်းအစီအစဉ်ကို ၂၇-၇-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ၁၀၈အေ၊ ရန်ကုန်-အင်းစိန်လမ်း (ခဝဲခြံမှတ်တိုင်နှင့် ဘီပီအိုင်မှတ်တိုင်ကြား)ရှိ ဇဝံဂေလိအသင်းတော်(ကြို့ကုန်း)၌ ပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

စိုက်ပျိုးရေးရုံးချုပ်

ဝန်ထမ်းဟောင်းများအသင်း

## ဦးဖိုးကြည်

မြေအသုံးချရေး(လယ်-စိုက်-ရှင်း)

အသင်းဝင်နံပါတ်(၀၄၄၀)

**အသက်(၈၇)နှစ်**

ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၁)နေ ဦးဖိုးကြည် (အငြိမ်းစား လ/န/စ-ငြိမ်း)သည် ၁၅-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၉ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

ရဟန်းဒါယိကာမကြီး

## ဒေါ်တင့်တင့်

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၃၀၊ အခန်း ၆နေ (ဦးမြမောင်-ဒေါ်မြညို)တို့၏သမီး၊ (ဗိုလ်မှူးသောင်းရွှေ)၏ဇနီး၊ ဦးထွန်းထွန်း(ပုသိမ်)၏ညီမ၊ ဦးဇော်လှိုင်ဦး (Hanworthy Pumps Singapore)-ဒေါ်သက်ထားဝင်း (Singapore Logistics Association)၊ ဒေါက်တာစမ်းသီတာမွန် (NU Med, Malaysia)-ဒေါက်တာညီညီထွန်း (NUH, Singapore) တို့၏မိခင်၊ မောင်ဖွဲ့လင်းသက်ဇော်၊ မောင်မင်း ခန့်ညီတို့၏အဘွားသည် ၁၉-၇-၂၀၁၉ရက် (သောကြာနေ့) ညနေ ၆း၁၀နာရီတွင် Singapore နိုင်ငံ National University Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) တွင် Singapore နိုင်ငံ Mondai Crematorium တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးကျော်တင့် (FMA)

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ်(၅၂၈/ခ)နေ လွတ်တော်ရှေ့နေ (ဦးမောင်ကလေး-ဒေါ်မြမြ) တို့၏သား၊ ဒေါ်မြမြတင့်-ဦးကျော်စွာ၊ ဒေါ်ချိုချိုတင့်-ဦးထွန်းသိန်း၊ ဒေါ်ဖြူဖြူတင့်-ဦးသိန်းနိုင်(ခ)ဦးဘိုဘို၊ ဦးအောင်ကျော်မျိုး-ဒေါ်ဖြိုးပြည့်စုံဝင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်တင်တင်မြ၏ခင်ပွန်းသည် ၁၉-၇-၂၀၁၉ရက် နံနက် ၁၁း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၇- ၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်အေးအေးမော်

(ရမည်းသင်း)

**အသက်(၅၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်၊ မြဝတီလမ်း၊ အမှတ်(၂၄)နေ (ဦးတင်စိန်)-ဒေါ်စန်းငွေတို့၏သမီး၊ ဦးထွန်းဝင်း-ဒေါ်မြင့်မြင့်သန်းတို့၏ချွေးမ၊ ဦးညွန့်ဇော် (ရွှေအိမ်စံတည်းခိုရိပ်သာ၊ ရမည်းသင်း)၏ဇနီးသည် ၂၀-၇-၂၀၁၉ရက် နံနက် ၂း၁၀နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်ဒါယိကာမကြီး

## ဒေါ်စိန်ရီ

မြို့နယ်သူနာပြုဆရာမကြီး(ငြိမ်း)၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၇)ရပ်ကွက်၊ ဗညားဒလလမ်း၊ ခြံအမှတ်(၅၅၁)နေ (ဦးချန်ထိုင်-ဒေါ်တင်အေး)တို့၏သမီး၊ ရေနံချောင်းမြို့နေ(ဦးဘဂျမ်း-ဒေါ်သောင်း)တို့၏သမီးချွေးမ၊ (ဦးအေးသမ်း)၏ဇနီး၊ ဦးရွှေဝင်း-(ဒေါ်နော်ဆာဖော)တို့၏အစ်မ၊ ဒေါ်သွေးသွေးချစ် (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန-နေပြည်တော်)၊ ဦးတင့်လွင်(Raffles Technical Services Pte.Ltd)-ဒေါ်ဦးဦးခိုင်၊ တပ်ကြပ်ကြီးဇော်ဝင်းသိန်း(ရေတပ်ပင်မတိုင်းတာရေးတပ်)-ဒေါ်အေမီသန်း၊ ဦးထွန်းအောင်ကျော်(ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော်၊ စည်ပင်)-ဒေါ်ကေသွယ် (ဦးစီးအရာရှိ၊ နေပြည်တော်စည်ပင်)တို့၏မိခင်၊ မထူးထူးခင်၊ မောင်ကောင်းခန့်ကျော်၊ မောင်ဉာဏ်စဉ်မင်းနိုင်၊ မဝင်းလဲ့ရည်ကျော်၊ မောင်သုတ တင့်လွင်တို့၏အဘွားသည် ၂၀-၇-၂၀၁၉ရက်(စနေနေ့) နံနက် ၆း၂၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)(မင်္ဂလာဒုံ) ၌ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၉ရက်(သောကြာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်စိန်ရီ

မြို့နယ်သူနာပြုဆရာမကြီး(ငြိမ်း)

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်

**အသက်(၈၀)**

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်၏ ချစ်လှစွာသောမိခင် ဒေါ်စိန်ရီ (မြို့နယ်သူနာပြုဆရာမကြီး၊ ငြိမ်း)၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်သည် ၂၀-၇-၂၀၁၉ရက် နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး/ခရိုင်မြို့နယ် စီမံကိန်းဦးစီးရုံး၊**
**ဝန်ထမ်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်စိန်ရီ

မြို့နယ်သူနာပြုဆရာမကြီး(ငြိမ်း)

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်

**အသက်(၈၀)**

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်၏ ချစ်လှစွာသောမိခင် ဒေါ်စိန်ရီ (မြို့နယ်သူနာပြုဆရာမကြီး၊ ငြိမ်း)၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်သည် ၂၀-၇-၂၀၁၉ရက် နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ**
**ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းဦးစီးရုံးများမှ ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စိန်ရီ

**အသက်(၈၀)**

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်၏မိခင် ဒေါ်စိန်ရီသည် ၂၀-၇-၂၀၁၉ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မကွေးတိုင်းဒေသကြီး တိုင်း/ခရိုင်နှင့်မြို့နယ်**
**စီမံကိန်းရုံးမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်စိန်ရီ

မြို့နယ်သူနာပြုဆရာမကြီး(ငြိမ်း)

**အသက်(၈၀)**

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်၏ ချစ်လှစွာသောမိခင် ဒေါ်စိန်ရီ (မြို့နယ်သူနာပြုဆရာမကြီး၊ ငြိမ်း)သည် ၂၀-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်စီမံကိန်းဦးစီးမှူးနှင့်**
**ရှမ်းပြည်နယ်/ပြည်နယ်ခွဲ/ကိုယ်ပိုင်/ခရိုင်နှင့်မြို့နယ်**
**စီမံကိန်းဦးစီးရုံးများမှ ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်စိန်ရီ

မြို့နယ်သူနာပြုဆရာမကြီး(ငြိမ်း)

**အသက်(၈၀)**

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်၏ချစ်လှစွာသောမိခင် ဒေါ်စိန်ရီသည် ၂၀-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးမှူးနှင့်**
**တိုင်းဒေသကြီး/ခရိုင်နှင့်မြို့နယ်စီမံကိန်းဦးစီးရုံးများမှ**
**ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်စိန်ရီ

မြို့နယ်သူနာပြုဆရာမကြီး(ငြိမ်း)

**အသက်(၈၀)**

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်၏ ချစ်လှစွာသောမိခင် ဒေါ်စိန်ရီသည် ၂၀-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးနှင့်**
**ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**တိုင်း/ခရိုင်၊ မြို့နယ်မှ စီမံကိန်းဦးစီးရုံးဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စိန်ရီ

**အသက်(၈၀)**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်၏မိခင် ဒေါ်စိန်ရီသည် ၂၀-၇-၂၀၁၉ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**
**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်

စာရင်းစစ်(ငြိမ်း)၊လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း

**အသက်(၈၀)**

ဦးမြင့်ဇော် (MD,AYA Bank,CEO, Ground Solution)-ဒေါ်နှင်းမိုးလှိုင်တို့၏မိခင် ဒေါ်မြင့်မြင့် အသက်(၈၀)သည် ၂၀၁၉ခုနှစ်၊ ဇူလိုင် ၁၉ရက်(သောကြာနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဒစ်ဂျစ်တယ်ပုံနှိပ်နှင့်**
**ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်

စာရင်းစစ်(ငြိမ်း)၊လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း

**အသက်(၈၀)**

ဦးမြင့်ဇော် (MD,AYA Bank,CEO, Ground Solution)-ဒေါ်နှင်းမိုးလှိုင်တို့၏မိခင် ဒေါ်မြင့်မြင့် အသက်(၈၀)သည် ၂၀၁၉ခုနှစ်၊ ဇူလိုင် ၁၉ရက်(သောကြာနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးမင်းဦး-ဒေါ်ဝတ်ရည်ဝင်း**
**Xenon Company Limited**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးဌေးခိုင် (ဟင်္သာတ-ရှားခဲ)

အောင်သပြေခိုင်ကုမ္ပဏီ၊ ခိုင်မေတ္တာဖောင်ဒေးရှင်း

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ (၅)ရပ်ကွက်၊ ၄၀၁(၄)လမ်း၊ အမှတ်(K-2)နေ (ဦးမြင့်ဆွေ-ဒေါ်ယဉ်ကြည်)တို့၏သား သမက်၊ ဦးအောင်လွင်၊ ဒေါ်ခင်မာဆွေ၊ (ဦးခင်မောင်ဌေး)-ဒေါ်ခင်မာမြင့်၊ ဦးဝင်းဆွေ-ဒေါ်ဝင်းတင်တို့၏ညီ၊ ဦးတင့်ဆွေ-ဒေါ်သစ်သစ်မြင့်၊ ဦးအောင်သိန်း-ဒေါ်မိုးမိုးသန့်တို့၏အစ်ကို၊ ဒေါ်ခင်မာထွေး၏ခင်ပွန်း၊ ကိုထွန်းထွန်းခိုင်၊ ကိုအောင်ထူးခိုင်တို့၏ဖခင်သည် ၁၈-၇-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးမော် (ရမည်းသင်း)

**အသက်(၅၀)**

ဦးညွန့်ဇော် (B.Sc Chemistry) (ရွှေအိမ်စံတည်းခိုရိပ်သာ၊ ရမည်းသင်း)၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးမော်သည် ၂၀-၇-၂၀၁၉ ရက်တွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄-၈၈(၉၁) ရန်ကုန်တက္ကသိုလ်ဓာတုဗေဒမိသားစု**

---

သင့်သွေးဖြင့် အသက်ကယ်ပါ

## ရာဝတီနှင့်ဒုဋ္ဌဝတီ မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်များမှ နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မန္တလေးမြို့ စစ်ကိုင်းမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## MNL ပွဲစဉ် (၁၇) တွင် မကွေး၊ ရန်ကုန်နှင့် ဟံသာဝတီ နိုင်ပွဲရရှိ

**ရန်ကုန် ဇူလိုင် ၂၀**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ မကွေး၊ ရန်ကုန်နှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက စစ်ကိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး တန်းဆင်းဇုန်မှ လွတ်ရန် အခြေအနေကောင်းသွားခဲ့သည်။ စစ်ကိုင်းအသင်းသည် ပထမအကျော့ အိမ်ကွင်းပွဲတွင် ဂိုးပြတ်ရှုံးခဲ့သလို ယခုပွဲတွင်လည်း ထပ်မံရှုံးနိမ့်ခဲ့သောကြောင့် နှစ်ကျော့စလုံး အရှုံးပေးခဲ့ရသည်။

အမှတ်လိုနေသည့် မကွေးအသင်းနှင့် ရှုံးပွဲဆက်နေသည့် စစ်ကိုင်းအသင်းတို့ တွေ့ဆုံသောကြောင့် နှစ်သင်းစလုံး အမှတ်ရရန် ကြိုးပမ်းခဲ့ပြီး လူစုံထုတ်ကစားခဲ့သည်။ ပုံစံကောင်း ရနေသည့်

စာမျက်နှာ ၁၂ ကော်လံ ၁ ❐




မကွေးနှင့် စစ်ကိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MNL

## ၂၀၁၉ အာဖရိကဖလား အယ်လ်ဂျီးရီးယားတို့ ဒုတိယအကြိမ် ဆွတ်ခူး

**ကိုင်ရို ဇူလိုင် ၂၀**

အီဂျစ်နိုင်ငံတွင် ကျင်းပသည့် ၂၀၁၉ အာဖရိကဖလား ဖိုလ်လုပွဲကြီးကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ကိုင်ရိုမြို့ ကိုင်ရိုအင်တာနေရှင်နယ်ကွင်းကြီးတွင် ဆီနီဂေါနှင့် အယ်လ်ဂျီးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် အယ်လ်ဂျီးရီးယားအသင်းအနိုင်ရရှိခဲ့ပြီး အာဖရိကဖလားကို ဒုတိယအကြိမ် ဆွတ်ခူးခဲ့သည်။

ယင်းပွဲတွင် ဆီနီဂေါအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး အယ်လ်ဂျီးရီးယားက ၄-၁-၄-၁ ပုံစံဖြင့်

စာမျက်နှာ ၁၂ ကော်လံ ၁ ✻




အာဖရိကဖလား ဆွတ်ခူးရရှိသည့် အယ်လ်ဂျီးရီးယား အသင်းသားများ အောင်ပွဲခံနေစဉ်။

## သပိတ်ကျင်း၊ စဉ့်ကိုင်နှင့် စဉ့်ကူးမြို့နယ်တို့တွင် ဧရာဝတီမြစ်ရေတက်မှုကြောင့် အိမ်ထောင်စု ၃၀၀ ကျော် ရေဘေးသင့်

စာမျက်နှာ - ၁၁

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စာမျက်နှာ - ၁၃

## ရင်သွေးကမ္ဘာ



စာမျက်နှာ - ၁၇

